မြဝတီ နေ့စဉ်
သတင်းထူးပြီးမှန်ရမည်၊ သတင်းဦးပြီးမြန်ရမည် မြဝတီမှမြဝတီ

မြတ်ဗုဒ္ဓ၏ အဆုံးအမ တရား

နေ့ရောညဉ့်ပါ အခါခပ်သိမ်း
မေတ္တာတရား ပွားများခြင်းၦ
မွေ့လျော်သောစိတ်ရှိကုန်သော
မြတ်စွာဘုရား၏တပည့်တို့သည်
အခါခပ်သိမ်း တရားမှန်ကို
သိကုန်၏။

ဓမ္မပဒ

ဒိုတာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

■ www.myawady.net.mm
■ E-mail:mwddailynewspapergroup@gmail.com
■ အတွဲ(၁၆)၊ အမှတ်(၁၆၉)
■ ၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၄ ရက်၊ တနင်္ဂနွေနေ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မြို့ပြအဂ်ိုရပ်နှင့်အညီဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်နေမှုများ လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော်ကောင်စီနယ်မြေအား မြို့တော်အဂ်ိုရပ်နှင့်အညီ ခေတ်မီပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်သော မြို့ပြတစ်ခုအဖြစ်ပေါ်ထွန်းလာစေရေး ဘက်ပေါင်းစုံမှ စဉ်းစားလျာထားဆောင်ရွက်





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နေပြည်တော် ပြည်သူ့ရင်ပြင် တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် အောက်တိုဘာ ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဒုတိယသမ္မတ ဦးညီစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီနှင့်ဦးမျိုးသန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မြို့ပြအဂ်ိုရပ်နှင့်အညီဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၅ ကော်လံ ၁ ★

ဆောင်းပါး

အယ်လ်နီညိုကိုရင်ဆိုင်ဖို့ တောင်သူလယ်သမားတွေပြင်ဆင်စို့

စာ - ၁၂ သို့

တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်မှုဖြစ်ပွားခဲ့သည့်နေရာများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအား အင်တိုက်အားတိုက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၃

မြန်မာနိုင်ငံအတွင်းဖြတ်ကျော်ဝင်ရောက်ခဲ့သည့်ကုန်းတွင်းမုန်တိုင်းငယ်(Land Depression) ကြောင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း စက်တင်ဘာလ ၂၆ ရက် ညနေပိုင်းမှစ၍ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုဖြစ်ပေါ်၍ မြို့နယ်အချို့တွင် မြစ်ရေဝင်ရောက်မှုဖြစ်ပွားခဲ့သည့်အပြင် ထားဝယ်-မြိတ်-တနင်္သာရီ - ဘုတ်ပြင်း-ကော့သောင်း ပြည်ထောင်စု

စာမျက်နှာ ၁၅ ကော်လံ ၁ ➤



ထားဝယ်- လောင်းလုံးမြို့လမ်းတစ်လျှောက်ရှိ လမ်းပေါ်သို့ ပြိုကျနေသောမြေကြီးများအား စက်ယန္တရားများအသုံးပြု၍ ဖယ်ရှားရှင်းလင်းပေးစဉ်။

လေးမျက်နှာမြို့နယ်အတွင်း ရေပြန်လည်ကျဆင်းသွားပြီဖြစ်သည့်အတွက် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်

ပုသိမ် အောက်တိုဘာ ၃

ဧရာဝတီတိုင်းဒေသကြီး၊ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်ရှိ ဝဝန်တာဇ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းပြီး တာတမံနိမ့်ကျမှု ဖြစ်ပွားကာ ရေကျော်စီးဝင်ခဲ့သဖြင့် အခြေခံပညာကျောင်းများ ယာယီပိတ်ထားခဲ့ရာ ယခုအခါ ရေပြန်လည်

စာမျက်နှာ ၇ ကော်လံ ၁ ➤



နေရာကွက်၍ မိုးကြိုးနိုင်

၃-၁၀-၂၀၂၆

မနက်ဖြန်နံနက်အထိခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့်ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **(မိုး/၈လ)**

အယ်ဒီတာ့အာဘော်

၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၄ ရက်

အားကစားသမားကောင်းစိတ်ဓာတ်ဖြင့်

မြန်မာနိုင်ငံတွင် ရှေးဘုရင်များ အုပ်စိုးစဉ်အခါကပင် အားကစားနှင့် ပတ်သက်၍ လှေသဘင်ပွဲ၊ မြင်းခင်းသဘင်ပွဲများ ကျင်းပခဲ့သည့်အစဉ်အလာများရှိခဲ့သည်ကို ၁၂ လရာသီပွဲတော်မှတ်တမ်းများအရသိရသည်။ ဘာသာရေး၊ အမျိုးသားရေး၊ ရိုးရာယဉ်ကျေးမှုစသည့် အထိမ်းအမှတ်ပွဲတော်များကို ၁၂ ရာသီပတ်လုံး ကျင်းပခဲ့ကြသလို လှေသဘင်ပွဲနှင့် မြင်းခင်းသဘင်ပွဲမှတစ်ဆင့် တိုင်းပြည်ကာကွယ်ရေးအတွက် လိုအပ်သည့် စစ်သည်ရဲမက်သူရဲကောင်းရွေးချယ်ခြင်းများကိုလည်း ပြုလုပ်ခဲ့ကြသည်။ တစ်နည်းအားဖြင့် ဥဏ္ဍာပေါင်းစပ်ထားသည့် ကာယအားပြုအားကစားပြိုင်ပွဲများသည် နိုင်ငံတော်ကာကွယ်ရေးကို အထောက်အကူပြုစေရန်ဖြစ်သည်။

တပ်မတော်အနေဖြင့်လည်း နှစ်စဉ်နှစ်တိုင်းအားကစားပြိုင်ပွဲအသီးသီးကို သတ်မှတ်ကာလများတွင် ကျင်းပစေပြီး ထူးချွန်သည့် အားကစားသမားများ ပေါ်ထွန်းလာစေရန် ရှေးအစဉ်အလာများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိသည်။ တပ်ခွဲအဆင့်၊ တပ်ရင်းအဆင့်၊ တပ်မအဆင့်၊ တိုင်းအဆင့်တို့မှတစ်ဆင့် တပ်မတော်ကိုယ်စားပြုအားကစားသမားတစ်ယောက်ဖြစ်လာခြင်းသည် နိုင်ငံ့လက်ရွေးစင်အားကစားသမားတစ်ယောက် ထပ်မံဖြစ်ပေါ်လာစေရန် အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်သည်။ တပ်မတော် (ကြည်း၊ ရေ၊ လေ) လက်ရွေးစင်အားကစားသမားများမှတစ်ဆင့် နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်သည့် မြန်မာ့လက်ရွေးစင်အားကစားသမားများအဖြစ် တက်လှမ်းနိုင်စေရန်နှင့် မျိုးဆက်သစ်လူငယ်အားကစားသမားကောင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ကျင်းပနေခြင်းဖြစ်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် အောက်တိုဘာလ ၂ ရက်က ကျင်းပသည့် ၂၀၂၆ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ အဖွင့်အမှာစကားပြောကြားစဉ် **"မြန်မာ့ အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြုနေသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲအသီးသီးတွင် ယနေ့ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရသည့် အားကစားသမားများသည် သမိုင်းကြောင်းလှပခဲ့သည့် တပ်မတော်အားကစားပုံရိပ်ပြန်လည်မြင့်မားစေရေး အစွမ်းကုန် ယှဉ်ပြိုင်ကစားကြရန်လိုအပ်ကြောင်း။ မိမိအသင်းအတွက် အောင်မြင်မှုရရှိရန် ကြိုးစားသည့်နေရာတွင် အောင်ပွဲရရင်လည်း ပျော်သကဲ့သို့ အရှုံးကိုလည်း လက်ခံနိုင်သူများဖြစ်အောင်ကြိုးစားပြီး အားကစားသမားကောင်းစိတ်ဓာတ်ကိုပြသကြရန်"** ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာ့အားကစားရွေခေတ်ဟုဆိုရမည့် ကာလများမှာလည်း တပ်မတော်သားများပါဝင်ပြီး အောင်မြင်မှုသရဖူဆောင်းခဲ့သည့် မှတ်တမ်းများကိုတွေ့ရှိရမည်ဖြစ်သည်။ အာရှအဆင့်တွက်သာမက ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲများအထိ ဘောလုံး၊ ရေကူး၊ အလေးမ၊ လက်ဝှေ့စသည့်အားကစားနည်းများတွင် နိုင်ငံတော်နှင့် တပ်မတော်၏ဂုဏ်ကိုဆောင်ကြဉ်းခဲ့ရုံသာမက မှတ်တမ်းများတစ်လျှောက် ယနေ့ထက်တိုင်သမိုင်းပုံရိပ်များအဖြစ် ထင်ကျန်နေဆဲဖြစ်သည်။

မြန်မာ့အားကစားကဏ္ဍ တိုးတက်ရေးကို အထောက်အကူပြုနိုင်ရန်အတွက် တပ်မတော်အနေဖြင့် တပ်မတော်ကိုယ်ခံပညာနှင့် အားကစားသိပ္ပံကျောင်းကို ၁၉၉၇-၁၉၉၈ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယနေ့အချိန်ထိလေ့ကျင့်သင်ကြားပေးလျက်ရှိသည်။ စတင်ဖွင့်လှစ်ခဲ့ချိန်မှ ယနေ့ထိတိုင်အောင် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရွေးစင်အားကစားသမားများသာမက မြန်မာ့ဂုဏ်ဆောင်နိုင်ခဲ့သည့် လက်ရွေးစင်အားကစားသမားများကိုပါ မွေးထုတ်နိုင်ခဲ့သည်အထိ အောင်မြင်မှုများရရှိခဲ့သည်။ ထို့ကြောင့် ပြိုင်ပွဲဝင်အားကစားသမားတိုင်းက အားကစားသမားကောင်းစိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်ကြရန် ဖြစ်ပါကြောင်း။ ။

၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

နှစ်(၅၀)ပြည့် ရွှေရတုသဘင်အထိမ်းအမှတ် မဟာတဏ္ဍာလဒါန ဆွမ်းဆန်တော်ရေစက်ချမင်္ဂလာအခမ်းအနားကျင်းပ

ကန့်ဘလူ အောက်တိုဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော် သာသနာ့ဗိမာန်တော်၌ ကန့်ဘလူမလွန်ဆန်လျှုအသင်းနှစ်(၅၀)ပြည့် ရွှေရတုသဘင် အထိမ်းအမှတ် မဟာတဏ္ဍာလဒါန ဆွမ်းဆန်တော်ရေစက်ချ အခမ်းအနားကို အောက်တိုဘာလ ၃ ရက်နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်ဇော်ဦးနှင့်အလှူရှင်များက ဆရာတော်များအား လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာယူကြည်ညို၍ ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း၊ အချိုပွဲများ ဆက်ကပ်လှူဒါန်းကြပြီး တက်ရောက်လာသည့်ဧည့်ပရိသတ်များကိုလည်း ထမင်း၊ ဟင်းများဖြင့် ဧည့်ခံကျွေးမွေးကြကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

စာဖတ်ရှုနိုင်မြင့်မားရေး လူငယ်စကားဝိုင်းကျင်းပ

သထုံ အောက်တိုဘာ ၃

မွန်ပြည်နယ် သထုံမြို့နယ်လိပ်အင်းရပ်ကွက်ရှိ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်းခန်းမ၌ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနနယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှုနိုင်မြင့်မားပြီး အသိပညာဗဟုသုတဖွံ့ဖြိုးစေရေးအတွက် လူငယ်စကားဝိုင်းကို အောက်တိုဘာလ ၃ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလွင်ဦးက လူငယ်စကားဝိုင်းကျင်းပရသည့် ရည်ရွယ်ချက်နှင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာအုပ်၊ စာပေတို့ကို လေ့လာခြင်းဖြင့် အသိပညာများ ဖွံ့ဖြိုးပြီး နိုင်ငံ့သားကောင်းလူငယ်များဖြစ်လာရေး ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း(သထုံ)မှ Grade-11 နှင့် Grade -10 ကျောင်းသား၊ ကျောင်းသူ လေးဦးတို့က လူငယ်နှင့် စာဖတ်ခြင်း၊ လူငယ်နှင့် ကိုယ်ကျင့်တရား၊ လူငယ်နှင့် အားကစား၊ ကျွန်ုပ်အနှစ်သက်ဆုံးစာအုပ် တစ်အုပ်ခေါင်းစဉ်စသည့်အကြောင်း အရာများကို ကျယ်ကျယ်ပြန့်ပြန့် မျှဝေဆွေးနွေးကြရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက ပြန်လည်ဖြည့်စွက်ဆွေးနွေးပေးသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနမှ သိမှတ်ဖွယ်ရာ နံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ တက်ရောက်လာကြသူတို့က စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

MWD Variety Channel

၄-၁၀-၂၀၂၆(တနင်္ဂနွေ)

၁။	၀၉:၂၀	မှတ်သားလေ့လာ အိမ်တွင်းမှုပညာ	၃။	၁၆:၂၀	သုတေသနမှသည်... သမိုင်းမှတ်တိုင်ဆီသို့
၂။	၁၄:၂၀	တစ်ပတ်အတွင်းထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက်	၄။	၁၇:၄၀	ရွှေသွေးတို့ပျော်စရာ ပုံပြင်ကမ္ဘာ

မြဝတီ နေ့စဉ်

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး (မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး (အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း (ကျွမ်းကျင်) အင်္ဂလိပ် – ဦးတင်မောင်သန်း
စာတည်းအဖွဲ့ (မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး
စာတည်းအဖွဲ့ (အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့ (နေပြည်တော်) – ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့ (ရန်ကုန်) – ဦးရဲစိုးအောင်

Online Newspaper

နေပြည်တော်
စာတည်းအဖွဲ့၊ ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့၊ ကြော်ငြာ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊ ၂၉ x ၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ (ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁ လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup@gmail.com
Website – www.myawady.net.mm

မြိတ်မြို့၌ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းဆင်းပွဲကျင်းပ



မြိတ် အောက်တိုဘာ ၃

နယ်စပ်ရေးရာဝန်ကြီးဌာနပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း (မြိတ်)၌ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းအမှတ်စဉ်(၁၂) သင်တန်းဆင်းပွဲ အခမ်းအနားကို အောက်တိုဘာလ ၂ ရက်က တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ကန်ဖျားရပ်ကွက် သာသနာ့ရိပ်သာအနီးရှိ အဆိုပါသင်တန်းကျောင်းခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ သင်တန်းဆင်းပွဲအခမ်းအနားတွင် မြိတ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးဦးက သင်တန်းဆင်းအမှာစကားပြောကြားသည်။

ဆက်လက်၍ မြိတ်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးဦးက သင်တန်းတွင် ထူးချွန်ဆုရရှိသူတစ်ဦးအား အပ်ချုပ်စက်တစ်စုံ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း(မြိတ်)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စုမြတ်အေးက သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ရာ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက လက်ခံရယူသည်။

ထို့နောက် သင်တန်းခန်းမအတွင်း သင်တန်းသူများချုပ်လုပ်ထားသည့် လက်ရာဒီဇိုင်းများကို မြိတ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးဦးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါအဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းသို့ မြိတ်မြို့နယ်၊ ပုလောမြို့နယ်၊ ကျွန်းစုမြို့နယ်၊ တနင်္သာရီမြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ်တို့မှ သင်တန်းသူ ၂၅ ဦး တက်ရောက် သင်ကြားခဲ့ကြပြီး သင်တန်းတွင် ဘာသာရပ်အမျိုးအစား ၁၈ မျိုးကို မေလ ၄ ရက်မှ အောက်တိုဘာလ ၂ ရက်အထိ သင်ကြားပို့ချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နှမ်းဧက ၁၃၀၀၀ ကျော်စိုက်ပျိုးမည်



ယင်းမာပင် အောက်တိုဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်၌ လာမည့်ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် နှမ်းဧက ၁၃၀၀၀ ကျော် စိုက်ပျိုးမည်ဖြစ်ကြောင်း ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။

လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ယင်းမာပင်မြို့နယ်၌ နှမ်းဧက ၁၃၁၇၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးမည်ဖြစ်သည်။

"ယင်းမာပင်မြို့နယ်မှာ လာမယ့်ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ နှမ်းဧက ၁၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်သွားပါမယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ နှမ်းကို မိုးရာသီမှာထက် ဆောင်းရာသီမှာ အဓိကထား စိုက်ပျိုးကြပါတယ်" ဟု ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးကပြောသည်။

ယခုနှစ် ယင်းမာပင်မြို့နယ်၌ နှမ်းစိုက်ပျိုး တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်များ မှန်ကန်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးနှင့် အထွက်နှုန်းကောင်းမွန်သည့် မျိုးများစိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးမည်ဖြစ်သည်။

GAP နည်းစနစ်ဖြင့်စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် တခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ စျေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းစျေးကွက်တွင်သာမက ပြည်ပစျေးကွက်များသို့ပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့်လည်း အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ တောင်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ **(၄၀၉)**

ရာသီမရွေးသွားလာနိုင်မည့် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကွင်းဆင်းစစ်ဆေး

ညောင်တုန်း အောက်တိုဘာ ၃

ဧရာဝတီတိုင်းဒေသကြီးမအူပင်ခရိုင် ညောင်တုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ခွင့်ပြုငွေဖြင့် မိုးဟုတ်ကျေးရွာအုပ်စု ချောင်းဝကျေးရွာ၌ ရာသီမရွေးသွားလာနိုင်မည့် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာလ ၃ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ညောင်တုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ဝင်းသန္တာမွန်နှင့်ဝန်ထမ်းများက ချောင်းဝကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်အတူ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ချောင်းဝကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ခွင့်ပြုငွေ ငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် ၄၃သိန်း စုစုပေါင်း ငွေကျပ် ၁၉၃ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ်လဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၇၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

တေဇာလင်း



နိုင်ငံတကာစံချိန်စံညွှန်းနှင့်ကိုက်ညီသည့်ဖိနပ်များ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး စီစဉ်ဆောင်ရွက်နေ

ရန်ကုန် အောက်တိုဘာ ၃

ပြည်တွင်းဖိနပ်ထုတ်လုပ်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်ပမှဖိနပ်တင်သွင်းမှုလျော့ချနိုင်ရန်ရည်ရွယ်၍ နိုင်ငံတကာစံချိန်စံညွှန်းနှင့်ကိုက်ညီသည့် ဖိနပ်များထုတ်လုပ်နိုင်ရေး မြန်မာနိုင်ငံလုံးဆိုင်ရာ ဖိနပ်လုပ်ငန်းရှင်များက စတင်ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာ MSME (Cluster) ဖိနပ်လုပ်ငန်းရှင်များဗဟိုအဖွဲ့ချုပ် နာယက ဦးကြည်သိန်း၏ ပြောကြားချက်အရ သိရသည်။

ပြည်တွင်းဖိနပ်လုပ်ငန်းရှင်များသည် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၌ လုပ်ကိုင်နေကြပြီး စက်ရုံကြီးများဖြင့် ထုတ်လုပ်သူများအပြင် အလတ်စား၊ အသေးစားနှင့် မိရိုးဖလာလုပ်ငန်းများလည်းရှိသည်။ ထိုသို့ လုပ်ငန်းအရွယ်အစားအမျိုးမျိုးဖြင့် လုပ်ကိုင်နေကြသော်လည်း လုပ်ငန်းရှင်များအချင်းချင်း ချိတ်ဆက်ဆောင်ရွက်မှုအားနည်းနေသဖြင့် တပေါင်းတစည်းတည်း ပူးပေါင်းဆောင်ရွက်နိုင်ရေး စီစဉ်နေခြင်းဖြစ်သည်။

"တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ ဖိနပ်လုပ်ငန်းရှင်တွေ၊ ဖိနပ်နဲ့ဆက်စပ်တဲ့ ရော်ဘာ၊ ရှူးပြာ၊ သားရေ၊ ကော် စတဲ့ဆက်စပ်ပစ္စည်းတွေကို လုပ်ကိုင်နေသူတွေကိုပါ အသင်းဝင်အဖြစ်ဖိတ်ခေါ်ပြီး ဖိနပ်လုပ်ငန်းလုပ်ကိုင်သူတွေနဲ့စုပေါင်းပြီး လုပ်ငန်းအင်အားပိုမိုကောင်းမွန်လာအောင် ဦးစားပေးဆောင်ရွက်မယ်"ဟု ဦးကြည်သိန်းကပြောသည်။

ထို့ပြင် လုပ်ငန်းအင်အားကောင်းမွန်လာပါက နိုင်ငံတကာစံချိန်စံညွှန်းနှင့်ကိုက်ညီသည့်ဖိနပ်များ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ချိတ်ဆက်၍ လိုအပ်သည့်အကူအညီများ ရယူဆောင်ရွက်မည်ဖြစ်သည်။

ပြည်တွင်း၌ နိုင်ငံတကာစံချိန်စံညွှန်းနှင့်ကိုက်ညီသည့် ဖိနပ်များထုတ်လုပ်နိုင်ပါက ပြည်ပမှ ဖိနပ်တင်သွင်းမှုလျော့ကျလာမည်ဖြစ်သည့်အပြင် ဖိနပ်တင်သွင်းရာတွင် အသုံးပြုရသည့် နိုင်ငံခြားငွေစီးဆင်းမှုကိုလည်း လျော့ချနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ MSME (Cluster) ဖိနပ်လုပ်ငန်းရှင်များဗဟိုအဖွဲ့ချုပ်၏ ရုံးခန်းကို ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် မေဓာဝီလမ်း၌ ဖွင့်လှစ်ထားပြီး အသင်းဝင်လူငယ်များအနေဖြင့် ဖိနပ်ဒီဇိုင်း၊ စက်ပိုင်းဆိုင်ရာနှင့် သက်ဆိုင်ရာနည်းပညာများကို လေ့လာနိုင်ရေးအတွက် ပြည်ပနိုင်ငံများသို့စေလွှတ်၍ လေ့လာသင်ယူနိုင်ရန် ချိတ်ဆက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

လင်းခန့်

စစ်သူကြီး မဟာမင်းထင်နော်ရထာ

ကြည်မင်းဝေ

ယမန်နေ့မှအဆက်

“ဘယ်ကို လိုက်ရမလဲဗျ။ နောင်ကြီးကိုလည်း ကျုပ်မသိ၊ အခု ဒီခရီးမှာ ဆရာတော် ဦးပရမကလွဲရင် ကျုပ်တွေ့စရာ လူတစ်ယောက်မျှမရှိဘူး”

“ကဲပါငဲ့ညီရာ ဆရာတော်ကို နောက်မှဖူးပါ။ ငါနဲ့သာ အရင်လိုက်ခဲ့ပါ”

“နောင်ကိုက ဇွတ်ပါလား၊ ကျုပ်ကိုလည်း နောင်ကြီးကမသိ၊ ကျုပ်ကလည်း နောင်ကြီးကိုမသိဘဲနဲ့ ကျုပ်က ဘာကိစ္စလိုက်ရမလဲဗျ”

“အာ ဒီမောင်ရင် လျှာအတော်ရှည်သကိုးကွ၊ နေပြည်တော်က ခဏပြန်ရောက်နေတဲ့ ငါတို့မင်းကြီးက မောင်ရင့်ကို တွေ့ချင်လို့ အခေါ်ခိုင်းတာ၊ ဒါကြောင့် အသာတကြည်လိုက်ခဲ့”

“ဩော် ဒီလိုလား မလိုက်နိုင်ဘူးဗျာ၊ ကျုပ်ကို တွေ့ချင်သူက ကျုပ်ဆီကိုလာတွေ့ရမယ်မဟုတ်လား၊ သူ့ဘာသာ ဘာကြီးဖြစ်နေနေ ကျုပ်ကတော့ လိုက်မတွေ့နိုင်ဘူးဗျာ”

“သယ်... ဟကောင်လေး အခု နင့်ကို အခေါ်ခိုင်းလိုက်တဲ့သူက နယ်နယ်ရရ မဟုတ်ဘူးကွ၊ ဒီရန်ကုန်တစ်နယ်လုံးကို အုပ်ငံးစားရတဲ့ မင်းကြီးမင်းလှနော်ရထာ ဦးကျော်ရွှေးကခေါ်တယ်ဆိုတာ သတိထားဦးလေ”

“အိုမသိဘူးဗျာ သူ့ဘာသာ နယ်ပဲစားစား၊ ရွာပဲစားစား ကျုပ်ဆရာက မှာလိုက်တယ်၊ ဆရာတော်ဦးပရမကို ဦးမခိုက်ဘဲ ဘာကိုမှ အရင်မလုပ်နဲ့တဲ့ဗျ။ ခင်ဗျာ့ နယ်စားကြီးကိုပြောလိုက်၊ ကျုပ်ဒီကျောင်းမှာရှိနေမယ်။ တွေ့ချင်လာတွေ့လှည့်လို့”

ပြောပြောဆိုဆို မောင်စံကင်းက အလှူရံပစ္စည်းလေးများနှင့် သူ့ပစ္စည်းကလေးများကို ကောက်ယူကာ ကျောင်းပေါ်သို့ တက်သွားလေတော့သည်။ သူတို့ အပြန်အလှန်ပြောဆိုနေသမျှကို တစ်လုံးမကျန် နားထောင်ပြီး ကျောင်းပြတင်းဝမှ ပြုံးတော်မူနေသော ဆရာတော်ဦးပရမက ကျောင်းသားလေးကို အကဲခတ်နေသည်။

ဧချစ်စံလည်း မည်သို့မျှ မပြောသာတော့ဘဲ မြင်းပေါ်တက်ကာ ပြန်ခဲ့ရလေသည်။ အိမ်ပြန်ရောက်သော် ဦးကျော်ရွှေးကို အကြောင်းစုံပြောပြလေလျှင် ဦးကျော်ရွှေးက စိတ်မဆိုးသည့်အပြင် တဟားဟား အော်ရယ်ကာ သဘောကျနေလေသည်။

“ဩော် ... ငါမြင်တာ အမြင်မမှားဘဲကိုးကွယ့်၊ အိမ်း လူတော်တစ်ယောက်ဖြင့် ရရချေပေါ့ကွယ်။ ကဲ ဧချစ်စံ မင်းကတော်ကြီးကို ပြောထားချေ မနက်အရုဏ်တက် ဆရာတော့်ကျောင်း ဆွမ်းပို့သွားမယ်လို့”

ရန်ကုန်ပိုကျောင်းကြီးမှာ သူနေထိုင်ကြီးပြင်းခဲ့ရာ နပ္ပလွင်ရွာကျောင်းကြီးထက်ပင် ကြီးမားခံ့ထည်လှသည်။ ဘုံခုနစ်ဆင့်နှင့် ကိုးဆောင်တွဲကျောင်းကြီးဖြစ်၏။ ဆရာတော်ဘုရားအား ဦးချကန်တော့ပြီး အကျိုးအကြောင်း လျှောက်တင်ကာ ရွာဦးကျောင်းဆရာတော်၏စာကို ဆက်ကပ်လိုက်သည်။

“တပည့်တော် နပ္ပလွင်ရွာက လာခဲ့တာပါဘုရား။ တပည့်တော် ဆရာတော်ပေးလိုက်တဲ့ စာလွှာနဲ့အတူ တပည့်တော် လေ့လာသင်ယူရေးစပ်ခဲ့သမျှ စာပေမှုများ ဆက်ကပ်ပါတယ်ဘုရား”

ဆရာတော်ဦးပရမက နပ္ပလွင်ဆရာတော်၏စာကို အသေအချာဖတ်ကာ ရှေးပွဲကျောင်းများနည်းတူ ကျောင်းသားကိုရင်များကို ပရိယတ်စာပေများနှင့် လက်ဝှေ့၊ နပန်း၊ ကျွမ်းဘား၊ ကြိုးသိုင်း၊ တုတ်သိုင်းတို့သင်ကြားနေသည့် ဆရာပီပီ စာထဲကအတိုင်း မောင်စံကင်း၏ ကိုယ်လုံးကိုယ်ထည်အဆက်အပေါက်နှင့် နက်မှောင်သန်စွမ်းလှသော သျှောင်တစောင်းဆပင်တို့အပြင် စိတ်ဓာတ်ခိုင်မာမှုကိုပြသည့် ထူထဲနက်မှောင်သောမျက်ခုံးနှင့် ကြည်လင်စူးရှ ရဲရင့်တည်ကြည်သော မျက်လုံးမျက်ဆန်များကို အလျင်ကြည့်ကာ အဂ်ါရုပ်ဖတ်လေသည်။

စာထဲတွင်ပါသည့်အတိုင်း အရွယ်နှင့် မမျှ ထွားကျိုင်းသန်မာစပြုနေသည့် ခန္ဓာကိုယ်အဆက်အပေါက်ကြန်အင်လက္ခဏာတို့နှင့် စိုပြည်သောအသားအရေတို့ကို ကြည့်ကာ ဇောန်အမှန်ပင် သူကောင်းအပြုံခံရမည့် လူစွမ်းကလေးပေပဲဟု မှတ်ချက်ပြုမိလေသည်။ စောစောက သူကိုယ်တိုင်မြင်တွေ့ခဲ့ရသည့် ရဲရင့်ပြတ်သားသော သူရဿတ္တိကိုလည်း အားရကျေနပ်တော်မူလှသည်။

“အိမ်း နာမည်က စံနက်ကျော်တဲ့လား”

“တင်ပါ့ အများကခေါ်တာ စံနက်ကျော်ပါဘုရား။ နာမည်က စံကင်းပါဘုရာ့”

“အိမ်း ... အများခေါ်တဲ့ အနွယ်ထွန်းမက လူ့ဘဝရဲ့အညွန့်ပဲလေ၊ အဲ့တော့ တိုင်းကျော်ပြည်ကျော် စံနက်ကျော်ပေါ့ကွဲ့၊ ကဲကဲ မင်းလည်း ခရီးပန်းလာသကွဲ့၊ နောက်နေ့ကျမှပဲ မင်းသင်ယူခဲ့တဲ့စာတွေနဲ့ ရှေ့တက်ရမယ်၊ မင်းရေးခဲ့တဲ့ လက်ံာတွေ၊ ပို့ုတွေတော့ထားခဲ့၊ စာတွေချပေးရင်း ဖြည်းဖြည်းမှ ဖတ်ကြည့်အကဲဖြတ်မယ်။ ဟဲ့ကပ္ပိယကြီး ဒီကျောင်းသားကို နင်နေတဲ့ ဆွမ်းစားဆောင်ဘေးအခန်းထဲ နေရာချထားပေးလိုက်”

ဆရာတော်ကြီးထံမှ သြဝါဒခံယူပြီး ချိန်တွင် ညနေရီအချိန်မှာ အမှောင်သန်းစရောင်ဖျိုးဖျဖြင့် နယ်စိမ်းမြေစိမ်း အရာ ခပ်သိမ်းသူလေ့လာစရာတွေ အများကြီး ပါလားဟု ကျောင်းဝန်းကျင်မှ များပြား လှသော စေတီပုထိုးများကို လှည့်လည် ကြည့်ရင်း တွေးမိသည်။

မည်မျှပင် ရဲရင့်တည်ကြည်ပါသည်ဆို သော်လည်း နနယ်ငယ်ရွယ်သေးသော ကလေးပီပီ လွမ်းစရာနေရီရီဖြင့် မွေးရပ် ဇာတိမြေကြီးရှိရာ အရပ်ဘက်သို့ မျှော်မှန်း ကြည့်နေရင်း အမိအဖများနှင့် သူငယ်ချင်း များကို လွမ်းမိသည်။

ကပ္ပိယကြီးချထားပေးရာ အဆောင်ပေါ်သို့တက်ကာ စောင်နှင့်ခေါင်းအုံးများကို ပြင်ဆင်ပြီး ပါလာသမျှပစ္စည်းကလေးများကို နေရာချထားလိုက်၏။ ပြီးလျှင် အချိန်တိုအတွင်း မိမိအတွက် အဖော်ကောင်းအဖြစ် သန္ဓေကောင်းလှသော မြင်းမလေးသားအမိကို ရေတိုက်ကာ စားကျက်မြေ၌ ကြိုးရှည်ဖြင့် လှန်ထားလိုက်၏။ ရေစက်ပါသည်ဟု ဆိုရပေမည်။ နှစ်ညနှင့်သုံးရက် ခရီးၨပင် သားအမိ နှစ်ကောင်စလုံးက ငယ်မွေးခြံပေါက်များ ပမာ သူ့စကားကို နားလည်ယဉ်ပါးနေကြသည်။ ထို့ကြောင့် မြင်းမကြီးကို မိညို၊ မြင်းကလေးကို ဖိုးလုံးဟု အမည်ပေးလိုက်လေသည်။

“နယ်စိမ်းမြေစိမ်းအရာခပ်သိမ်း သူလေ့လာစရာတွေအများကြီးပါလားဟု ကျောင်းဝန်းကျင်မှ များပြားလှသော စေတီပုထိုးများကို လှည့်လည်ကြည့်ရင်းတွေးမိသည်။ မည်မျှပင် ရဲရင့်တည်ကြည့်ပါသည်ဆိုသော်လည်း နုနယ်ငယ်ရွယ်သေးသောကလေးပီပီ လွမ်းစရာနေရီရီဖြင့် မွေးရပ်ဇာတိမြေကြီးရှိရာ အရပ်ဘက်သို့ မျှော်မှန်းကြည့်နေရင်း အမိအဖများနှင့် သူငယ်ချင်းများကို လွမ်းမိသည် . . .”

ထိုစဉ် အသော့နှင်လာသော မြင်းသုံးစီးကျောင်းဝိုင်းအတွင်းသို့ ဝင်လာကြ၏။ ရှေ့ဆုံးမြင်းပေါ်မှ အသက်အစိတ်ခန့်ရှိသော အသားဖြူဖြူ အရပ်မြင့်မြင့်နှင့်လူက တခြားသူတို့နှင့်မတူဘဲ ဝတ်စားဆင်ယင်ပုံထူးခြားလှ၏။ ပိုးပဝါဖက်ဖူးညွှန့်ရောင်ကို တစ်စထောင် ပေါင်းထုပ်ထားပြီး အောက်ပိုင်းကိုယ်ကျပ်ဘောင်းဘီနှင့် ရင်ဖုံးအင်္ကျီကို ဝတ်ထားသည်။

ဝင်းဝါကြည်လင်သော မျက်နှာပေါ်မှ စူးရှတောက်ပြောင်သော မျက်လုံးများဖြင့် စိမ်းညိုညို့မျက်ခုံးများကို တွန့်လျက် သူ့ကို ရဲရဲဝံ့ဝံ့စူးစိုက်ငေးမောနေသော စံနက်ကျော်ကို နှစ်လိုစွာပြုံးပြသွား၏။

ထိုသူ၏ တည်ကြည်ခံညားသော မျက်နှာထက်က ထူထဲနက်မှောင်သော နှုတ်ခမ်းမွေးများကြောင့် သူဝတ်ထားသော အဝတ်အစားများနှင့် ပိုမို၍ လိုက်ဖက်လှ၏။ တည်ငြိမ်သောခြေလှမ်းများဖြင့်ကျောင်းပေါ်သို့ ကွန္ဒြေရရ တက်သွားချိန်တွင် အဖော်ပါလာသူနှစ်ယောက်က ထိုသူ့မြင်းကို တရိုတသေဆွဲယူကာ အသင့်ထိန်းထားကြသည်။

စံနက်ကျော်မှာ တိုက်ရေးခိုက်ရေးလက်ဝှေ့၊ နပန်း၊ တုတ်သိုင်း၊ ဓားသိုင်းအမျိုးမျိုးသင်ယူဖူးသောလူငယ်ပီပီ သူတို့မြင်းများတွင် တပ်ဆင်ထားသည့် သားရေမြင်းကုန်းနှီးနံဘေးချိတ်ထားသော ဓားအိမ်သွတ်ဆောင် ဓားကြီးများကို စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာနေသည်။ ထို့ကြောင့် မြင်းမကြီးကို မိညို၊ မြင်းကလေးကို ဖိုးလုံးဟု အမည်ပေးလိုက်လေသည်။

ထိုစဉ် အသော့နှင်လာသော မြင်းသုံးစီးကျောင်းဝိုင်းအတွင်းသို့ ဝင်လာကြ၏။ ရှေ့ဆုံးမြင်းပေါ်မှ အသက်အစိတ်ခန့်ရှိသော အသားဖြူဖြူ အရပ်မြင့်မြင့်နှင့်လူက တခြားသူတို့နှင့်မတူဘဲ ဝတ်စားဆင်ယင်ပုံထူးခြားလှ၏။ ပိုးပဝါဖက်ဖူးညွှန့်ရောင်ကို တစ်စထောင် ပေါင်းထုပ်ထားပြီး အောက်ပိုင်းကိုယ်ကျပ်ဘောင်းဘီနှင့် ရင်ဖုံးအင်္ကျီကို ဝတ်ထားသည်။

ဝင်းဝါကြည်လင်သော မျက်နှာပေါ်မှ စူးရှတောက်ပြောင်သော မျက်လုံးများဖြင့် စိမ်းညိုညို့မျက်ခုံးများကို တွန့်လျက် သူ့ကို ရဲရဲဝံ့ဝံ့စူးစိုက်ငေးမောနေသော စံနက်ကျော်ကို နှစ်လိုစွာပြုံးပြသွား၏။

ထိုသူ၏ တည်ကြည်ခံညားသော မျက်နှာထက်က ထူထဲနက်မှောင်သော နှုတ်ခမ်းမွေးများကြောင့် သူဝတ်ထားသော အဝတ်အစားများနှင့် ပိုမို၍ လိုက်ဖက်လှ၏။ တည်ငြိမ်သောခြေလှမ်းများဖြင့်ကျောင်းပေါ်သို့ ကွန္ဒြေရရ တက်သွားချိန်တွင် အဖော်ပါလာသူနှစ်ယောက်က ထိုသူ့မြင်းကို တရိုတသေဆွဲယူကာ အသင့်ထိန်းထားကြသည်။

စံနက်ကျော်မှာ တိုက်ရေးခိုက်ရေးလက်ဝှေ့၊ နပန်း၊ တုတ်သိုင်း၊ ဓားသိုင်းအမျိုးမျိုးသင်ယူဖူးသောလူငယ်ပီပီ သူတို့မြင်းများတွင် တပ်ဆင်ထားသည့် သားရေမြင်းကုန်းနှီးနံဘေးချိတ်ထားသော ဓားအိမ်သွတ်ဆောင် ဓားကြီးများကို စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာနေသည်။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော်လေဆိပ်အဝင်လမ်းသစ်ပေါ်ရှိ ဝက္ကမူတံတားတည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



နေပြည်တော်–တောင်တွင်းကြီး မီးရထားလမ်းခုံးကျော်တံတားတည်ဆောက်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။



ရန်ကုန်–မန္တလေး မီးရထားလမ်းခုံးကျော်တံတားတည်ဆောက်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။

❖ ယခုတည်ဆောက်လျက်ရှိသည့်ခုံးကျော်တံတားများ ငလျင်ဒဏ်ခံနိုင်ရေး၊ ကြံ့ခိုင်ကောင်းမွန်မှုရှိစေရေးနှင့် သတ်မှတ်ကာလအတွင်း အရည်အသွေးကောင်းမွန်စွာဖြင့် တည်ဆောက်ပြီးစီးနိုင်ရေးစနစ်တကျ ကြပ်မတ်ဆောင်ရွက် . . .

★ ရှေ့ဖုံးမှအဆက်

နေပြည်တော် ပြည်သူ့ရင်ပြင် တည်ဆောက်နေမှု

ဦးစွာ နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ နေပြည်တော် ပြည် သူ့ရင် ပြင် သို့ရောက် ရှိပြီး ရှင်းလင်းဆောင်၌ နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်တို့က နေပြည်တော် ပြည်သူ့ရင်ပြင်အား မြို့တော်အင်္ဂါ ရပ်နှင့်အညီ ခေတ်မီပြီး မြို့ပြနေ အများပြည်သူများလည်ပတ်ကြည့်ရှု အပန်းဖြေအနားယူနိုင်ရန် နှင့် ဘက်စုံအသုံးပြုနိုင်သည့် Public Area ပြည်သူ့ရင်ပြင်တစ်ခုအဖြစ် လျာထားတည်ဆောက်ဆောင်ရွက် လျက်ရှိမှု၊ ရင်ပြင်ပတ်လည်နေရာ များ၌ အထင်ကရပုဂ္ဂိုလ်များ၏ ရုပ်တုများ၊ စကျင်ကျောက်များဖြင့် ထုဆစ်ပုံဖော်ထားသည့် ရုပ်လုံး ရုပ်ကြွများ ထည့်သွင်းတည်ဆောက် နိုင်ရေး၊ ပြည်သူများအပန်းဖြေ လည်ပတ်ကြည့်ရှုအနားယူနိုင်ရန် ပန်းခြံနေရာများ၊ လျှောက်လမ်း များ၊ ဖျော်ဖြေရေးရင်ပြင်နှင့် Shop House များ၊ အခြားလိုအပ်သည့် အဆောက်အဦများ ထည့်သွင်း တည်ဆောက်နိုင်ရေး လျာထား ဆောင်ရွက်ထားရှိမှု၊ ပြည်သူ့ရင်ပြင် အနီးဒ်၌ မြို့ပြအင်္ဂါရုပ်နှင့်လျော်ညီ သည့်နာရီစင်ပါ အဆောက်အဦ တစ်ခု တည်ဆောက်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက နေပြည်တော် ကောင်စီနယ်မြေအား မြို့တော် အင်္ဂါရုပ်နှင့်အညီ ခေတ်မီပြီး ဘက်စုံ ဖွံ့ဖြိုးတိုးတက်သော မြို့ပြတစ်ခု အဖြစ်ပေါ်ထွန်းလာစေရေး ဘက် ပေါင်းစုံမှ စဉ်းစားလျာထားဆောင် ရွက်သွားကြရန်၊ တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ခေတ်နှင့်အညီ အဆင့်မီမီဖြစ်စေ ရေး၊ သတ်မှတ်အချိန်ကာလအတွင်း ပြီးစီးနိုင်ရေး စနစ်တကျဆောင်ရွက် ကြရန်နှင့် ရေရှည်ခိုင်ခံမှုရှိစေရေး ထိန်းသိမ်းပြုပြင်ဆောင်ရွက်မှုများ ကိုလည်း အမြဲမပြတ်ဆောင်ရွက် သွားကြရန်နှင့် အခြားလိုအပ်သည် များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နေပြည်တော် ပြည်သူ့ရင်ပြင်အတွင်း တည်ဆောက် ရေးလုပ်ငန်းများ ဆောင်ရွက်လျက် ရှိသည့်အခြေအနေများကို လိုက်လံ ကြည့်ရှုစစ်ဆေးကြသည်။

ရွှေပြည်တော်ဝင်လမ်းပေါ်ရှိ မီးရထားလမ်း ခုံးကျော်တံတားများနှင့် နေပြည်တော်လေဆိပ်အဝင် လမ်းသစ်ဖောက်လုပ်နေမှု

ယင်းနောက် ရွှေပြည်တော်ဝင် လမ်းပေါ်ရှိ နေပြည်တော် – တောင် တွင်းကြီး မီးရထားလမ်း ခုံးကျော် တံတားနှင့်ရန်ကုန်–မန္တလေးမီးရထား လမ်းခုံးကျော်တံတားတည်ဆောက် ရေးလုပ်ငန်းခွင်များသို့ သွားရောက် ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင် ၌ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက တည်ဆောက် ရေးလုပ်ငန်းများ ဆောင်ရွက်နေ မှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက မီးရထားလမ်း ခုံးကျော်တံတား တည်ဆောက်ခြင်း လုပ်ငန်းများအား နောင်အနာဂတ် တွင်ဖြစ်ပေါ်လာနိုင်မည့်လမ်းအသုံး ပြုသူဦးရေနှင့် မော်တော်ယာဉ်အစီး ရေတိုးတက်လာနိုင်မှုများအပေါ် ထည့်သွင်းတွက်ချက်၍ လမ်းနှင့် တံတားများ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆက်လက်ဆောင် ရွက်နိုင်ရေးအတွက် Master Plan ရေးဆွဲဆောင်ရွက်ထားရှိရန် လို ကြောင်း၊ ယခုတည်ဆောက်လျက် ရှိသည့်ခုံးကျော်တံတားများ ငလျင် ဒဏ်ခံနိုင်ရေး၊ ကြံ့ခိုင်ကောင်းမွန်မှုရှိ စေရေးနှင့် သတ်မှတ်ကာလအတွင်း အရည်အသွေးကောင်းမွန်စွာဖြင့် တည်ဆောက်ပြီးစီးနိုင်ရေး တာဝန် ရှိသူများအနေဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားကြရန်လို ကြောင်း၊ အလားတူ ပြည်ထောင်စု နယ်မြေ၊ နေပြည်တော်အတွင်း လမ်းများအားလုံး အဆင့်မီမီနှင့် စနစ်တကျဖြစ်စေရေး၊ မြို့ပြအင်္ဂါရုပ် နှင့် လျော်ညီမှုရှိစေရေးဆက်လက် အဆင့်မြှင့်တင် ဆောင်ရွက်သွား ရမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ် သည်များကို လမ်းညွှန်မှာကြားပြီး လုပ်ငန်းခွင်များအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရွှေပြည်တော် ဝင်လမ်းတစ်လျှောက် သန့်ရှင်း သာယာလှပရေး လုပ်ငန်းများနှင့် လမ်းဘေးဝဲယာတစ်လျှောက်၌ အရိပ်ရလေကာပင်များ စိုက်ပျိုး ထားရှိမှုနှင့် လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု များကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နေပြည်တော် လေဆိပ်အဝင်လမ်းသစ်ဖောက်လုပ် နေမှုနှင့် အဆိုပါလမ်းသစ်ပေါ်ရှိ ဝက္ကမူတံတားနှင့် ရုံးပင်ချောင်း တံတား တည်ဆောက်နေမှုအခြေ အနေများကို သွားရောက်ကြည့်ရှု စစ်ဆေးရာ တာဝန်ရှိသူများက လမ်းသစ်ဖောက်လုပ်နေမှုနှင့်တံတား တည်ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေ များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြ ကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက လေဆိပ် အဝင်လမ်းသစ်နှင့်တံတားများအား သတ်မှတ်ကာလအတွင်း စံချိန် စံညွှန်းပြည့်မီစွာဖြင့် တည်ဆောက် နိုင်ရေးနှင့်ရုံးပင်ချောင်းတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊

စာမျက်နှာ ၆ သို့ ★



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရာဇသေဋ်ဟလမ်းမကြီးပေါ်ရှိ နေပြည်တော်မြို့အဝင်မုခ်ဦး(Naypyitaw Gate)တည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

❖ နိုင်ငံ၏မြို့တော်သို့ ဝင်ရောက်ရာ အထင်ကရအမှတ်အသားနေရာ ဖြစ်သည့်အတွက် မြို့ပြဂုဏ်သိက္ခာနှင့်လျော်ညီစွာ ခမ်းခမ်းနားနားနှင့် အဆင့်မီမီဖြစ်ရန်လို၊ မုခ်ဦးအဆောက်အဦအား မြန်မာမှုလက်ရာများဖြင့် ခမ်းခမ်းနားနား စနစ်တကျတည်ဆောက်သွားရန်လိုသကဲ့သို့ ခိုင်ခိုင်မာမာဖြင့် ငလျင်ဒဏ်ခံနိုင်စေရေးအတွက်လည်း သတ်မှတ်ချက်များနှင့်ကိုက်ညီအောင် တည်ဆောက်သွားရန်လို . . .

★ စာမျက်နှာ ၅ မှ

လမ်းဘေးဝဲယာတစ်လျှောက်တွင် အရိပ်ရလေကာပင်များနှင့် အမြစိမ်း သစ်ပင်များစိုက်ပျိုးသွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

နေပြည်တော်မြို့အဝင်မုခ်ဦး (Naypyitaw Gate) တည်ဆောက်နေမှုလုပ်ငန်းခွင်

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ရာဇသေဋ်ဟလမ်းမကြီးပေါ်ရှိ နေပြည်တော်မြို့အဝင်မုခ်ဦး (Naypyitaw Gate) တည်ဆောက်နေသည့်လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက မုခ်ဦးတည်ဆောက်ရေးလုပ်ငန်းများနှင့်မုခ်ဦးအား မြန်မာ့ယဉ်ကျေးမှုလက်ရာများနှင့်အညီ အဆင့်မီမီ တည်ဆောက်နိုင်စေရေး လျာထားဒီဇိုင်းများရေးဆွဲထားရှိမှု၊ မြေယာရှာဖွေရှင်းလုပ်ငန်းများနှင့်အခြားဆက်စပ်လုပ်ငန်းများအား စနစ်တကျဖြင့် အဆင့်အလိုက် ပြီးစီးမှုရှိစေရေး အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိမှု အခြေအနေများနှင့် ပတ်သက်၍ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက နိုင်ငံ၏မြို့တော်သို့ ဝင်ရောက် ရာ အထင်ကရအမှတ်အသားနေရာဖြစ်သည့်အတွက် မြို့ပြဂုဏ်သိက္ခာနှင့် လျော်ညီစွာ ခမ်းခမ်းနားနားနှင့် အဆင့်မီမီဖြစ်ရန်လိုကြောင်း၊ မုခ်ဦးအဆောက်အဦအား မြန်မာမှုလက်ရာများဖြင့် ခမ်းခမ်းနားနား စနစ်တကျတည်ဆောက်သွားရန်လိုသကဲ့သို့ ခိုင်ခိုင်မာမာဖြင့် ငလျင်ဒဏ်ခံနိုင်စေရေးအတွက်လည်း သတ်မှတ်ချက်များနှင့်ကိုက်ညီအောင် တည်ဆောက်သွားရန်လို၊ တည်ဆောက်ရေးလုပ်ငန်းများကြောင့် ယာဉ်များသွားလာမှုမပျက်စေရေး အတွက်လည်း ရှောင်ကွင်းလမ်း (By Pass)များကို စနစ်တကျ ဖောက်လုပ်ပေးသွားရန်လိုကြောင်း နှင့်လမ်းများအား ထောင့်ချိုးများ အနည်းဆုံးဖြင့် တည်ဆောက်သွားရန်လိုကြောင်း၊ မြေယာရှာဖွေရှင်းများကိုလည်း အဆင့်မီမီနှင့်ခေတ်နှင့်လျော်ညီသည့်ပုံစံဖြစ်စေရေး၊ ပြည်သူအများ စိတ်အေးချမ်းသာစွာဖြင့် လမ်းလျှောက်ခြင်း၊ အနားယူခြင်းများ ဆောင်ရွက်နိုင်ရေးစနစ်တကျ ထည့်သွင်းတည်ဆောက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နေပြည်တော်မြို့အဝင်မုခ်ဦးပုံစံငယ်နှင့် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ပြည်ထောင်စုဂုဏ်ပြုဗိမာန် တည်ဆောက်ရေးလုပ်ငန်းခွင်

ထို့နောက်ပြည်ထောင်စုဂုဏ်ပြုဗိမာန်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ ရှင်းလင်းဆောင်ခန်းမ၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ပြည်ထောင်စုဂုဏ်ပြုဗိမာန်အဆိုပြု 3D ပုံစံများနှင့် မြေယာရှာဖွေရှင်းလုပ်ငန်းများ၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ထည့်သွင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ပြည်ထောင်စုဂုဏ်ပြုဗိမာန်အဆိုပြု 3D ပုံစံများနှင့်မြေယာရှာဖွေရှင်းလုပ်ငန်းများ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ထည့်သွင်းဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

❖ ပြည်ထောင်စုဂုဏ်ပြုဗိမာန်ကို ပြည်ထောင်စုနိုင်ငံတော်ကြီးကို တည်ဆောက်ခဲ့ကြသူများနှင့် ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းကြိုးပမ်းခဲ့ကြသည့် ပြည်ထောင်စုဗွားတိုင်းရင်းသားများကို ဂုဏ်ပြုနိုင်ရန်အတွက် ရည်ညွှန်းတည်ဆောက်စေခြင်းဖြစ်သဖြင့် ခမ်းခမ်းနားနားနှင့် အဆင့်မီမီဖြစ်ရန်လို . . .

ဂုဏ်ပြုဗိမာန်အဆိုပြု 3D ပုံစံများနှင့် မြေယာရှာဖွေရှင်းလုပ်ငန်းများ၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ထည့်သွင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ပြည်ထောင်စုဂုဏ်ပြုဗိမာန်ကို ပြည်ထောင်စုနိုင်ငံတော်ကြီးကို တည်ဆောက်ခဲ့ကြသူများနှင့် ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းကြိုးပမ်းခဲ့ကြသည့်ပြည်ထောင်စုဗွားတိုင်းရင်းသားများကို ဂုဏ်ပြုနိုင်ရန်အတွက် ရည်ညွှန်းတည်ဆောက်စေခြင်းဖြစ်သဖြင့် ခမ်းခမ်းနားနားနှင့် အဆင့်မီမီဖြစ်ရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများအပါအဝင် ပြည်ပနိုင်ငံများမှ လာရောက်ဂုဏ်ပြုကြသူများအနေဖြင့် အဆင့်မီမီနှင့်စနစ်တကျ လာရောက်ဂုဏ်ပြုနိုင်ရေးအတွက်လည်း လျာထားဆောက်လုပ်သွားရန်လိုကြောင်း၊ ပန်းစည်းချဂုဏ်ပြုမည့်နေရာများအတွက်လည်း စနစ်တကျစီမံထည့်သွင်းသွားရန်လိုကြောင်း၊ ဗိမာန်နှင့်အခြေခံအဆောက်အဦများ တည်ဆောက်ရာ၌မြန်မာ့မှုယဉ်ကျေးမှုနှင့်ခေတ်သစ်ဗိသုကာ အနုပညာလက်ရာတို့ကို အချိုးညီထည့်သွင်းပေါင်းစပ်တည်ဆောက်သွားရန်လိုကြောင်း၊ ဗိမာန်ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပမှုရှိစေရေးအမြဲစိမ်းသစ်ပင်များနှင့် ပန်းမန်များကို စနစ်တကျဖြင့် ထည့်သွင်းစိုက်ပျိုးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက်ပြည်ထောင်စုဂုဏ်ပြုဗိမာန် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **မြဝတီ**

ခ ရှေ့ဖုံးမှအဆက်

ကျဆင်းသွားပြီဖြစ်သည့်အတွက် ကျောင်းများပြန်လည်ဖွင့်လှစ်နေပြီဖြစ်ကြောင်း သိရသည်။

လေးမျက်နှာမြို့နယ် အိုင်သပြုကျေးရွာအခြေခံပညာအထက်တန်းကျောင်းပြန်လည်ဖွင့်လှစ်သင်ကြားနေမှုကို ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်သည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပံ့ပိုးပေးသည်။

ကြည့်ရှုစဉ် ရေပြန်လည်ကျဆင်းပြီဖြစ်သဖြင့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်၍ ကျောင်းသား၊ ကျောင်းသူများ ပုံမှန်အတိုင်းပညာသင်ကြားနိုင်ပြီဖြစ်ကြောင်း၊ ရေကျော်စီးဝင်ပြီး စာသင်ကျောင်းများယာယီပိတ်ထားခဲ့ရသောကြောင့် ကျောင်းသား၊ ကျောင်းသူများ၏သင်ခန်းစာများ နောက်ကျမှုမရှိစေရေးနှင့် ပြန်လည်အစားထိုးသင်ကြားပေးနိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း အားပေးပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများအတွက် ထောက်ပံ့ငွေများပေးအပ်သည်။

ထို့ပြင် အိုင်သပြုကျေးရွာအခြေခံပညာအထက်တန်းကျောင်း၌ စခန်းသွင်းသင်ကြားပေးနေသည့် တက္ကသိုလ်ဝင်တန်းကျောင်းသား၊ ကျောင်းသူများအတွက်နေ့လယ်စာချက်ပြုတ်ပြင်ဆင်နေမှုကို ကြည့်ရှုအားပေးပြီး ခရိုင်၊ မြို့နယ် ပညာရေးမှူးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် တွေ့ဆုံဆွေးနွေးကာ အိုင်သပြုကျေးရွာအခြေခံပညာအထက်တန်းကျောင်းအတွက် ရေသန့်စက်၊ ဆန်နှင့် ဆီများ ထောက်ပံ့ပေးအပ်သည်။

ယမန်နေ့ကလည်း ရေကြည်မြို့နယ် ဆီဆုံကုန်းကျေးရွာတွင် ကျင်းပခဲ့သည့် ရေလွှမ်းဒေသရှိ မိုးစပါးပြန်လည်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲ ငါးသိုင်းချောင်းမြို့မြို့သစ်ရပ်ကွက်ရှိ အုတ်ပုံရိုး ရေထွက်မြောင်းတိုးချဲ့ဆောင်ရွက်နေမှု၊ ရေပြန်လည်ကျဆင်းသဖြင့် ငါးသိုင်းချောင်းမြို့ပြည်သူ့ဆေးရုံ ပြန်လည်ဖွင့်လှစ်မှုနှင့်ရွှေဘိုရပ်ကွက် ဘုရားကြီးကျောင်းတိုက်တွင် သန့်ရှင်းရေးဆောင်ရွက်နေမှု၊ ငါးသိုင်းချောင်းမြို့ ကြပ်ကွင်းကျေးရွာတွင် စပါးပြန်လည်စိုက်ပျိုးမည့်လယ်မြေများတွင် စက်မှုလယ်ယာဦးစီးဌာနကထွန်ယက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ရှမ်းရွာကျေးရွာအခြေခံပညာအထက်တန်းကျောင်း ပြန်လည်ဖွင့်လှစ်သင်ကြားနေမှု၊ အိုင်သပြုကျေးရွာတွင် စပါးသီးနှံပြန်လည်စိုက်ပျိုးမည့် လယ်မြေများတွင် စက်မှုလယ်ယာဦးစီးဌာနက ထွန်ယက်နေမှုတို့ကို ကြည့်ရှုအားပေးပြီး ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသောစပါးစိုက်တောင်သူများအတွက် စပါးမျိုးစေ့များနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ လေးမျက်နှာမြို့အတွင်း ရေများမကျန်ရှိစေရေးအတွက်မြို့ပတ်တာတွင် ရေမြောင်းတူးဖော်၍ ရေဖောက်ထုတ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ လေးမျက်နှာမြို့ အမှတ် (၄) ရပ်ကွက်ရှိ အောင်မင်္ဂလာစျေး ရောင်းဝယ်ဖောက်ကားနေမှု၊ လေးမျက်နှာမြို့ ပြည်သူ့ဆေးရုံပြန်လည်ဖွင့်လှစ်မှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

အာကာသပြတိုက်(ရန်ကုန်)၌ သုံးထပ်အဆောက်အအုံ တိုးချဲ့တည်ဆောက်သွားမည်



ရန်ကုန် အောက်တိုဘာ ၃

အာကာသပြတိုက်(ရန်ကုန်)၌ သုံးထပ်အဆောက်အအုံ တိုးချဲ့တည်ဆောက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

အဆိုပါ အဆောက်အအုံတိုးချဲ့တည်ဆောက်မည့် မြေနေရာကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူသည်တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၄)၌ အဆိုပါအဆောက်အအုံတိုးချဲ့တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။

ဇွဲထက်ကို(ပြန်/ဆက်)

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၄°C	/	၃၄°C
ရန်ကုန်	၂၄°C	/	၃၄°C
မန္တလေး	၂၆°C	/	၃၆°C

လျှပ်စစ်မီးကို
ချွေတာသုံးစွဲပါ

အဝိုးတန်ရေချိုကို
ချွေတာကြပါစို့

တနင်္သာရီတိုင်းဒေသကြီးအတွင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများထိရောက်စွာဆောင်ရွက်နိုင်ရန် လိုအပ်သည့် စက်ယန္တရား၊ စက်သုံးဆီနှင့် ကယ်ဆယ်ရေးပစ္စည်းများပံ့ပိုးဆောင်ရွက်ပေးသွားမည်

ထားဝယ် အောက်တိုဘာ ၃

တိုင်းဒေသကြီးအတွင်း ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန် လိုအပ်သည့် လူအင်အား၊ စက်ယန္တရား၊ စက်သုံးဆီနှင့်ကယ်ဆယ်ရေးပစ္စည်းများကို ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦးက ယနေ့နံနက်ပိုင်းတွင် ထားဝယ်မြို့ DDPC Shopping Centre ၌ တိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုနှင့် မြေပြိုမှုဖြစ်ပေါ်ရာ သဘာဝဘေးသင့်ဒေသများရှိ ပြည်သူများကို ကူညီကယ်ဆယ်ရေး၊ ထောက်ပံ့ရေးလုပ်ငန်းများသွားရောက်ဆောင်ရွက်ပေးမည့် ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့်



တွေ့ဆုံစဉ်ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံမှုဖြင့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် စုရုပ်ဖြစ်သည့် ထားဝယ်မြို့ DDPC Shopping Centre ဝင်းအတွင်းမှ ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းတွင် အသုံးပြုမည့် စက်ယန္တရားများဖြင့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လောင်းလုံးမြို့သို့ ထွက်ခွာမှုကို ပို့ဆောင်နှုတ်ဆက်သည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း စက်တင်ဘာလ ၂၆ ရက်မှ ၂၈ ရက်အထိ မိုးသည်းထန်စွာစံချိန်တင်ရွာသွန်းမှုကြောင့် မြို့နယ်အချို့တွင် မြစ်ရေဝင်ရောက်မှုဖြစ်ပွားခဲ့သည့်အပြင် ထားဝယ်-မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်း ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ နေရာအချို့နှင့် မြိတ်-မောတောင် လမ်းမကြီးပေါ်ရှိ နေရာအချို့တွင် ရေကျော်ခြင်းများ၊ လမ်းပေါ်သို့မြေပြိုကျ၍ လမ်းပိတ်ခြင်း၊ လမ်းပေါ်ရှိ တံတားများတွင် အမှိုက်များ ပိတ်ဆို့ခြင်းများဖြစ်ပွားခဲ့သည်။

ထိုသို့ဖြစ်ပွားခဲ့မှုများကိုတနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ကွပ်ကဲစီမံမှုဖြင့် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပူးပေါင်း၍ မြစ်ရေဝင်ရောက်မှုဖြစ်ပွားခဲ့သည့် ထားဝယ်မြို့၊ သရက်ချောင်းမြို့၊ လောင်းလုံးမြို့၊ ပုလောမြို့၊ တနင်္သာရီမြို့တို့ရှိ ရေဘေးသင့် ပြည်သူများအား ယာယီရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပေးခြင်း၊ ဘုန်းတော်ကြီးကျောင်းများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ စားသောက်ဖွယ်ရာများ ပို့ဆောင်ဝေငှပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လမ်းပေါ်တွင် ပြိုကျနေသည့် မြေကြီးများအား ဖယ်ရှားရှင်းလင်းပေးခြင်း၊ တံတားများတွင် ပိတ်နေသောအမှိုက်များ ရှင်းလင်းပေးခြင်း၊ သွားလာ၍မရသောနေရာများတွင် လမ်းလွှဲဆောင်ရွက်ပေးခြင်းအပါအဝင် အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်အိမ်ထောင်စုများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏စီမံမှုဖြင့် တိုင်းဒေသကြီးသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များက ကယ်ဆယ်ရေးပစ္စည်းနှင့် အစားအသောက်များ၊ ကူညီထောက်ပံ့ငွေများကို လက်ဝယ်အရောက်ပေးအပ်လျက်ရှိပြီး ထားဝယ်၊ သရက်ချောင်းနှင့် လောင်းလုံးမြို့နယ်တို့ရှိ ရေဝင်ရောက်မှုကြောင့် ယာယီပိတ်ထားသော ကျောင်းများကို လည်း ပြန်လည်ဖွင့်လှစ်ကာ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

စိုက်ပျိုးရေးဆေးဆိုင်များနှင့် ဓာတ်မြေဩဇာဆိုင်များကို ကွင်းဆင်းစစ်ဆေးအသိပညာပေး

ပန်းတောင်း အောက်တိုဘာ ၃

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ပေါ်ရှိ ရပ်ကွက်များ၌ ရောင်းချလျက်ရှိသော စိုက်ပျိုးရေးဆေးဆိုင်များနှင့် ဓာတ်မြေဩဇာဆိုင်များကို အောက်တိုဘာလ ၃ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်ကြသည်။

ထိုသို့စစ်ဆေးရာတွင် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကို၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးသင်းနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာမှ တရားဝင်ထုတ်ပေးသော ဖြန့်ဖြူးရောင်းချခွင့်လိုင်စင် ရှိ/မရှိ၊ မှတ်ပုံတင် ထားခြင်းမရှိသော တရားမဝင် ဖြစ်ပွားခဲ့သည့်အပြင် ထားဝယ်-မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်း ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ နေရာအချို့နှင့် မြိတ်-မောတောင် လမ်းမကြီးပေါ်ရှိ နေရာအချို့တွင် ရေကျော်ခြင်းများ၊ လမ်းပေါ်သို့မြေပြိုကျ၍ လမ်းပိတ်ခြင်း၊ လမ်းပေါ်ရှိ တံတားများတွင် အမှိုက်များ ပိတ်ဆို့ခြင်းများဖြစ်ပွားခဲ့သည်။

ထိုသို့ဖြစ်ပွားခဲ့မှုများကိုတနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ကွပ်ကဲစီမံမှုဖြင့် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပူးပေါင်း၍ မြစ်ရေဝင်ရောက်မှုဖြစ်ပွားခဲ့သည့် ထားဝယ်မြို့၊ သရက်ချောင်းမြို့၊ လောင်းလုံးမြို့၊ ပုလောမြို့၊ တနင်္သာရီမြို့တို့ရှိ ရေဘေးသင့် ပြည်သူများအား ယာယီရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပေးခြင်း၊ ဘုန်းတော်ကြီးကျောင်းများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ စားသောက်ဖွယ်ရာများ ပို့ဆောင်ဝေငှပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လမ်းပေါ်တွင် ပြိုကျနေသည့် မြေကြီးများအား ဖယ်ရှားရှင်းလင်းပေးခြင်း၊ တံတားများတွင် ပိတ်နေသောအမှိုက်များ ရှင်းလင်းပေးခြင်း၊ သွားလာ၍မရသောနေရာများတွင် လမ်းလွှဲဆောင်ရွက်ပေးခြင်းအပါအဝင် အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်အိမ်ထောင်စုများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏စီမံမှုဖြင့် တိုင်းဒေသကြီးသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များက ကယ်ဆယ်ရေးပစ္စည်းနှင့် အစားအသောက်များ၊ ကူညီထောက်ပံ့ငွေများကို လက်ဝယ်အရောက်ပေးအပ်လျက်ရှိပြီး ထားဝယ်၊ သရက်ချောင်းနှင့် လောင်းလုံးမြို့နယ်တို့ရှိ ရေဝင်ရောက်မှုကြောင့် ယာယီပိတ်ထားသော ကျောင်းများကို လည်း ပြန်လည်ဖွင့်လှစ်ကာ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



ဆေးဆိုင်များ ဆောင်ရွက်ကြသည်။

ထိုသို့စစ်ဆေးရာတွင် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကို၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးသင်းနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာမှ တရားဝင်ထုတ်ပေးသော ဖြန့်ဖြူးရောင်းချခွင့်လိုင်စင် ရှိ/မရှိ၊ မှတ်ပုံတင် ထားခြင်းမရှိသော တရားမဝင် ဖြစ်ပွားခဲ့သည့်အပြင် ထားဝယ်-မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်း ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ နေရာအချို့နှင့် မြိတ်-မောတောင် လမ်းမကြီးပေါ်ရှိ နေရာအချို့တွင် ရေကျော်ခြင်းများ၊ လမ်းပေါ်သို့မြေပြိုကျ၍ လမ်းပိတ်ခြင်း၊ လမ်းပေါ်ရှိ တံတားများတွင် အမှိုက်များ ပိတ်ဆို့ခြင်းများဖြစ်ပွားခဲ့သည်။

ထိုသို့ဖြစ်ပွားခဲ့မှုများကိုတနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ကွပ်ကဲစီမံမှုဖြင့် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပူးပေါင်း၍ မြစ်ရေဝင်ရောက်မှုဖြစ်ပွားခဲ့သည့် ထားဝယ်မြို့၊ သရက်ချောင်းမြို့၊ လောင်းလုံးမြို့၊ ပုလောမြို့၊ တနင်္သာရီမြို့တို့ရှိ ရေဘေးသင့် ပြည်သူများအား ယာယီရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပေးခြင်း၊ ဘုန်းတော်ကြီးကျောင်းများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ စားသောက်ဖွယ်ရာများ ပို့ဆောင်ဝေငှပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လမ်းပေါ်တွင် ပြိုကျနေသည့် မြေကြီးများအား ဖယ်ရှားရှင်းလင်းပေးခြင်း၊ တံတားများတွင် ပိတ်နေသောအမှိုက်များ ရှင်းလင်းပေးခြင်း၊ သွားလာ၍မရသောနေရာများတွင် လမ်းလွှဲဆောင်ရွက်ပေးခြင်းအပါအဝင် အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်အိမ်ထောင်စုများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏စီမံမှုဖြင့် တိုင်းဒေသကြီးသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များက ကယ်ဆယ်ရေးပစ္စည်းနှင့် အစားအသောက်များ၊ ကူညီထောက်ပံ့ငွေများကို လက်ဝယ်အရောက်ပေးအပ်လျက်ရှိပြီး ထားဝယ်၊ သရက်ချောင်းနှင့် လောင်းလုံးမြို့နယ်တို့ရှိ ရေဝင်ရောက်မှုကြောင့် ယာယီပိတ်ထားသော ကျောင်းများကို လည်း ပြန်လည်ဖွင့်လှစ်ကာ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

စက်တင်ဘာလ ၂၁ ရက်မှ ၂၂ ရက်အထိ နေပြည်တော်၌ ကျင်းပခဲ့သည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်၏ ဆန်နှင့်ဆန်ထွက်ပစ္စည်းများ၊ ဆန်စပါးအခြေခံထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ရောင်းချရေးလုပ်ငန်းစီမံချက်(၂၀၂၆-၂၀၃၀)စာတမ်းကောက်နုတ်ချက်

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) နှင့် ပုဂ္ဂလိကကဏ္ဍတို့၏ကိုယ်စား ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်အထိ မြန်မာ့ဆန်စပါးကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ၅ နှစ်စီမံကိန်းတစ်ခုကို အဆိုပြုတင်ပြအပ်ပါသည်။

ဤစီမံကိန်းသည် စပါးမျိုးစေ့ထုတ်လုပ်ခြင်း၊ စပါးစိုက်ပျိုးခြင်းတို့မှသည် ကုန်ချောထုတ်လုပ်ခြင်း၊ ပြည်တွင်းဖြန့်ဖြူးခြင်းနှင့် ပို့ကုန်တင်ပို့ခြင်းအထိ ဆန်စပါးလုပ်ငန်းကွင်းဆက်အားလုံး ပါဝင်မည်ဖြစ်ပါသည်။

စီမံကိန်း၏ ရည်ရွယ်ချက်မှာ စိုက်ပျိုးရေးထွက်ကုန်များကို အကျိုးရှိစွာအသုံးပြုပြီး နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော စက်မှုကဏ္ဍတစ်ခုတည် ဆောက်လျက် တောင်သူများ၏လူနေမှုဘဝကို မြှင့်တင်ရန်ဖြစ်ပါသည်။

အဆိုပါစိုက်ပျိုးရေးကဏ္ဍကွင်းဆက်တစ်လျှောက် စီးပွားရေးဆိုင်ရာရင်းနှီးမြှုပ်နှံမှုများကို ပုဂ္ဂလိကလုပ်ငန်းများက ဦးဆောင်ရမည်ဖြစ်ပြီး မရှိမဖြစ်လိုအပ်သောဝန်ဆောင်မှုများနှင့် အခြေခံအဆောက်အဦများတွင် အစိုးရ၏မူဝါဒများ၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများ (PPPs) ဖြင့် ပံ့ပိုးကူညီပေးရမည်ဖြစ်ပါသည်။

ရည်မှန်းချက်များနှင့် ၂၀၃၁ ပို့ကုန်လျာထားချက်

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်တွင် ဆန်နှင့် ဆန်ကွဲတန်ချိန် ၄ သန်း တင်ပို့နိုင်ရန်နှင့် တစ်ဆက်တည်းမှာပင် လယ်ယာထုတ်လုပ်မှုစွမ်းအားနှင့် တောင်သူများ၏ အသားတင်ဝင်ငွေကို ပိုမိုမြင့်မားလာစေရန် ရည်မှန်းဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် အရည်အသွေးမြင့်ဆန်များ၊ ဆန်နှင့် ဆန်ကွဲမှ ထုတ်လုပ်ထားသော အစားအစာများ (Value added)၊ ဖွဲနု၊ စားသုံးဆီ၊ အခြားဘေးထွက်ပစ္စည်းမှ စွမ်းအင်ထုတ်လုပ်ခြင်းတို့ကိုဆောင်ရွက်ပြီး လယ်ယာကဏ္ဍထုတ်ကုန်များ တန်ဖိုးနှင့်ပမာဏကို တိုးတက်စေမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် အစိုးရတို့သည် ၂၀၂၆ ခုနှစ်၏ အခြေခံစံနှုန်းများ (Baseline) နှင့် ထုတ်လုပ်မှုနှုန်း၊ ထုတ်လုပ်မှုစရိတ်၊ ရိတ်သိမ်းချိန်လွှန်ဆုံးရှုံးမှုများနှင့် ပို့ကုန်ဝင်ငွေများအတွက် နှစ်စဉ်လျာထားချက်များကို အတည်ပြုသတ်မှတ်ဆောင်ရွက်မည်ဖြစ်ပြီး ပြည်တွင်း၌လုံလောက်စွာဖြန့်ဖြူးပေးနိုင်ရေးနှင့် သက်သာသောဈေးနှုန်းဖြင့် ဆန်ရရှိရေးတို့သည်လည်း ဤစီမံကိန်း၏အဓိကသော့ချက်အဖြစ် တည်ရှိနေပါသည်။

ပြည်ပပို့ကုန် ဆန်စပါးစိုက်ပျိုးရေးဇုန်များ

ပြည်ပပို့ကုန်ဆန်စပါးစိုက်ပျိုးရေးဇုန်များ (REZ) သည် တောင်သူများ၊ စက်ပိုင်များနှင့် ပို့ကုန်လုပ်ငန်းရှင်များသဘောတူညီသတ်မှတ်ထားသော စပါးမျိုးများ၊ စိုက်ပျိုးရေးနည်းပညာများနှင့် အရည်အသွေးလိုအပ်ချက်များအတိုင်း ထုတ်လုပ်ပေးနိုင်ရန် စီမံဆောင်ရွက်ခြင်းဖြစ်ပါသည်။ ပါဝင်ဆောင်ရွက်သည့် ကုမ္ပဏီများသည် အာမခံချက်ရှိသော မျိုးစေ့များ၊ ရာသီအလိုက် ချေးငွေများ၊ စက်ကိရိယာဝန်ဆောင်မှုများနှင့် ခိုင်မာသောသီးနှံဝယ်ယူမှုဆိုင်ရာစာချုပ်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။

စိုက်ပျိုးဧရိယာ၊ သီးနှံဖြစ်ထွန်းမှုနှင့် ရိတ်သိမ်းချိန်စသည်တို့ကို ခန့်မှန်းရာတွင် ဂြိုဟ်တုနည်းပညာဖြင့် စောင့်ကြည့်ခြင်း (Satellite monitoring) နှင့် AI အကူအညီသုံး အစီရင်ခံစာများကိုအသုံးပြုပြီး မြေပြင်ကွင်းဆင်းစစ်ဆေးမှုများဖြင့် အတည်ပြုရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ပါဝင်သည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် တောင်သူအစုအဖွဲ့များကို ညှိနှိုင်းပေးရမည်ဖြစ်ပြီး အစိုးရနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ထားရှိသည့် တာဝန်ရှိသူများက တိုးချဲ့ပညာပေးရေးဝန်ဆောင်မှုများနှင့် အခြေခံအဆောက်အဦများဖွံ့ဖြိုးရေးကို ကူညီပံ့ပိုးပေးခြင်းဖြင့် ထုတ်လုပ်မှုတိုးတက်လာခြင်းမှ တစ်ဆင့် တောင်သူများ၏ဝင်ငွေများပိုမိုကောင်းမွန်လာမည်ဖြစ်သည်။

ပြည်တွင်းအရည်အသွေးမြင့် မျိုးစေ့ထုတ်လုပ်ခြင်း

မြန်မာနိုင်ငံ၏ရာသီဥတုနှင့်ကိုက်ညီပြီး နိုင်ငံတကာတွင် စံချိန်စံညွှန်းအသိအမှတ်ပြုထားသော မျိုးကွဲများနှင့် မျိုးဗီဇများကိုအသုံးပြု၍ အရည်အသွေးမြင့်၊ အထွက်နှုန်းကောင်းမျိုးစေ့များကို ပြည်တွင်း၌တိုးမြှင့်ထုတ်လုပ်သင့်ပါသည်။ မျိုးစေ့များကို ကျယ်ကျယ်ပြန့်ပြန့်၊ ဖြန့်ဖြူးခြင်းမပြုမီ အထွက်နှုန်း၊ ပိုးမွှားရောဂါဒဏ်ခံနိုင်ရည်ရှိမှု၊ စပါးအရည်အသွေး၊ ဆန်အရည်အသွေးနှင့် ဝယ်ယူသူများကြိုက်နှစ်သက်မှုတို့ကို ဒေသတွင်းစမ်းသပ်စိုက်ပျိုးမှုများဖြင့် ဆန်းစစ်ရမည်ဖြစ်ပါသည်။

အစိုးရသုတေသနအဖွဲ့အစည်းများက မျိုးသန့်မျိုးစေ့နှင့် မိဘမျိုးစေ့များ (Breeder & Foundation Seed) ထောက်ပံ့မှုနှင့် အသိအမှတ်ပြုခြင်းတို့ကို အားကောင်းအောင်လုပ်ဆောင်ရမည်ဖြစ်ပြီး ပုဂ္ဂလိကကဏ္ဍ၊ မျိုးစေ့ထုတ်ကုမ္ပဏီများနှင့် မျိုးစေ့ထုတ်တောင်သူလယ်သမားအစုအဖွဲ့များက စံချိန်မီမျိုးစေ့များကို တိုးပွားထုတ်လုပ်ဖြန့်ဖြူးပေးရမည်ဖြစ်ပါသည်။ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မျိုးစေ့လုပ်ငန်းများတွင် သုတေသနဆောင်ရွက်ခြင်းနှင့် ထုတ်လုပ်ခြင်းလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်စေမည်ဖြစ်ပါသည်။

ပေါ်ဆန်းစပါးမျိုးသန့်စင်မှုနှင့် အခြားအဆင့်မြင့်မြန်မာ့စပါးမျိုးများကိုလည်း ဤစီမံကိန်းတစ်လျှောက်လုံး မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ပေးနိုင်ရေးနှင့် မျိုးထိန်းသိမ်းခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

လယ်ယာမြေပြင်ခြင်းနှင့် စဉ်ဆက်မပြတ် တည်ငြိမ်သည့်စိုက်ပျိုးရေး

ပြည်ပပို့ကုန်ဆန်စပါးစိုက်ပျိုးရေးဇုန်များ (REZ) ဖွံ့ဖြိုးတိုးတက်ရေးတွင် တောင်သူများ၏ ဆန္ဒအလျောက် မြေကွက်များပေါင်းစည်းခြင်း သို့မဟုတ် အနီးစပ်ဆုံး လယ်ကွက်များအား စနစ်တကျပူးပေါင်းစိုက်ပျိုးခြင်းတို့ကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပြီး တောင်သူများပါဝင်ဆောင်ရွက်မှုနှင့် ဥပဒေကြောင်းအရ လယ်ယာမြေအကျိုးခံစားခွင့်များကို အကာအကွယ်ပေးရမည်ဖြစ်ပါသည်။

မြေပြင်ညီညာအောင်ပြုလုပ်ခြင်း၊ လယ်ယာကုန်ထုတ်လမ်းများပြုပြင်ခြင်း၊ ကန်သင်းများအဆင့်မြှင့်တင်ခြင်း၊ ရေသွင်း/ရေထုတ်စနစ် ကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ လယ်ယာသုံးစက်ကိရိယာများကို အကျိုးရှိစွာသုံးစွဲနိုင်စေရန်နှင့် ရေထိန်းချုပ်မှုကို ပိုမိုကောင်းမွန်စေရန် ထောက်ပံ့ပေးမည်ဖြစ်သည်။ မြေညီညာပြီး ရေပေးဝေမှုသေချာစွာရရှိနိုင်သည့် နေရာများတွင် "စိုလိုက်ခြောက်လိုက် ရေသွင်းစနစ်" (AWD) ကို တောင်သူများအား သင်တန်းပေးခြင်း၊ သီးနှံအဆင့်လိုက် လမ်းညွှန်မှုများပေးခြင်းဖြင့် တိုးချဲ့ဆောင်ရွက်ရမည်ဖြစ်ပါသည်။

အစိုးရနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းတို့သည် ရေသွင်း၊ ရေထုတ်မြောင်းများ/ ရေပေးဝေမှု အခြေခံအဆောက်အဦများကို မြှင့်တင်ပေးရမည်ဖြစ်ပြီး တောင်သူများနှင့် ကုမ္ပဏီများက မြေဆီလွှာစစ်ဆေးခြင်း၊ ဓာတ်မြေဩဇာမျှတစွာသုံးစွဲခြင်းနှင့် ပိုးမွှားကာကွယ်နှိမ်နင်းခြင်း (IPM) စသည်တို့ကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။

ရိတ်သိမ်းခြင်း၊ သိုလှောင်ခြင်းနှင့် ဆန်စက်များ ခေတ်မီဆန်းသစ်ခြင်း

သီးနှံများအထွက်နှုန်းနှင့် အရည်အသွေးအကောင်းဆုံးရရှိနိုင်သည့်အချိန်တွင် အချိန်ကိုက်ရိတ်သိမ်းခြင်း၊ စနစ်တကျသယ်ယူပို့ဆောင်ခြင်းနှင့် စက်ကိရိယာသုံး အခြောက်ခံခြင်းတို့သည် လေလွင့်ပြုန်းတီးမှုကို လျော့ချပေးပြီး စပါး၏အရည်အသွေးကို ထိန်းသိမ်းပေးမည်ဖြစ်သည်။

ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများသည် စပါး/ ဆန်များ လေလွင့်ဆုံးရှုံးမှုမရှိစေရေး၊ စပါး/ဆန်အဆင့်အတန်းခွဲခြားရေး၊ အစားအသောက်ဘေးကင်းရေးနှင့်စွမ်းအင်အကျိုးရှိစွာသုံးစွဲနိုင်ရေးတို့အတွက် အမိုးအကာပါသော ဂိုဒေါင်များနှင့်သင့်တော်သော စပါး/ဆန်သိုလှောင်ရုံ (Silos) များကို အသုံးပြုသိုလှောင်၍ ဆန်စက်များကို အဆင့်မြှင့်တင်ရမည်ဖြစ်ပါသည်။ မျိုးကွဲများနှင့် အရည်အသွေးအဆင့်အတန်းအလိုက် သီးခြားစီ စီမံကိုင်တွယ်ခြင်းကို သိုလှောင်ချိန်နှင့် ပြုပြင်ထုတ်လုပ်ချိန်များတွင် စနစ်တကျဆက်လက်ဆောင်ရွက်ရမည်။

နိုင်ငံတော်နှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့်အဖွဲ့အစည်းတို့သည် အများသုံးအဆောက်အအုံများ၊ နည်းပညာသင်တန်းများနှင့်လိုအပ်သော အခြေခံအဆောက်အဦများကို ပံ့ပိုးပေးရမည်ဖြစ်သည်။ ပြည်တွင်း၌ စက်ကိရိယာများတပ်ဆင်ခြင်း၊ အပိုပစ္စည်းများထောက်ပံ့ခြင်းနှင့် ထိန်းသိမ်းပြုပြင်ရေးကျွမ်းကျင်မှုများသည် လုပ်ငန်းများ၏စက်ကိရိယာများကိုစိတ်ချရပြီး ဘေးကင်းစွာလည်ပတ်နိုင်စေရန် ကူညီပေးမည်ဖြစ်သည်။

Myanmar Rice Online မှတစ်ဆင့် ဒီဂျစ်တယ်စနစ်ဖြင့် မှတ်ပုံတင်ခြင်း

Myanmar Rice Online (MyRO) စနစ်သည် ဆန်စက်များ၊ ဆန်နှင့်စပါးကိုဒေါင်များ၏ အချက်အလက်များ၊ ပစ္စည်းအဝင်အထွက်စာရင်းများနှင့် လက်ကျန်စာရင်းများကို တိကျစွာဖြင့် အွန်လိုင်းမှတစ်ဆင့် အတည်ပြုမှတ်ပုံတင်နိုင်ရေး ပံ့ပိုးပေးရမည်ဖြစ်သည်။ အစိုးရနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့သည် အစီရင်ခံတင်ပြမှုများကို လွယ်ကူရှင်းလင်းအောင်ပြုလုပ်ပေးရမည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းများ၏မှတ်ပုံတင်ခြင်းကို ကူညီပေးကာ အရေးကြီးသော စီးပွားရေးဆိုင်ရာအချက်အလက်များကို အကာအကွယ်ပေးရမည်ဖြစ်သည်။

အဆိုပါ MyRO မှစာရင်းဇယားများသည် ဆန်/စပါးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများ၏ စီမံကိန်းရေးဆွဲခြင်း၊ စိစစ်စုံစမ်းနိုင်ခြင်း (Traceability) နှင့် ဘဏ္ဍာရေးဆိုင်ရာ ဆန်းစစ်ချက်များကို ပိုမိုလွယ်ကူစွာဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ MyRO တွင် မှတ်ပုံတင်ခြင်းသည် ဆန်/စပါးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများလုပ်ကိုင်သူများအနေဖြင့် ပိုမိုကောင်းမွန်သောဝန်ဆောင်မှုများကို လွယ်ကူစွာရယူနိုင်မည်ဖြစ်သော်လည်း အချိန်ကိုက်၊ တိကျသောအချက်အလက်များနှင့် မိမိတို့ထုတ်ကုန်၏အရည်အသွေးအတွက် မှတ်တမ်းပြုစုတင်ပြရန် တာဝန်ရှိမည်ဖြစ်ပါသည်။

အရည်အသွေးမြင့် အမှတ်တံဆိပ်ဖန်တီးခြင်းနှင့် ပြည်တွင်းဖြန့်ဖြူးခြင်း

ဆန်/စပါးလုပ်ငန်းတွင်ပါဝင်သည့် စီးပွားရေးလုပ်ငန်းများသည် စပါး/ဆန်ဝယ်ယူခြင်းမှစ၍ လက်လီရောင်းချခြင်းအထိ တစ်သမတ်တည်းရှိသော ဆန်/စပါးအဆင့်အတန်းခွဲခြားခြင်း၊ အစားအသောက်ဘေးကင်းရေးထိန်းချုပ်ခြင်းနှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ်စုံစမ်းနိုင်ခြင်း (Lot traceability) တို့ကို ဆောင်ရွက်နိုင်ရန် တိကျသောမူရင်းဒေသနှင့် ထုတ်ကုန်အညွှန်းအမှတ်အသားများဖြင့် ဆောင်ရွက်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် အရည်အသွေးစံချိန်စံညွှန်းများကို ညှိနှိုင်းပေးရမည်ဖြစ်ပြီး သင့်တော်သောဒေသဆိုင်ရာအညွှန်းအမှတ်အသား (Geographical Indication) အကာအကွယ်ပေးခြင်းနှင့် စံမီထုပ်ပိုးမှုများပါဝင်သည့် ပေါ်ဆန်းနှင့်ဒေသတွင်းဆန်အမှတ်တံဆိပ်များကို မြှင့်တင်ပေးရမည်ဖြစ်သည်။ လိမ်လည်ရောနှောရောင်းချခြင်းများကို တားဆီးရမည်ဖြစ်ပြီး ခွင့်ပြုထားသော ရောနှောဆန်များတွင် ကျင့်ဝတ်နှင့်ကိုက်ညီ၍ ရှင်းလင်းပြီး တာဝန်ယူမှုရှိသော အမှတ်အသားများကို တပ်ဆင်ရမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် စားသုံးသူအကာအကွယ်ပေးရေးနှင့် မျှတသောဈေးကွက်ကျင့်သုံးမှုများကို အားကောင်းအောင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ပိုမိုကောင်းမွန်သော လက်ကား၊ လက်လီနှင့် ဒီဂျစ်တယ်ဖြန့်ဖြူးရေးစနစ်များသည် ပြည်တွင်း၌သက်သာသောဈေးနှုန်းဖြင့် ဆန်ကိုစိတ်ချစွာဝယ်ယူရရှိနိုင်မှုကိုထိန်းသိမ်းလျက် အရည်အသွေးမြင့်ထုတ်ကုန်များကို ရောင်းချပေးနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ဖွဲနုဆီနှင့် ဆီထုတ်ပြီးဖွဲ

ဖွဲနုသည် စားသုံးဆီထုတ်လုပ်မှုအတွက် ယုံကြည်စိတ်ချရသော ကုန်ကြမ်းဖြစ်လာမည်ဖြစ်ပြီး ဆီထုတ်ပြီးဖွဲ (Defatted rice bran) မှတစ်ဆင့် တန်ဖိုးပိုမိုထွက်ရှိသည့် အရင်းအမြစ်ဖြစ်လာမည်ဖြစ်သည်။ စက်ပိုင်များနှင့် ထုတ်လုပ်သူများသည် ကုန်ကြမ်းထောက်ပံ့ရေးစာချုပ်များချုပ်ဆိုရမည်ဖြစ်ပြီး ဆီမထုတ်မီ ဖွဲသစ်များ၏အရည်အသွေးမပျက်စီးစေရန် အချိန်ကိုက်သိမ်းဆည်းခြင်းနှင့် အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ရမည်။

ဆီထုတ်ယူခြင်းနှင့် သန့်စင်ခြင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများသည် စိတ်ချရသော ကုန်ကြမ်းပမာဏနှင့် အတည်ပြုထားသော ဈေးကွက်များအပေါ် အခြေခံရမည်ဖြစ်ပါသည်။ ဆီထုတ်ပြီးဖွဲသည် စနစ်တကျဖော်စပ်ထားသော **စာမျက်နှာ ၉ သို့** ⇛

⇛ **စာမျက်နှာ ၈ မှ**

မွေးမြူရေးနှင့် ရေလုပ်ငန်းအစာများတွင် အသုံးပြုနိုင်သည့် စံချိန်စံညွှန်းများနှင့် ကိုက်ညီရမည်ဖြစ်သည်။ နိုင်ငံတော်နှင့်အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့်အဖွဲ့အစည်းများသည် အခြေခံအဆောက်အဦများ၊ ဓာတ်ခွဲစမ်းသပ်မှုများနှင့် နည်းပညာများကို ပံ့ပိုးပေးရမည်ဖြစ်ပါသည်။

ဆန်အခြေခံအစားအစာများနှင့် စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး

ထုတ်လုပ်သူများသည် ပြည်တွင်းစားသုံးသူများနှင့် ပြည်ပဝယ်ယူသူများအတွက် ဆန်မှုန့်၊ မုန့်ဖတ်၊ ခေါက်ဆွဲ၊ ကြာဆံနှင့် အခြားစီးပွားရေးအရ တွက်ခြေကိုက်သော ဆန်အခြေခံထုတ်ကုန်များကို တိုးချဲ့ထုတ်လုပ်ရမည်ဖြစ်ပါသည်။ အစားအသောက်ဘေးကင်းရေးနှင့် ထုတ်ကုန်စံချိန်စံညွှန်းများနှင့် ကိုက်ညီသော ဆန်နှင့်ဆန်ကွဲများကို စက်မှုလုပ်ငန်းများသို့ ထောက်ပံ့ပေးနိုင်ပါသည်။

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (SMEs)သည် သန့်ရှင်းသော ပြုပြင်ထုတ်လုပ်မှုစက်ကိရိယာများ၊ ထုပ်ပိုးမှုနည်းပညာများ၊ ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဖြန့်ဖြူးရေး မိတ်ဖက်များကို ရရှိရန် လိုအပ်ပါသည်။ အစိုးရ၏ပံ့ပိုးမှုနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဖွင့်လှစ်သော ဓာတ်ခွဲခန်းများသို့မဟုတ် အများသုံးအဆောက်အအုံများသည် ကုမ္ပဏီများအား ထုတ်ကုန်များကို စမ်းသပ်ရန်နှင့် သက်တမ်းပိုမိုကြာရှည်ခံအောင် ဆောင်ရွက်ရန် ကူညီပေးနိုင်ပြီး ပုဂ္ဂလိကလုပ်ငန်းများသည် စားသုံးသူလိုအပ်ချက်နှင့် ကိုက်ညီသောထုတ်ကုန်များကို တိုးမြှင့်ထုတ်လုပ်နိုင်မည်ဖြစ်ပါသည်။

ဇီဝမီးသွေး (Biochar) နှင့် လျှပ်စစ်ဓာတ်အားအတွက် စပါးခွံ

စပါးခွံများကို ရရှိနိုင်သောပမာဏနှင့် ဒေသတွင်းလိုအပ်ချက်ပေါ်မူတည်၍ ဇီဝမီးသွေးနှင့်စွမ်းအင်ရင်းနှီးမြှုပ်နှံမှုများတွင် အသုံးပြုရမည်။ အသေးစားလျှပ်စစ်ဓာတ်အားစနစ်များသည် တစ်သီးပုဂ္ဂလဆန်စက်များ သို့မဟုတ် အနီးနားရှိ သုံးစွဲသူများကို ဝန်ဆောင်မှုပေးနိုင်ပြီး အလတ်စားစီမံကိန်းများသည် ဆန်ကြိတ်ခြင်းနှင့် အခြောက်ခံခြင်းတို့အတွက် အပူနှင့် လျှပ်စစ်ဓာတ်အားကို တွဲဖက်ထုတ်လုပ်နိုင်ပါသည်။ အကြီးစားစီမံကိန်းများအတွက် ဆန်စက်အမြောက်အမြားထံမှ စိတ်ချရသော စပါးခွံရရှိမှုနှင့် ခိုင်မာသော လျှပ်စစ်ဝယ်ယူသူများလိုအပ်ပါသည်။

ဇီဝမီးသွေးထုတ်လုပ်မှုသည် စနစ်တကျပြုပြင်ထုတ်လုပ်မှု၊ အရည်အသွေးစမ်းသပ်မှုနှင့်ဒေသတွင်းမြေဆီလွှာစမ်းသပ်မှုများလိုအပ်သည်။ နိုင်ငံတော်အနေဖြင့် ရှင်းလင်းသော လျှပ်စစ်ဓာတ်အားဆိုင်ရာ စီမံဆောင်ရွက်မှုများကို ပံ့ပိုးပေးရမည်ဖြစ်ပြီး လုပ်ငန်းလုပ်ကိုင်သူများသည် ကုန်ကြမ်းရရှိရေး၊ ဝန်ထမ်းများကို သင်တန်းပေးရေးနှင့်ဓာတ်ငွေ့ထုတ်လွှတ်မှုထိန်းချုပ်ရေးတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ စီမံကိန်းရေးဆွဲရာတွင် ပြိုင်ဆိုင်မှုရှိသော အသုံးပြုမှုများကြား စပါးခွံပမာဏကို စာရင်းနှစ်ထပ် ထပ်တွက်မိခြင်း (Double-counting) မှ ရှောင်ရှား၍ တိကျသေချာစွာ တွက်ချက်ရမည်ဖြစ်ပါသည်။

စွန့်ပစ်ပစ္စည်းများပြန်လည်အသုံးပြုသည့် ဆန်စပါး စီးပွားရေးစနစ်

စွန့်ပစ်ပစ္စည်းများ ပြန်လည်အသုံးပြုသည့် ဆန်စပါး စီးပွားရေးစနစ်သည် ဆုံးရှုံးမှုများကိုတားဆီးခြင်းနှင့် သင့်တော်သောပစ္စည်းများကို အကျိုးရှိစွာ အသုံးပြုခြင်းတို့ဖြင့် ဆန်စပါးကဏ္ဍကို စွန့်ပစ်ပစ္စည်းလုံးဝမရှိစေသည့် (Zero Waste) ဦးတည်ချက်သို့ သွားစေမည်ဖြစ်သည်။ ဖွဲနုသည် စားသုံးဆီနှင့်အစာပါဝင်ပစ္စည်းများကို ထောက်ပံ့ပေးနိုင်သည်။ ဆန်ကွဲသည် အစားအသောက် ပြုပြင်ထုတ်လုပ်မှုကို အထောက်အကူပြုနိုင်သည်။ စပါးခွံသည် ဇီဝမီးသွေး သို့မဟုတ် စွမ်းအင်ကို ရရှိစေသည်။ စနစ်တကျ ပြုပြင်ထားသော သင့်တော်သည့် ဇီဝစွန့်ပစ်ပစ္စည်းများသည် သဘာဝမြေဩဇာဖြစ်လာစေရန် ကူညီပေးနိုင်သည်။

လုပ်ငန်းများမှ ပြန်လည်ရရှိသောပစ္စည်းများကို တိုင်းတာရမည်ဖြစ်ပြီး ကျန်ရှိသောစွန့်ပစ်ပစ္စည်းများကို ဘေးကင်းစွာစီမံခန့်ခွဲရမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများအတွက် လုပ်ငန်းစဉ်အတွင်း ပါဝင်ပတ်သက်သူများစုပေါင်း၍ စံချိန်စံညွှန်းများ သတ်မှတ်ခြင်း၊ သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ခြင်းလုပ်ငန်းများဆောင်ရွက်ရမည်ဖြစ်ပါသည်။

ဆန်စပါးအခြေပြု စိုက်ပျိုးရေးနှင့်စက်မှုကွန်ရက်များ

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့တွင်တည်ရှိသော ဆန်စက်များသည် ဆန်ကြိတ်ခွဲခြင်းကို ဖွဲနုဆီနှင့် အခြားစားသုံးဆီများ၊ တိရစ္ဆာန်အစာ၊ သဘာဝမြေဩဇာ၊ ဆန်မှုန့်၊ ပြောင်းဖူးမှုန့်၊ ပဲပြုပြင်ထုတ်လုပ်ခြင်း၊ ဆန်ခေါက်ဆွဲနှင့် ကြာဆံထုတ်လုပ်ခြင်းတို့ကို ပေါင်းစပ်ဆောင်ရွက်ပေးရမည်ဖြစ်သည်။ အဆိုပါ ပူးပေါင်းဆောင်ရွက်မှုများသည် ဒေသတွင်းကုန်ကြမ်းထောက်ပံ့မှုနှင့်လိုအပ်ချက်ကို အထောက်အပံ့ဖြစ်မည်ဖြစ်ပါသည်။ လုပ်ငန်းရှင်များ စုပေါင်းသုံးစွဲမည့် သိုလှောင်ရုံများ၊ အသုံးဆောင်ပစ္စည်းများ၊ ဓာတ်ခွဲခန်းများနှင့် ဖြန့်ဖြူးရေးစနစ်များသည်ပြုပြင်ထုတ်လုပ်သူများကို တောင်သူများ၊ ဝယ်ယူသူများနှင့် ချိတ်ဆက်ပေးနိုင်သည်။

ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများသည် လုပ်ငန်းဆောင်ရွက်မှုများကို ဦးဆောင်ရမည်ဖြစ်ပြီး နိုင်ငံတော်နှင့် အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများမှ အခြေခံအဆောက်အဦများ၏ ကူညီပံ့ပိုးမှုဖြင့် သင့်တော်သော ဘေးထွက်ပစ္စည်းများကို တိရစ္ဆာန်အစာကို ထောက်ပံ့ပေးကာ စနစ်တကျ ပြုပြင်ထားသော စွန့်ပစ်ပစ္စည်းများက သဘာဝမြေဩဇာဖြစ်လာအောင် ကူညီပေးရမည်ဖြစ်ပါသည်။

ပို့ကုန်မြှင့်တင်ရေးနှင့် စိတ်ချရသော တင်ပို့ဖြန့်ဖြူးမှု

ပို့ကုန်လုပ်ငန်းရှင်များသည် အဆင့်မြင့်ဆန်၊ ဆန်မွေး၊ ပေါင်းဆန်နှင့် ထုပ်ပိုးပြီးဆန်တို့အတွက် ဝယ်ယူသူများကို စုံလင်အောင်ဆောင်ရွက်ပေးရမည်ဖြစ်ပြီး အရည်အသွေးနှင့်စိတ်ချရသော စာချုပ်များကို ထိန်းသိမ်းကာ ကုန်သွယ်ရေးနှင့်ဘဏ္ဍာရေးကို အာမခံချက်ရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် စီးပွားရေးမြှင့်တင်မှုများနှင့် ဈေးကွက်သတင်းအချက်အလက်များကို ညှိနှိုင်းပေးရမည်ဖြစ်ပါသည်။ အစိုးရအနေဖြင့် ဈေးကွက်ဝင်ရောက်နိုင်မှု၊ အချိန်နှင့်တစ်ပြေးညီ လိုအပ်သော အသိအမှတ်ပြုလက်မှတ်ထုတ်ပေးမှု၊ ဆိပ်ကမ်းများနှင့် ခန့်မှန်းရလွယ်ကူသော ပို့ကုန်နှင့် နိုင်ငံခြားငွေလဲလှယ်ရေးမူဝါဒများကို ကူညီဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

နှစ်စဉ် ပို့ကုန် ရည်မှန်းချက်များသည် ပြည်တွင်းစားသုံးမှုဖူလုံစေရေးနှင့် လက်ကျန်စာရင်းများကို ထိခိုက်မှုမရှိစေရန် လိုအပ်ပါသည်။ ပို့ကုန်ဝင်ငွေများကို ဆန်နှင့် ဆန်ကွဲတန်ချိန်တို့နှင့်အတူ စောင့်ကြည့်စစ်ဆေးရမည်ဖြစ်ပြီး ဆန်/ဆန်ကွဲအခြေခံထားသော အစားအစာများနှင့် ဘေးထွက် ထွက်ကုန်များကို သီးခြားစာရင်းပြုစုတင်ပြရမည်ဖြစ်ပါသည်။

တာဝန်ဝတ္တရားများနှင့် ဘဏ္ဍာရေးဆိုင်ရာ

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ပုဂ္ဂလိက ကဏ္ဍများတွင် ပါဝင်ဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှု ဦးစားပေးလုပ်ငန်းများနှင့် စက်မှုကဏ္ဍ နှစ်ချုပ်အစီရင်ခံစာများဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ရမည်ဖြစ်ပါသည်။ ကုမ္ပဏီများသည် ရင်းနှီးမြှုပ်နှံခြင်း၊ လုပ်ငန်းလည်ပတ်ခြင်း၊ တောင်သူများ စာချုပ်ချုပ်ဆိုခြင်းနှင့် ဈေးကွက်များဖော်ဆောင်ခြင်းတို့ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အစိုးရအနေဖြင့် အများပြည်သူဆိုင်ရာ သုတေသနလုပ်ငန်းများ၊ ရေသွင်းရေထုတ်မြောင်းများ၊ ကုန်ထုတ်လမ်းများနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အဦများ၊ ခန့်မှန်းရလွယ်ကူသော မူဝါဒများနှင့် ထိရောက်သော စံချိန်စံညွှန်းများကို ပံ့ပိုးပေးရမည်ဖြစ်ပါသည်။

အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများသည် REZ ဝန်ဆောင်မှုများ၊ မျိုးစေ့သုတေသနနှင့် ဖြန့်ဖြူးရေးစင်တာများ၊ ဓာတ်ခွဲခန်းများ၊ MyRO နှင့်သင့်တော်သော စက်မှုအခြေခံအဆောက်အဦများကို ရှင်းလင်းသော ပိုင်ဆိုင်မှုနှင့် လုပ်ငန်းဆောင်ရွက်ရန် တာဝန်ဝတ္တရားများကို တိကျစွာ ဆောင်ရွက်ပေးသင့်ပါသည်။ ဘဏ်များသည် ရာသီအလိုက် စိုက်ပျိုးစရိတ်နှင့် ကုန်သွယ်ရေးချေးငွေများ၊ စက်ကိရိယာများအတွက် ကာလရှည်ချေးငွေ သို့မဟုတ် နှစ်ချုပ်အငှားချခြင်းစနစ် (Leasing)များကို ပံ့ပိုးပေးရမည်ဖြစ်ပါသည်။ ဦးစားပေး စီမံကိန်းတိုင်းအတွက် တာဝန်ယူရမည့် ဦးဆောင်သူ၊ ဘတ်ဂျက်နှင့် အကောင်အထည်ဖော်မည့် အချိန်ဇယားများရှိရန် လိုအပ်ပါသည်။

အကောင်အထည်ဖော်ခြင်းနှင့် နှစ်စဉ် ပြန်လည်သုံးသပ်ခြင်း

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင်မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် အစိုးရတို့သည် အခြေခံ စံချိန်စံနှုန်းများကို အတည်ပြုခြင်း၊ REZ ဇုံများကို သတ်မှတ်ခြင်း၊ မှတ်ပုံတင်ခြင်းလုပ်ငန်းများကို အားကောင်းအောင်လုပ်ဆောင်ခြင်းနှင့် တောင်သူများနှင့်အတူ တောင်သူအကျိုးပြု စီမံကိန်းတစ်ရပ်ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။

၂၀၂၇-၂၀၂၈ နှင့် ၂၀၂၈-၂၀၂၉ ဘဏ္ဍာရေးနှစ်တို့တွင် အရည်အသွေးကောင်း မျိုးစေ့များနှင့် AWD ကဲ့သို့ သင့်တော်သော စိုက်ပျိုးနည်းစနစ်များကို တိုးချဲ့ခြင်း၊ ဆောင်ရွက်ခြင်းနှင့် ရိတ်သိမ်းချိန်လွန်လုပ်ငန်းများ အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ၂၀၂၉-၂၀၃၀ နှင့် ၂၀၃၀-၂၀၃၁ ဘဏ္ဍာရေးနှစ်တို့တွင် အောင်မြင်ပြီးသောလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တိုးချဲ့ခြင်းနှင့်အမှတ်တံဆိပ်ပါ ပို့ကုန်များကို အားကောင်းအောင်ဆောင်ရွက်ခြင်းတို့အပေါ် အဓိကထားရမည်ဖြစ်ပါသည်။

တောင်သူများ၊ စက်မှုလုပ်ငန်းရှင်များနှင့် ဘဏ္ဍာရေးဆိုင်ရာ မိတ်ဖက်များနှင့်အတူ နှစ်စဉ်လုပ်ငန်းပြန်လည်သုံးသပ်မှုများ ပြုလုပ်၍ ဝင်ငွေ၊ ထုတ်လုပ်မှုစွမ်းအား၊ ဆုံးရှုံးမှုများ၊ တန်ဖိုးမြှင့်တင်မှုများနှင့်ပို့ကုန်များကို ဆန်းစစ်ရမည်ဖြစ်ပြီး ရလဒ်များအပေါ်မူတည်၍ လိုအပ်ချက်ရှိသည့်နေရာများတွင် လုပ်ဆောင်ချက်များကို ပြန်လည်ပြင်ဆင်ရမည်ဖြစ်ပါသည်။

နိဂုံး

လုပ်ငန်းအောင်မြင်မှုများသည် တောင်သူများအတွက် ပိုမိုကောင်းမွန်သော လူနေမှုဘဝကို ဆောင်ကြဉ်းပေးမည်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရ၏ရှင်းလင်းသောမူဝါဒများနှင့်ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုများအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ပုဂ္ဂလိကကဏ္ဍတို့သည် ဈေးကွက်ထိုးဖောက်မှု အားကောင်းစေရန်နှင့် အရည်အသွေးကောင်းစေရန်အတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂၀၂၆-၂၀၃၁ စီမံကိန်းကို စနစ်တကျ ပူးပေါင်းအကောင်အထည်ဖော်ရန်နှင့် ရလဒ်များမျှဝေရန်အတွက် အတူတကွ ပူးပေါင်းတာဝန်ယူကြရန် လိုအပ်ပါသည်။ နှစ်စဉ် ဆန်နှင့်ဆန်ကွဲ တန်ချိန် ၄ သန်း တင်ပို့နိုင်ရေး ရည်မှန်းချက်သည် ပြည်တွင်းစားနပ်ရိက္ခာဖူလုံစေရေးနှင့် မြန်မာ့တောင်သူလယ်သမားအတွက် ရေရှည်အကျိုးကျေးဇူးများရရှိလာမည်ဖြစ်ပါသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူထုလှုပ်ရှားမှုအသိပညာပေးလုပ်ငန်းများဆောင်ရွက်

မင်းဘူး အောက်တိုဘာ ၃

ဧရာဝတီ မြစ်ကမ်းနားတစ်လျှောက် မြစ်ချောင်းများအတွင်း ပလတ်စတစ်နှင့် တခြားအမှိုက်များ စွန့်ပစ်မှုမရှိစေရေး၊ အဏ္ဏဝါအမှိုက်သရိုက်များ ညစ်ညမ်းမှုမဖြစ်ပေါ်စေရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူထုလှုပ်ရှားမှု အသိပညာပေးလုပ်ငန်းများကို အောက်တိုဘာလ ၂ ရက်က မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ အမှတ်(၄) သူဌေးကုန်းရပ်ကွက်ရှိ မဟာသကျမုနိအာရုံခံတန်ဆောင်းနှင့် ကမ်းနားလမ်းရေလွှဲပေါက်အနီး၌ ဆောင်ရွက်သည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဆန်းဟုန်နှင့် မင်းဘူးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇေယျတို့က ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူထုလှုပ်ရှားမှု အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမန်းနှင့် တာဝန်ရှိသူများက စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုမရှိစေရေး၊ ပင်လယ်၊ သမုဒ္ဒရာနှင့် မြစ်ချောင်းများအတွင်း ပလတ်စတစ်နှင့် တခြားအမှိုက်များမစွန့်ပစ်ခြင်းဖြင့် အဏ္ဏဝါအမှိုက်သရိုက်များ ညစ်ညမ်းမှုမဖြစ်ပေါ်စေရေး အတွက် ဝိုင်းဝန်းထိန်းသိမ်းကြပါစို့ ခေါင်းစဉ်ဖြင့် အသီးသီးအသိပညာပေး ဟောပြောဆွေးနွေးကြသည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် မင်းဘူးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ တာဝန်ရှိသူများဦးဆောင်ပြီး ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူထုလှုပ်ရှားမှုလုပ်ငန်းများအဖြစ် မင်းဘူးမြို့ အမှတ်(၄) ကမ်းနားလမ်းရေလွှဲပေါက်ဧရိယာအတွင်း စွန့်ပစ်ပလတ်စတစ်များကြောင့် အဏ္ဏဝါဂေဟစနစ် မပျက်စီးစေရေး၊ မြစ်ချောင်းများအတွင်း ရေထုညစ်ညမ်းမှု လျော့နည်းစေရေး၊ အဏ္ဏဝါအမှိုက်သရိုက်လျော့ချရေး၊ ပလတ်စတစ်သုံးစွဲမှုလျော့ချရေး၊ ပလတ်စတစ်အစားထိုးပစ္စည်းများသုံးစွဲရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်ကြသည်။

ထို့နောက် ဒေသခံများနှင့်အတူ ဧရာဝတီ မြစ်ကမ်းဘေးတစ်လျှောက် သန့်ရှင်းသာယာလှပစေရေး စုပေါင်းအမှိုက်ကောက်ခြင်း၊ ဈေးဆိုင်များ၊ စားသောက်ဆိုင်များ၌ အသိပညာပေးပိုစတာကပ်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် လူစည်ကားရာနေရာများ၌ စနစ်တကျ အမှိုက်စွန့်ပစ်နိုင်ရေး အမှိုက်ပုံးထားရှိပေးခြင်း စသည့် လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများစစ်ဆေး



ဆင်ပေါင်ဝဲ အောက်တိုဘာ ၃

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့ရှိ စက်သုံးဆီအရောင်းဆိုင်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို တာဝန်ရှိသူများက အောက်တိုဘာလ ၃ ရက်နံနက်ပိုင်းတွင် စစ်ဆေးခြင်းဆောင်ရွက်သည်။

ထိုသို့စစ်ဆေးရာတွင် ဆင်ပေါင်ဝဲမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်း ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက စက်သုံးဆီအရောင်းဆိုင်များ၌ မီးသတ်ဦးစီးဌာနက သတ်မှတ်ထားသောညွှန်ကြားချက်များနှင့်အညီ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုရှိ/မရှိမီးသတ်ဆေးဘူးများ မီးသတ်ဆေးဘူးများ ရှိ၊ မရှိ၊ မီးသတ် ရေလောင်းကန်များ၌ ရေများအရန်သင့်စုဆောင်းထားရှိမှုရှိ/ မရှိ၊ စက်သုံးဆီသိုလှောင်ကန်များ၌ စက်သုံးဆီများစနစ်တကျသိုလှောင်ထားရှိမှုနှင့် ဖြန့်ဖြူးရောင်းချပေးနေမှုများကို စစ်ဆေးဆောင်ရွက်သည်။

ထို့နောက် တာဝန်ရှိသူများက စက်သုံးဆီအရောင်းဆိုင်များ၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် လိုအပ်သည်များကို ဆက်လက်ဖြည့်တင်းဆောင်ရွက်ရန်မှာကြားကြကြောင်း သိရသည်။

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်နှင့် အသိပညာပေးဟောပြော

နတ်မောက် အောက်တိုဘာ ၃

မကွေးတိုင်းဒေသကြီးနတ်မောက်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်နှင့်အသိပညာပေးဟောပြောပွဲကို အောက်တိုဘာလ ၂ ရက်မွန်းလွဲပိုင်းတွင် အခြေခံပညာအထက်တန်းကျောင်း(အောင်ဆန်း)၌ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒေါ်သိမ့်သိမ့်မိုး(ဦးစီးအရာရှိ- တွဲဖက်)ကကျောင်းသား၊ ကျောင်းသူများ ကျောင်းစာအပြင် ပြင်ပဗဟုသုတများတိုးပွားစေရေးအတွက် အားလပ်ချိန်များတွင် စာပေလေ့လာဖတ်ရှုကြရန်နှင့် စာပေဖတ်ရှုခြင်းသည် မိမိဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် သာမကလူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုပေးနိုင်မည်ဖြစ်ကြောင်း အသိပညာပေးဆွေးနွေးသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသည့် အသိပညာပေးနံရံကပ်စာစောင်နှင့်ဓာတ်ပုံများကို ပြသရာကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာကြကြောင်းသိရသည်။

လှဝင်း

နေ့စဉ်လမ်းလျှောက်ခြင်း၏အကျိုးကျေးဇူးများ

- ကိုယ်ခန္ဓာအလေးချိန်ကို လျော့ကျစေခြင်း။
- နှလုံးနှင့်အဆုတ်ကို ကျန်းမာစေခြင်း။
- နာတာရှည်ရောဂါဖြစ်ပွားမှုကို လျော့ကျစေခြင်း။
- ကင်ဆာဖြစ်ပွားနိုင်ခြေကို လျော့ကျစေခြင်း။
- အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ဆီးချိုရောဂါ၊ လေဖြတ်ရောဂါဖြစ်ပွားနိုင်ခြေကိုလျှော့ချပေးခြင်း။
- စိတ်ပျော်ရွှင်စေခြင်း။
- အရိုးအဆစ်များကို သန်မာစေခြင်း။
- ကိုယ်ခံစွမ်းအားကို တက်စေခြင်း။



ကျွန်းလှမြို့နယ်၌ မိုးရာသီ သီးနှံမျိုးစုံ ၇၇၄၉၉ ဧက စိုက်ပျိုးနိုင်

ကျွန်းလှ အောက်တိုဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်၌ စိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်ကြပြီး ယခုနှစ် မိုးရာသီ သီးနှံမျိုးစုံ ၇၇၄၉၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်၌ မိုးသီးနှံမျိုးစုံ စိုက်ပျိုးမှုအနေဖြင့် စပါး ၃၃၂၆၃ ဧက၊ ပဲမျိုးစုံ ၁၆၉၁၃ ဧက၊ ဆီထွက်သီးနှံ ၇၂၈၅ ဧက၊ အခြားသီးနှံ ၁၈၄၈၉ ဧက၊ နှစ်ရှည်ပင် ၁၅၄၉ ဧက စုစုပေါင်း ၇၇၄၉၉ ဧက စိုက်ပျိုးခဲ့သည်။

"ကျွန်းလှမြို့နယ်အတွင်းရှိ လယ်ယာမြေများမှာ မိုးကောင်းသောက်ဖြစ်သော်လည်း ချောင်းရေ၊ မြောင်းရေ၊ မြေအောက်ရေတင်ပြီး သီးနှံမျိုးစုံစိုက်ပျိုးကြပါတယ်။ ဒီနှစ် မိုးရာသီမှာ သီးနှံမျိုးစုံ ၇၇၄၉၉ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ တချို့သီးနှံတွေရိတ်သိမ်းနေကြပြီး သီးထပ်စိုက်ပျိုးကြဖို့ တောင်သူတွေနဲ့ ဆွေးနွေးလျက်ရှိပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်မြင့်မြင့်ရီကပြောသည်။

အဆိုပါမိုးသီးနှံစိုက်ပျိုးကြသည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့်ရရှိရေးဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေး ကွင်းသရုပ်ပြခြင်းနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာများ ကွင်းဆင်းအသိပညာပေးလျက်ရှိသည်။

စိုက်ပျိုးသီးနှံများကို တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံအတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

မျိုးဝင်းညို (ကျွန်းလှ)

ပန်းပျိုးလက်တို့စေတနာ

ဆရာဟူဘီ၊ ပညာရှိကား
တတ်သည့်ပညာ၊ ပေးဝေကာနှင့်
ပြည်ရွာအကျိုး၊ ရည်မျော်ကိုး၍
ဆတိုးဆင့်ပွား၊ ဝေမျှထားသည်
သင်ကြားဖေးကူ ဆင့်ကမ်းသူ။

ပြည့်စေတနာ၊ ဝါသနာနှင့်
နှစ်နာလည်းခံ၊ မေတ္တာမှန်သည်
ဧကန်မချွတ်၊ ငါးကျင့်ဝတ်လည်း
မလွတ်စေကြောင်း၊ စောင့်ထိန်းကောင်းဖြင့်
ထပ်လောင်းစိတ်ဖြူ ရိုးသားသူ။

တတ်သည့်ပညာ၊ အဖြာဖြာကို
သေချာသင်ပြ၊ ဆိုဆုံးမ၍
သိပွမချန်၊ ဘေးရန်ဆီးကာ
သင့်ရာညွှန်းပေ၊ ကိစ္စထွေထွေ
မိတ်ဆွေတစ်မူ လမ်းပြသူ။

ငါးဖြာအနန္တ၊ ဂုဏ်းဝင်ကြသည့်
မြတ်စွာဆရာ၊ ထိုသူမှာကား
သပြာမကြွယ်၊ ဝိတိလွယ်၍
တစ်သွယ်ခရီးသွား၊ ဂုဏ်ထင်ရှားမို့
ညွှတ်တွားဦးခိုက်၊ စံထားထိုက်သူ။

ပန်းလည်းပွင့်စေ၊ မွှေးပျံ့စေဟု
စိတ်ထွေမပြား၊ ပေါင်းသင်အားဖြင့်
ဝင့်ကြွားရှင်သန်၊ မျိုးစေ့မှန်အောင်
ရန်စွယ်ကိုရှင်း၊ ဖျက်ပိုးကင်းဖို့
ချစ်ခြင်းတိုင်ထူ ပန်းပျိုးသူ။ ။

မေတ္တာမိုးနှင်း(ပဲခူး)

ချောင်းသာမြို့ ကမ်းခြေတစ်လျှောက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

ချောင်းသာ အောက်တိုဘာ ၃

ဧရာဝတီ တိုင်းဒေသကြီး ချောင်းသာမြို့ကမ်းခြေတစ်လျှောက် သန့်ရှင်းသာယာလှပစေရေးနှင့် အများပြည်သူများ၊ ခရီးသွားဧည့်သည်များစိတ်ချမ်းမြေ့စွာ အပန်းဖြေအနားယူနိုင်ရေးအတွက်ဌာနဆိုင်ရာဝန်ထမ်းများစုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများကို အောက်တိုဘာလ ၃ ရက်နံနက်ပိုင်းတွင် ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ချောင်းသာမြို့ရှိ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ စုပေါင်းပါဝင်ကြပြီး ချောင်းသာကမ်းခြေတစ်လျှောက်ရှိ အမှိုက်သရိုက်များ၊ ပလတ်စတစ်အိတ်များ၊ ပလတ်စတစ်ဘူးများနှင့် စွန့်ပစ်ပစ္စည်းများကို ကောက်ယူရှင်းလင်းခြင်း၊ ကမ်းခြေပတ်ဝန်းကျင်ရှိ အမှိုက်များကို စနစ်တကျစုဆောင်းဖယ်ရှားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ချောင်းသာမြို့သည် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များအများအပြား လာရောက်လည်ပတ်သည့်အထင်ကရကမ်းခြေဒေသဖြစ်သဖြင့် မြို့၏သန့်ရှင်းသာယာလှပရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မျိုးဝင်း(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ (Myanmar Parliamentary Union-MPU) ဒုတိယဥက္ကဋ္ဌ ဦးခင်ရီ တွေ့ဆုံ



ရန်ကုန် အောက်တိုဘာ ၃

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ (Myanmar Parliamentary Union- MPU) ဒုတိယဥက္ကဋ္ဌ ဦးခင်ရီသည် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ (Myanmar Parliamentary Union- MPU) ဒုတိယဥက္ကဋ္ဌအနေဖြင့် လွှတ်တော်ချင်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရေးအတွက် လာရောက်ခြင်း ဖြစ်ကြောင်း၊ ပြည်ထောင်စုအဆင့် လွှတ်တော်များနှင့် တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကဏ္ဍအသီးသီးကို သီးခြားစီအကောင်အထည်ဖော်ဆောင်ရွက်ရသည့် လွှတ်တော်များပင် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ဒီမိုကရေစီ သက်တမ်းနုနယ်သေးသည့်အတွက် လွှတ်တော်၏ လုပ်ငန်းစဉ်များအကောင်အထည်ဖော်ဆောင်ရွက်ရာတွင်ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်ရေးအတွက် ထိန်းသိမ်းလုပ်ဆောင်လျက်ရှိကြောင်း၊ မိမိတို့ လွှတ်တော်များသည် ဥပဒေပြုရေးမဏ္ဍိုင် စနစ်တကျခိုင်မာအားကောင်းစေရန်နှင့် လွှတ်တော်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် လွှတ်တော်များအချင်းချင်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့ပြည်သူ့လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံး ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားစေရေးအတွက် လွှတ်တော်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ စီမံကိန်း (၅)နှစ်စီမံချက်ရေးဆွဲထားရှိပြီးဖြစ်ပါကြောင်း၊ ယင်းစီမံချက်ပါ ကဏ္ဍအသီးသီးဖွံ့ဖြိုးတိုးတက်စေရေးတို့ကိုလည်း အဆင့်အလိုက် စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များသို့လည်း မျှဝေပေးလိုကြောင်း၊ မိမိတို့လွှတ်တော်တွင် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဖွဲ့စည်းထားရှိပြီး ဖြစ်ဆဖြင့်တိုင်းဒေသကြီးနှင့်ပြည်နယ် လွှတ်တော်များ၏ လွှတ်တော်ကဏ္ဍ လိုအပ်ချက်များကိုလည်း အားဖြည့်ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် အမြဲမျက်ခြည်မပြတ် လေ့လာလျက်ရှိကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း မဲဆန္ဒရှင်ပြည်သူများနှင့် နိုင်ငံတော်အကျိုးအတွက် တက်တက်ကြွကြွ ဆောင်ရွက်ကြ စေလိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ လွဲမှားမှု မရှိစေလိုကြောင်း၊ လွှတ်တော်ဆိုသည်မှာ သက်ဆိုင်ရာမဲဆန္ဒနယ်အသီးသီးမှ ပြည်သူတို့၏ ဆန္ဒနှင့်အညီ ရွေးချယ်တာဝန်ပေးအပ်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသည့် ဥပဒေပြုမဏ္ဍိုင်ဖြစ်ကြောင်း။

ဥပဒေပြုရေး လုပ်ငန်းသည် လွှတ်တော်၏ အဓိကလုပ်ငန်းတာဝန်ဖြစ်ပြီး လွှတ်တော်သည် နိုင်ငံသူနိုင်ငံသားများအား ဥပဒေအကာအကွယ်အောက်တွင် လုံခြုံအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် ဥပဒေများကို ပြင်ဆင်၊ ဖြည့်စွက်၊ အသစ်ပြဋ္ဌာန်းပေးရန် စဉ်ဆက်မပြတ်ဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့်အခြေအနေကို လေ့လာသုံးသပ်ပြီး ခေတ်နှင့်လျော်ညီသည့် ဥပဒေများပြဋ္ဌာန်းပေးရန်လိုအပ်ကြောင်း၊ မိမိတို့လွှတ်တော်အနေဖြင့် ပြည်သူများက ယုံကြည်အားကိုးအားထားပြုသည့်လွှတ်တော်တာဝန်ရပ်ဖြစ်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူ့အသံဖော်ဆောင်သည့်အနေဖြင့် လွှတ်တော်သို့မေးခွန်းများ၊ အဆိုများတင်သွင်းသည့်အခါတွင် စာအရေးအသား၊ စကားရပ် အသုံးအနှုန်းများနှင့် ပတ်သက်၍ နိုင်ငံတော်မှ တရားဝင်ဖော်ပြသည့် အသုံးအနှုန်းများဖြင့်သာ သတိပြုရေးသားပြောဆိုဆွေးနွေးကြရမည်ဖြစ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့မဲဆန္ဒနယ်မြေအကြောင်းနှင့် မဲဆန္ဒရှင်ပြည်သူများ၏ဆန္ဒကို အသေးစိတ်သိရှိရန် လိုအပ်ပါကြောင်း၊ သို့မှသာ ပြည်သူများ၏ လိုအပ်ချက်များကို လွှတ်တော်တွင် အချိန်နှင့်တစ်ပြေးညီ တင်ပြ၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထုလိုအပ်ချက်များကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ "ပြည်သူ့အသံ၊ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ၊ လွှတ်တော်ဆန္ဒ၊ ပြည်သူ့တို့ မျှော်လင့်ချက်၊ လွှတ်တော်က ဖော်ဆောင်ရွက်" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ လွှတ်တော်မှ ဆောင်ရွက်နေသည့် ဆောင်ရွက်ချက်များကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဆိုရှယ်မီဒီယာနှင့်သတင်းမီဒီယာကဏ္ဍများကို အသုံးပြု၍ ပြည်သူများ သိရှိလာနိုင်စေရန် ဆောင်ရွက်ကြစေ လိုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးသည် စီးပွားရေးအချက်အချာကျသည့်တိုင်းဒေသကြီးဖြစ်သည့်အလျောက် တရားဥပဒေစိုးမိုးရေး၊ ပြည်သူများစိတ်ချမ်းသာစွာသွားလာနိုင်ရေး၊ ရေစီးရေလာကောင်းမွန်ရေးတို့ကို လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူ့အသံကိုနားစွင့်၍ ဆောင်ရွက်ပေးသွားကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက်ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်က ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၏ ဆောင်ရွက်လျက်ရှိသည့် လွှတ်တော်ဆိုင်ရာလုပ်ငန်းအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် ကော်မတီအသီးသီးမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

မြဝတီ

ဖလမ်းမြို့၌ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးဆောင်ရွက်



ဖလမ်း အောက်တိုဘာ ၃

ချင်းပြည်နယ် ဖလမ်းမြို့မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးအတွက် ယနေ့နံနက်ပိုင်းတွင် ကျင်မွာလ်ရပ်ကွက် တောင်ဇလပ်လမ်း လမ်းဘေးဝဲယာတွင် ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက သန့်ရှင်းရေးဆောင်ရွက်ကြသည်။

ထိုသို့ သန့်ရှင်းရေးဆောင်ရွက်နေမှုကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင် သွားရောက်ကြည့်ရှုအားပေးပြီး သန့်ရှင်းရေးဆောင်ရွက်ကြသူများကို အာဟာရမုန့်များပေးအပ်သည်။

ယမန်နေ့ ညနေပိုင်းကလည်း ဒုတိယဝန်ကြီးသည် ပြည်နယ်သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ မြို့တော်ခန်းမ၌ ဌာနဆိုင်ရာများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံစဉ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသအတွက် စေတနာထားကာ အကောင်းဆုံးကြိုးစားဆောင်ရွက်သွားကြရန်၊ အစိုးရယန္တရားများ စနစ်တကျလည်ပတ်နိုင်ရန်၊ အခြေခံအဆောက်အဦများနှင့် ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများအား စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်လိုကြောင်း၊ မိုးတွင်းကာလတွင် ပျက်စီးနေသည့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို ပြုပြင်ထိန်းသိမ်းဆောင်ရွက်ခြင်းဖြင့် သွားလာရေးမြန်ဆန်ပြီးကုန်စျေးနှုန်းကြီးမြင့်ခြင်းအား လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ နေရပ်ပြန်ပြည်သူများ ပြန်လည်ဝင်ရောက်မှုကို စနစ်တကျစီမံဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲတွင် သက်ဆိုင်ရာဝန်ကြီးဌာနကိုယ်စားလှယ်များက လုပ်ငန်းကဏ္ဍအလိုက် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်ချက်များ၊ လုပ်ငန်းလိုအပ်ချက်များကိုတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ဖလမ်းမြို့ပြည်သူ့ဆေးရုံကြီး၊ ယာယီဆေးရုံ၌ ပြင်ပလူနာဌာန၊ ယာယီခွဲစိတ်ခန်းဆောင်ရွက်ထားရှိမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြဝတီ

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်)မှ ကျောင်းသား၊ ကျောင်းသူများ ပဲခူးမြို့သို့ လေ့လာရေးခရီးသွားရောက်

နေပြည်တော် အောက်တိုဘာ ၃

နယ်စပ်ရေးရာဝန်ကြီးဌာနပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) မှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် နောက်ဆုံးနှစ် ကျောင်းသား၊ ကျောင်းသူ ၂၆၇ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ရှိ ကမ္ဘောဇသာဒီနန်းတော်ကို သွားရောက်လေ့လာကြသည်။

ထို့ပြင် ပဲခူးမြို့ရှိ ရွှေမော်ဓော စေတီ၊ ရွှေသာလျောင်းစေတီနှင့် မဟာစေတီတို့ကို သွားရောက်ဖူးမြော်လေ့လာကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

အဆိုပါလေ့လာရေးခရီးစဉ်ကို ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နိုင်ငံတော်၏တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ အေးချမ်းသာယာမှုကို လက်တွေ့သိရှိပြီး နိုင်ငံ့တာဝန်များကို ကျရာအခန်းကဏ္ဍက တာဝန်ထမ်းဆောင်သည့် အခါ နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူငယ်များအား သိရှိပြန်လည် မျှဝေနိုင်ရန်ရည်ရွယ်ကြောင်း သိရသည်။

မြဝတီ



၃-၁၀-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀)ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

အယ်လ်နီညိုကိုရင်ဆိုင်ဖို့ တောင်သူလယ်သမားတွေပြင်ဆင်စို့

ဒေါက်တာသူဇာဝင်း(စိုက်ပျိုးရေး)



မြန်မာနိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းခန့်ဟာ ကျေးလက်ဒေသတွေမှာနေထိုင်ကြပြီး အများစုဟာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းဆိုတာက ရာသီဥတုနဲ့ တိုက်ရိုက်ဆက်စပ်နေတာဖြစ်ပါတယ်။ ရာသီဥတုကောင်းမွန်တဲ့နှစ်တွေမှာ သီးနှံအထွက်နှုန်းတွေ ကောင်းလေ့ရှိပြီး ရာသီဥတုဖောက်ပြန်တဲ့နှစ်တွေမှာတော့ တောင်သူအများစုဟာ အရှုံးပေါ်ကြရပါတယ်။ အထူးသဖြင့် လာမယ့်နွေရာသီမှာ အယ်လ်နီညိုကြောင့် အပူရှိန်မြင့်မားမှုနဲ့ ရေရှားပါးမှုတွေဖြစ်လာနိုင်တယ်လို့ မိုးလေဝသပညာရှင်တွေက ကြိုတင်ခန့်မှန်းသတိပေးထားပါတယ်။ ဒါကြောင့် ဒီကာလတွေမှာ သီးနှံတွေထိခိုက်ပျက်စီးဆုံးရှုံးမှုနည်းပါးစေဖို့အတွက် ကြိုတင်ရင်ဆိုင်ပြင်ဆင်ဖို့ဆိုတာက တောင်သူလယ်သမားတွေအတွက် ရွေးချယ်စရာတစ်ခုမဟုတ်ဘဲ မဖြစ်မနေလုပ်ဆောင်ရမယ့်တာဝန်တစ်ရပ်ဖြစ်ပါတယ်။

အစွန်းရောက်ရာသီဥတုဖြစ်စဉ်တွေဖြစ်ပေါ်စေတဲ့ အယ်လ်နီညိုကြောင့် ရာသီဥတုပုံစံများ ရောထွေးပြောင်းလဲလာမှု၊ မိုးရွာသွန်းမှုပုံစံမမှန်မှု၊ မိုးခေါင်ရေရှားမှု၊ အပူချိန်လွန်ကဲမှုနဲ့ ရေအရင်းအမြစ်ရှားပါးမှုတွေဟာ သီးနှံစိုက်ပျိုးထုတ်လုပ်မှုအတွက် ကြီးမားတဲ့ စိန်ခေါ်မှုတစ်ခုဖြစ်ပါတယ်။ အထူးသဖြင့် အပူချိန်မြင့်တက်မယ်ဆိုရင် စပါးပန်းပွင့်များသိမ်ဖျင်းသွားခြင်း၊ စပါးဝတ်မှုနှုန်းရှင်သန်မှုကျဆင်းသွားပြီး မျိုးမအောင်တော့ဘဲ စပါးအထွက်နှုန်းကျဆင်းခြင်း၊ တခြားသောသီးနှံတွေမှာလည်း အပူချိန်မြင့်လွန်းမယ်ဆိုရင် အပင်ရဲ့ဇီဝကမ္မဖြစ်စဉ်တွေ ပုံမှန်မဟုတ်တော့တဲ့အတွက်ကြောင့်ပို့လို့ အထွက်နှုန်းကိုထိခိုက်စေမှာဖြစ်ပါတယ်။ ပူပြင်းတဲ့အတွက်ကြောင့် မြေကြီးကနေ အငွေ့ပြန်နှုန်း(Evaporation)နဲ့ သီးနှံပင်တွေရဲ့ပင်ငွေ့ပြန်နှုန်း(Transpiration)တွေမြင့်တက်လာမှာဖြစ်တဲ့အတွက် သီးနှံရေလိုအပ်ချက်ကလည်း မြင့်တက်လာမှာဖြစ်ပါတယ်။ သုသေသနပြုလေ့လာခဲ့မှုတွေအရဆိုရင်လည်း အပူချိန်မြင့်တက်ခြင်းကြောင့် သီးနှံရေလိုအပ်ချက်ပိုမိုမြင့်တက်လာတာတွေ့ခဲ့ကြောင်းသိရပါတယ်။

မိုးခေါင်ပြီး ပူပြင်းခြောက်သွေ့တဲ့ လေထုအခြေအနေတွေ ဖြစ်မယ်ဆိုရင် လေထုစိုထိုင်းဆကျသွားပြီး မြေအစိုဓာတ်တွေ ခန်းခြောက်သွားတာမျိုးဖြစ်နိုင်ပါတယ်။ ဒေသအများစုမှာက သီးနှံတွေ စိုက်ပျိုးရာမှာ မိုးရေကိုသာအဓိကအားထားစိုက်ပျိုးရတာဖြစ်တဲ့အတွက် အစိုဓာတ်မရှိရင် သီးနှံပင်တွေအချိန်မီမစိုက်နိုင်တာမျိုး၊ စိုက်ပြီးသီးနှံတွေမှာလည်း အထွက်နှုန်းကို ထိခိုက်စေတာမျိုးတွေဖြစ်ပါတယ်။ ရေသွင်းစိုက်ဒေသတွေဖြစ်ခဲ့မယ်ဆိုရင်တောင်မှ ဆည်၊ ကန်တွေမှာ ရေမလုံလောက်တော့လို့ အထူးသဖြင့် မြောင်း၊ လက်တံနဲ့ ဝေးတဲ့ မြောင်းအဖျားပိုင်းမှာ စိုက်ထားတဲ့သီးနှံတွေကို နောက်ကနေရေမလိုက်နိုင်ရင် အောင်ရေမပေးနိုင်တာမျိုးတွေဆိုရင် အထွက်နှုန်းကိုထိခိုက်နိုင်ပါတယ်။ မြေဆီလွှာမှာ အစိုဓာတ်မရှိရင် အပင်အတွက် အာဟာရဓာတ်ရရှိနိုင်မှုကိုလည်း ထိခိုက်စေပါတယ်။ သီးနှံတွေရဲ့အရည်အသွေးလည်း ကျဆင်းသွားနိုင်ပါတယ်။ ပိုးကျရောက်မှုအနေနဲ့ ဆိုရင်လည်း အပူချိန်မြင့်လာတဲ့အတွက် ပိုးမွှားတွေရဲ့ အစာချက်နှုန်းပိုကောင်းလာပြီး စိုက်ပျိုးသီးနှံတွေကို လျင်မြန်စွာ စားသောက်ဖျက်ဆီးနိုင်သလို ပိုးမွှားတွေရဲ့ မျိုးပွားနှုန်း ပိုမိုမြင့်မားလာနိုင်ပါတယ်။

လက်ရှိမှာဆိုရင် တချို့ဒေသတွေမှာ မိုးအရမ်းများတာ၊ ရေကြီးရေလျှံတာတွေဖြစ်ပြီး စိုက်ခင်းတွေထဲကိုရေလွှမ်းပြီး ထိခိုက်ပျက်စီးသွားတာ၊ တချို့သီးနှံတွေဆိုရင် လုံးဝပျက်စီးသွားတာ၊ ပေါင်းပေါက်ရောက်မှုတွေ ပိုပြီးများလာတာ စတာတွေဟာ အယ်လ်နီညိုကြောင့်ဖြစ်လာတဲ့ မိုးရွာသွန်းမှုပုံစံမမှန်တဲ့ဖြစ်စဉ်တွေကြောင့် ဖြစ်နိုင်ပါတယ်။ ဒီလို မိုးအရမ်းများတဲ့ဖြစ်စဉ်တွေကြောင့် ရေကြီးရေလျှံတာတွေဖြစ်ပြီး မြေဆီလွှာတိုက်စားမှုတွေဖြစ်လာတာ၊ နိုက်ထရိုဂျင်မြေဩဇာတွေ ရေမှာစီးမျောဆုံးရှုံးသွားတာ၊ အပေါ်ယံမြေဆီလွှာပျက်စီးမှုတွေဖြစ်ပြီး စိုက်ပျိုးမြေတွေမှာ မြေဆီဩဇာဆုတ်ယုတ်ကျဆင်းလာတာ စတာတွေကိုလည်း ဖြစ်စေနိုင်ပါတယ်။

အယ်လ်နီညိုကြောင့် စိုက်ပျိုးရေးလုပ်ငန်းတွေအပေါ် ထိခိုက်မှုကို လျော့ပါးသက်သာစေဖို့ အတွက်ဆိုရင်တော့ တောင်သူလယ်သမားတွေအနေနဲ့ တုံ့ပြန်မှုသုံးခုဖြစ်တဲ့ လျော့နည်းသက်သာစေခြင်း (Mitigation)၊ လိုက်လျောညီထွေဖြစ်စေခြင်း (Adaptation)၊ ခံနိုင်ရည်ရှိစေခြင်း (Resilience)စတာတွေဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

လျော့နည်းသက်သာစေဖို့ဆောင်ရွက်မှုတွေအနေနဲ့ မိုးခေါင်မှုတွေဖြစ်ခဲ့မယ်ဆိုရင် မိုးခေါင်မှုဒဏ် သက်သာစေဖို့ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရပါမယ်။ တောင်သူတွေအနေနဲ့ ကိုယ့်စိုက်ခင်းရဲ့ အစိုဓာတ်ထိန်းနိုင်စွမ်းပိုကောင်းအောင် မြေကြီးမှာအော်ဂဲနစ်ပစ္စည်းတွေများပြားစေဖို့အတွက် သီးနှံအကြွင်းအကျန်များထည့်ပေးခြင်း၊ မြေဆွေးထည့်ခြင်း၊ ဘိုင်အိုချာထည့်ခြင်း၊ သစ်စိမ်းမြေဩဇာထည့်ခြင်း၊ မြေဖုံးအုပ်စိုက်ပျိုးခြင်း စတာတွေဆောင်ရွက်ဖို့လိုပါတယ်။ရွာသွန်းတဲ့မိုးရေကို သိုလှောင်နိုင်ဖို့အတွက် တစ်ပိုင်တစ်နိုင်ရေစုကန်တွေတူးဖော်ထားခြင်း၊ မိုးရေခံမြောင်းများတူးထားခြင်း၊ ဆိုလာစနစ်ဖြင့်ရေသွင်းခြင်း စတာတွေလုပ်ဆောင်ပြီး သီးနှံရေလိုအပ်ချိန်မှာ ဖြည့်စွက်ရေအဖြစ် ပေးသွင်းနိုင်ဖို့ ကြိုတင်ပြင်ဆင်ထားသင့်ပါတယ်။ သီးနှံတွေ ရေတင်ဒဏ်ခံနိုင်ရည်ရှိစေဖို့အတွက် ပိုတက်ရှိမြေဩဇာမဖြစ်မနေ အသုံးပြုသင့်ပါတယ်။

တကယ်လို့ မိုးရွာသွန်းမှုများပြားခဲ့မယ်ဆိုရင် ရေကြီးမှု၊ ရေလွှမ်းမှုတွေ၊ မြေဆီလွှာတိုက်စားမှုတွေဖြစ်ပေါ်နိုင်တဲ့အတွက် အထူးသဖြင့် ယာသီးနှံတွေစိုက်မယ်ဆိုရင် စိုက်ပေါင်းမြင့်မြင့်လုပ်ထားတာမျိုး၊ ရေစိမ့်မြောင်းနဲ့ ရေနုတ်မြောင်းတွေ ဖော်ထားတာမျိုး၊ ရေစီးရေလာကောင်းအောင် ပြုလုပ်တာမျိုး၊ စိုက်ခင်းအပြင်ဘက်မှာ ပတ်မြောင်းများတူးပေးတာမျိုး စတာတွေကို ဆောင်ရွက်ပေးသင့်ပါတယ်။ စပါးခင်းတွေမှာလည်း ကန်သင်းမြင့်မြင့်လုပ်ထားတာမျိုးနဲ့ မြေဩဇာတွေ ရေနဲ့အတူစီးမျောဆုံးရှုံးမှုနည်းပါးစေဖို့ နိုက်ထရိုဂျင်နဲ့ ပိုတက်ရှိမြေဩဇာတွေကိုထည့်ပေးတဲ့အခါ တစ်ကြိမ်တည်းမထည့်ဘဲနဲ့ အကြိမ်ကြိမ်ခွဲထည့်တာမျိုး လုပ်သင့်ပါတယ်။

ရာသီဥတုနဲ့လိုက်လျောညီထွေဖြစ်စေဖို့ အတွက်တုံ့ပြန်ဆောင်ရွက်မှုအနေနဲ့ ဒေသ၊ ရေ၊ မြေ၊ ရာသီဥတုနှင့်လိုက်လျောညီထွေမှုရှိတဲ့ သီးနှံပုံစံ၊ သီးနှံမျိုး၊ စိုက်နည်းစနစ်နှင့်နည်းပညာတွေကိုအသုံးပြုရပါမယ်။ သီးနှံပုံစံတွေအများကြီးထဲကမှအကန့်လိုက် စိုက်ပျိုးတာ၊ သီးလှည့်စိုက်တာနဲ့ သီးနှံအမယ်စုံစိုက်ပျိုးခြင်း စတာတွေဆောင်ရွက်ဖို့လိုပါတယ်။ သီးနှံမျိုးစုံစိုက်ခြင်းအားဖြင့် ရာသီဥတုဖောက်ပြန်မှုကြောင့် သီးနှံတစ်မျိုးပျက်စီးခဲ့မယ်ဆိုရင်တောင် ကျန်ခဲ့တဲ့သီးနှံကိုရမှာဖြစ်လို့ အယ်လ်နီညိုရဲ့ သက်ရောက်မှုကို လျော့နည်းစေမှာဖြစ်ပါတယ်။ သီးနှံတွေစိုက်ရာမှာလည်း ရေကုန်ကျမှုသက်သာစေတဲ့ အစက်ချရေသွင်းနည်း၊ ရေဖျန်းစနစ်ဖြင့်ရေသွင်းနည်း အစရှိတဲ့ ရေချွေတာနိုင်မယ့်နည်းလမ်းတွေနဲ့စိုက်ပျိုးဆောင်ရွက်သွားဖို့လိုပါတယ်။ မိုးလေဝသခန့်မှန်းချက်များကိုစောင့်ကြည့်ပြီး မိုးရွာသွန်းမှုအခြေအနေပေါ်မူတည်၍ မျိုးစေ့ချမည့်အချိန်ကို အနည်းငယ်အတိုးအလျှော့လုပ်ပြီး စိုက်ချိန်ကိုသင့်တော်သလိုပြောင်းလဲရပါမယ်။ တောင်သူတွေအနေနဲ့ ဝင်ငွေပုံမှန်ရစေဖို့အတွက်စိုက်ပျိုးရေးတစ်ခုတည်းလုပ်တာမဟုတ်ဘဲ တစ်ပိုင်တစ်နိုင်မွေးမြူရေးနဲ့ တွဲလုပ်တာမျိုး၊ ပေါင်းစည်းလယ်ယာစနစ်ဆောင်ရွက်ကျင့်သုံးတာစတာမျိုး ပြုလုပ်သင့်ပါတယ်။

ရာသီဥတုဒဏ်ခံနိုင်ရည်ရှိစေဖို့ တုံ့ပြန်ဆောင်ရွက်မှုအနေနဲ့ကတော့ စိုက်မယ့်သီးနှံ အမျိုးအစားတူခဲ့ရင် တောင်သက်တမ်းတိုတဲ့မျိုးတွေ၊ ရေတင်ဒဏ်ခံနိုင်ရည်ရှိတဲ့မျိုးတွေကို စိုက်သင့်တဲ့အတွက် လိုအပ်တဲ့မျိုးတွေကို ကြိုတင်ရှာဖွေထားသင့်ပါတယ်။ အထူးသဖြင့် ရာသီဥတုဆိုးရွားမှုနဲ့ ပိုးမွှားရောဂါကျရောက်မှုတွေရဲ့ဖိစီးမှုဒဏ် ခံနိုင်ရည်ရှိတဲ့မျိုးတွေကို စုဆောင်းသင့်ပါတယ်။ ရာသီဥတုဆိုးရွားမှုကြောင့် စိုက်ထားတဲ့သီးနှံတွေပျက်စီးခဲ့မယ်ဆိုရင် အချိန်မီအစားထိုးပြီးပြန်လည်စိုက်ပျိုးနိုင်ဖို့အတွက် အရန်မျိုးစေ့တွေကိုလည်း သိုလှောင်စုဆောင်းထားရပါမယ်။ အချိန်မီ စိုက်ပျိုးရိတ်သိမ်းနိုင်ဖို့အတွက် စက်ကိရိယာတွေအသုံးပြုခြင်း၊ ရိတ်သိမ်းချိန်မှာ လေလွင့်ဆုံးရှုံးမှုမရှိစေဖို့အတွက် ရိတ်သိမ်းချိန်လွန်နည်းပညာများကျင့်သုံးခြင်း စတာတွေ လုပ်ဆောင်ဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။ ရာသီဥတုဒဏ်ကြံ့ကြံ့ခံနိုင်တဲ့ စိုက်ပျိုးနည်းစနစ်တွေဖြစ်တဲ့ သဘာဝနဲ့ကျင်မပျက်စိုက်ပျိုးရေး၊ အော်ဂဲနစ်စိုက်ပျိုးရေး၊ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း၊ မြေဆီလွှာနှင့်ရေထိန်းသိမ်းရေးလုပ်ငန်းများ၊ ဘက်စုံအာဟာရဓာတ်ခန့်ခွဲမှုစနစ်၊ ရေကိုအကျိုးရှိထိရောက်စွာအသုံးချခြင်း အစရှိတာတွေကို မဖြစ်မနေဆောင်ရွက်သင့်ပါတယ်။

အယ်လ်နီညိုဖြစ်စဉ်နှင့်ဆက်စပ်ပြီး ရာသီဥတုပုံစံတွေ ပြောင်းလဲလာတာကြောင့် မို့လို့ ပိုးမွှားရောဂါကျရောက်မှုကို အခြေအနေပေးလာနိုင်ပါတယ်။ ပြောင်းလဲလာတဲ့ ရာသီဥတုအခြေအနေကြောင့် သာမညဖျက်ပိုးတွေဟာ အဓိကဖျက်ပိုးတွေဖြစ်လာနိုင်လို့ ဘက်စုံပိုးမွှားကာကွယ်ခြင်းနည်းလမ်းတွေသုံးပြီး ကာကွယ်နှိမ်နင်းသွားဖို့ ဆောင်ရွက်သင့်ပါတယ်။ နောက်အရေးကြီးတဲ့အချက်တစ်ခုက သီးနှံတွေစိုက်ရာမှာ မှတ်တမ်းထားသင့်ပါတယ်။ နှစ်အလိုက် ရာသီဥတုအခြေအနေနဲ့ သီးနှံစိုက်ပျိုးထုတ်လုပ်ခဲ့မှုတွေကို မှတ်တမ်းထားခြင်းအားဖြင့် နောင်မှာ အလားတူဖြစ်ရပ်မျိုးဖြစ်ခဲ့ရင်လည်း ယခင်အတွေ့အကြုံတွေကိုအခြေခံပြီး အကောင်းဆုံး ဖြေရှင်းဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ စားရေရိက္ခာဖူလုံဖို့အတွက် စိုက်ဧကပြည့်မီရေး၊ သီးနှံအထွက်နှုန်းနဲ့အရည်အသွေးကောင်းမွန်ရေးအတွက် တောင်သူပညာပေးလုပ်ငန်းတွေ ပုံမှန်ဆောင်ရွက်လျက်ရှိပါတယ်။ ခုလို တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ကြုံတွေ့ရမှာဖြစ်တဲ့ အယ်လ်နီညိုဖြစ်စဉ်မှာ မြို့နယ်အလိုက် ဖွင့်လှစ်ထားတဲ့ စိုက်ပျိုးနည်းပညာပေးရေး ရှေ့တန်းစခန်းတွေမှာ တောင်သူပညာပေးလုပ်ငန်းတွေကို အရှိန်အဟုန်မြှင့်တင်ပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယနေ့ကာလဟာ နည်းပညာခေတ်ဖြစ်တဲ့အတွက် စိုက်ပျိုးနည်းပညာတွေနဲ့ စွေးကွက်သတင်းအချက်အလက်တွေကို တောင်သူတွေ အလွယ်တကူ လေ့လာသိရှိနိုင်ဖို့အတွက် သတင်းအချက်အလက်နဲ့ ဆက်သွယ်ရေးနည်းပညာ (ICT)ကို အသုံးပြုပြီးတော့ ပညာပေးမှုတွေ ဆောင်ရွက်နေပါတယ်။ တောင်သူလယ်သမား **စာမျက်နှာ ၁၃ သို့ ♦**

♦ စာမျက်နှာ ၁၂ မှအဆက်

ရုပ်သံကဏ္ဍနဲ့ စိုက်ပျိုးရေးဦးစီးဌာနရဲ့ Website (https://www.doa.gov.mm)မှာလည်းစိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ပညာရပ်တွေကိုကြည့်ရှုလေ့လာဖတ်ရှုနိုင်ပါတယ်။ တောင်သူတွေ သိလိုတာမေးမြန်းနိုင်ဖို့အတွက်လည်း စိုက်ပျိုးရေးဦးစီးဌာနရဲ့ Call Center (၀၆၇-၃၄၁၀၃၃၉) သို့တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းနိုင်ပါတယ်။ အခုဆိုရင် အယ်လ်နီညိုဖြစ်စဉ်နဲ့ ပတ်သက်ပြီး ICT ကို အသုံးပြုပြီးတော့ ပညာပေးခြင်းကို ဆက်လက်တိုးမြှင့်လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

"စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများသည် မိမိတို့နိုင်ငံ၏ အဓိကအခြေခံအကျဆုံးသက်မွေးလုပ်ငန်းများဖြစ်၍ အမှန်တကယ်ဆောင်ရွက်နိုင်ပါက လူ့စွမ်းဘာဝနှင့်တိုင်းပြည်ကို လက်တွေ့ကျကျအကျိုးပြုနိုင်မည်ဖြစ်ကြောင်း" နိဂုံးတော်သမ္မတကြီးမှလမ်းညွှန်ထားပါတယ်။ ဒါကြောင့် မို့အယ်လ်နီညိုဖြစ်စဉ်ကြောင့် တောင်သူလယ်သမားတွေရဲ့လူမှုစီးပွားရေးထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ပါးသက်သာစေဖို့အတွက်သာမက စားရေရိက္ခာဖူလုံပြီး နိုင်ငံတော်ရဲ့လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှုဝင်ငွေထိခိုက်မှုမရှိစေရေးအတွက် သက်ဆိုင်ရာဌာနတွေအနေနဲ့ မိမိတို့ကဏ္ဍအလိုက် ကြိုတင်သတိပေးသည့်စနစ်များထူထောင်ခြင်း၊ လိုအပ်သည့်မျိုးစေ့များဖြန့်ဖြူးပေးခြင်း၊ သီးနှံအာမခံစနစ်များထားရှိခြင်း၊ အရေးပေါ်လိုအပ်ပါက စက်ကိရိယာများကူညီပံ့ပိုးပေးခြင်း၊ ရေရှည်တည်တံ့သော စိုက်ပျိုးရေး နည်းလမ်းများကို အားပေးမြှင့်တင်ခြင်း စတာတွေကိုလုပ်ဆောင်သွားပြီး တောင်သူများကိုယ်တိုင် တက်တက်ကြွကြွဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်သွားမယ်ဆိုရင် ဖြစ်လာနိုင်မယ့် ထိခိုက်ဆုံးရှုံးနိုင်ခြေတွေကို လျော့နည်းသက်သာစေမှာ ဖြစ်ပါတယ်လို့ အကြံပြုဆွေးနွေးတင်ပြအပ်ပါတယ်။ ။

ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကျင်းပ

မင်းဘူး အောက်တိုဘာ ၃

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ အိမ်ရာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ မင်းဘူးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကို အောက်တိုဘာလ ၂ ရက် နံနက်ပိုင်းတွင်ကျင်းပသည်။

အခမ်းအနားတွင် မင်းဘူးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအေးလွင်က အမှာစကားပြောကြားပြီး ဥာဏ်စွမ်းရည်ပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် အမြဲမပြတ်လေ့လာသင်ယူရေးစကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြသူများကို ဆုများပေးအပ်ခြင်း၊ အိမ်ရာအခြေခံပညာအထက်တန်းကျောင်း(ခွဲ) နှင့် ရေပုတ်ကျေးရွာမှ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ ကျောင်းစာကြည့်တိုက်များအတွက် သုတ၊ ရသစာအုပ်များပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ စကားပုံဆက်၊ အရုပ်ကွင်းစွပ်၊ ခါးလှည့်ကွင်းနှင့် ဆန်ကောရွက် ပြိုင်ပွဲများတွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနေမှုများကို ကြည့်ရှုအားပေးကြပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် လှပသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြဘုတ်နှင့် ဌာနဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၃၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၂၅၅၃၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၂၅၅၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၀၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၅၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၄၄၅၄၀၊ ၀၈၁-၂၁၄၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၅၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

မြတ်နိုးဖွယ်ရာ မြန်မာကဗျာ

စေတီရိပ်

❖ ကိုယ်တို့ငယ်ငယ်
ပျိုရွယ်စဉ်က။
မွေးမေမေ ကုသိုလ်လုပ်လေတော့
ဆွမ်းအုပ်ကို အသာပိုက်
လိုက်ခဲ့ပါရ။
❖ ဖူးရာမှ ငုံ
ငုံရာမှ မွှေး။
အရွယ်သစ်လေတော့
ငယ်ချစ်ဆွေ ရွှေမှုန်ဝတ်နှင့်
ဦးညွှတ်မိသေး။
❖ ဤလောကီ လူ့ဘဝ
သမုဒယ အသွယ်သွယ်
ရစ်တွယ်လို့ ရှုပ်ထွေး။
ထားမဖြစ်တာကြောင့်
သားချစ် ရင်မှာချီလို့
သီကရီ စေတီဦးမှာ
ကြည်နူးခဲ့သေး။
❖ တောင်ဝှေးကို မှီထောက်လို့
သည်တစ်ခေါက် အလာဝယ်။
မြေးငယ်ကို ဘေးဝယ်ထားပါလို့
အားပြုရတယ်။
ကိုင်းညိုက ဗျိုင်းအိုနယ်
နှိုင်းဆိုဖွယ် ကိုယ့်ဘဝ။
အရွယ်လွန် ဇရာချဉ်းလို့
အိုမင်းပြီပဲ့။
❖ သို့ပါသော် ထုံးဖြူသ, ပါတဲ့
ကုန်းမူက စေတီတော်။
ကိုယ်ငယ်ငယ် ဟိုစဉ်ကလိုပဲ့
ဆည်းလည်းသံ ချိုလွင်စွရယ်နဲ့
အေးမြစံပျော်။
လာပါလည်း မဖိတ်ခေါ်
ပြန်သော်လည်း ဘယ်မငြင်း။
အလှသစ္စာနဲ့
မြမေတ္တာ စမ်းရေအေးရယ်က
မွေးပါဘိခြင်း။ ။

မြင်းမူမောင်နိုင်မိုး

သဇင်(FM)အသံလွှင့်အစီအစဉ်

၄-၁၀-၂၀၂၆(တနင်္ဂနွေနေ့)

၁။ ၀၈:၀၀ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ
၂။ ၁၃:၃၀ Music Crazy
၃။ ၁၄:၅၀ Sporty Zone
၄။ ၁၀:၄၀ နိပါတ်တော်လာ သိမှတ်စရာ
၅။ ၁၈:၂၀ Relaxing Moment
၆။ ၂၁:၄၀ အသံလွှင့်ဇာတ်လမ်း

ပြည်ထောင်စုဝန်ကြီးများ ပြောင်းလဲတာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ် ၆၈/၂၀၂၆
၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်)
ပြည်ထောင်စုဝန်ကြီးများ ပြောင်းလဲတာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၂ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၁၂ တို့အရ အောက်ဖော်ပြပါပြည်ထောင်စုဝန်ကြီးများအား ယှဉ်တွဲပါပြည်ထောင်စုဝန်ကြီးဌာနအသီးသီးတွင် ပြောင်းလဲတာဝန်ပေးလိုက်သည်-

(၁) ဦးမောင်မြင့် — အလုပ်သမားဝန်ကြီးဌာန
ယဉ်ကျေးမှု၊ ဟိုတယ်နှင့်
ခရီးသွားလာရေးဝန်ကြီးဌာန

(၂) ဦးခင်မောင်စိုး — ယဉ်ကျေးမှု၊ ဟိုတယ်နှင့်
အလုပ်သမားဝန်ကြီးဌာန — ခရီးသွားလာရေးဝန်ကြီးဌာန

(ပုံ)မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပူတာအိုမြို့နယ်အတွင်းရှိ ဇီးအွန်နှင့် ပမ္မတီးကျေးရွာပိုင် မိုးစပါး စိုက်လယ်များအတွင်း လယ်သီးထပ်ဆိုမုန်ညင်းစိုက်ပျိုးနိုင်ရေး တောင်သူများနှင့် တွေ့ဆုံထောက်ပံ့



ပူတာအို အောက်တိုဘာ ၃

မြန်မာပြည်မြောက်ဖျားပိုင်း ပူတာအိုခရိုင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စားရေရိက္ခာဖူလုံရေး၊ လယ်သီးထပ်ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး ယနေ့နံနက်ပိုင်းတွင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ဇီးအွန်ကျေးရွာအုပ်စုအတွင်း မူလာချောင်းဘေး၌ ဒေသခံတောင်သူများနှင့်တွေ့ဆုံပြီး ဆီမုန်ညင်းတိုးချဲ့စိုက်ပျိုးရေရိယာအတွက် ခြံစည်းရိုးကာရံနိုင်ရေး ငွေကျပ်သိန်း ၁၀၀ ကို ထောက်ပံ့ပေးအပ်၍ တစ်သီးမှနှစ်သီးစံပြအဖြစ် တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ တစ်ဧက ပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးစားကြရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့သော နောင်ခိုင်-ဇီးအွန်-မူလာရှိုးဒီလမ်း ၁၂ မိုင်ကျော် အနက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် တည်ဆောက်ပြီးစီးခဲ့သော မူလာရှိုးဒီကျေးရွာအတွင်း ၄ မိုင်ကျောက်ချောလမ်း ဆောင်ရွက်ပြီးစီးမှုကိုလည်း ကောင်း၊ ကျေးရွာအတွင်း ခရစ်တော်၏ အသင်းတော်ဘုရားကျောင်းဝင်းအတွင်း မိသားစုတစ်ပိုင်တစ်နိုင် ဟင်းသီးဟင်းရွက်စိုက်ခင်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် ပမ္မတီးကျေးရွာအုပ်စု ကျေးရွာဘုရားကျောင်း၌ ၂၀၂၆-၂၀၂၇ ခုနှစ် ကျင်ပြည်နယ်အစိုးရအစီအစဉ်ဖြင့် ဆောင်းသီးထပ်ဆီထွက်သီးနှံ ဆီမုန်ညင်းစိုက်ပျိုးရန် ယခင်နှစ် ၁၁၅ ဧကော၊ ယခုနှစ် ၄၄၈ ဧကော စုစုပေါင်း ၅၆၃ ဧကအတွက် ဆီမုန်ညင်းမျိုးစေ့တင်း ၇၀ နှင့် စိုက်ပျိုးမည့် ကျေးရွာကွင်း ၁၄ ကွင်း ခြံဝင်းကာရံနိုင်ရေးငွေကျပ် ၁၇၅ သိန်း၊ ကျေးရွာဘုရားကျောင်းတည်ဆောက်ပြီးစီးရေးအတွက် အလှူငွေကျပ်သန်း ၅၀ ကိုပေးအပ်ကာ ပြည်နယ်ဝန်ကြီးများက ဘုရားကျောင်းတည်ဆောက်ပြီးစီးရေးအတွက် အလှူငွေများကို ထည့်ဝင်လှူဒါန်းကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အဆိုပါကျေးရွာနှင့် ဝါခွန်ဒါန်းကျေးရွာချင်းဆက်လမ်း ပေ ၁၀၀၀ အား ကျောက်ခဲလမ်းခင်းပေးနိုင်ရေး ကျေးရွာတာဝန်ရှိသူများနှင့် ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်(ပြန်/ဆက်)

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ



ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)တွင် ကြည့်ရှုလေ့လာစဉ်။

နေပြည်တော် အောက်တိုဘာ ၃

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များအား မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလနှင့်အတူ ယှဉ်တွဲပေါက်ဖွားလာသည့် တပ်မတော်၏အဆင့်ဆင့်ပြောင်းလဲတိုးတက်လာခဲ့မှုအခြေအနေများကို လေ့လာသိရှိနိုင်စေရန်၊ မျက်မှောက်ကာလတွင် ဖွဲ့စည်းထားရှိသည့် တပ်မတော်လက်ရုံးတပ်ဖွဲ့အသီးသီး၏ သမိုင်းကြောင်းလုပ်ငန်းတာဝန်နှင့် စွမ်းဆောင်နိုင်ခဲ့မှုများ သိရှိစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်ရှိ အခြေခံပညာအလယ်တန်းကျောင်း (ရတနာဒီပ) နှင့် အဝါရောင်မျိုးဆက်သစ်မိဘမဲ့ကလေးများ စောင့်ရှောက်ရေးကျောင်း (YGW)၊ ဇမ္ဗူသီရိမြို့နယ်ရှိ ကိုယ်ပိုင်အထက်တန်းကျောင်း(N.E.G) တို့မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း၊ ရေ၊လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော် လေယာဉ်များကို လေ့လာခဲ့ကြကာအမှတ်တရဓာတ်ပုံများ ရိုက်ကူးကြသည်။ ထို့နောက် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများအား လေ့လာကြည့်ရှုကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာကြည့်ရှုကြသည်။

ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအား မုန့်များ ပေးဝေကြသည်။ ယင်းနောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအား ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ပြတိုက်အတွင်းရှိ တပ်မတော်(ကြည်း၊ ရေ၊လေ)နှင့် လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများအတွက် ယနေ့ လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဥာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏မေးမြန်းချက်များကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

လေ့လာရေး လာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်း အခုလိုပဲကြားသိခဲ့ရပါတယ်-

"ဒီကိုလာရတဲ့ ရည်ရွယ်ချက်ကတော့ ကလေးတွေ သမိုင်းကြောင်းနဲ့ ပတ်သက်ပြီးတော့ နိုင်ငံတော်မှာ ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့တဲ့ နိုင်ငံတော်အကြီးအကဲတွေရဲ့ နိုင်ငံ့အကျိုးကို သယ်ပိုးခဲ့ကြတဲ့ သမိုင်းဝင်ဖြစ်ရပ်တွေကို ကလေးတွေပြင်ပဗဟုသုတတွေ ပိုပြီးရအောင် စာတွေ့ရောလက်တွေ့တွေရော လာပြီးတော့ ပြသခြင်းဖြစ်ပါတယ်။ ကလေးတွေက ပုံမှန်ဆိုလို့ရှိရင် စာထဲမှာပဲ





များကို ဖတ်ရတယ်။ သမိုင်းကြောင်းတွေကို မျက်ဝါးထင်ထင် မမြင်ရဘူးပေါ့။ အခုလိုမျိုးပြင်ပဗဟုသုတ အနေနဲ့ တပ်မတော်စစ်သမိုင်းပြတိုက်ကို လာရောက်လေ့လာခွင့်ပေးတဲ့အတွက်ကြောင့် သမိုင်းကြောင်းနဲ့ပတ်သက်တဲ့အရာတွေကို မျက်ဝါးထင်ထင်လည်းမြင်ရပါတယ်။ စာထဲမှာထက် ပိုပြီးတော့ ကျယ်ပြန့်တဲ့ ဗဟုသုတတွေ အသိအမြင်တွေ ပိုရပါတယ်။ အခုလိုလိုက်ပါပို့ဆောင်ပေးတဲ့အတွက်ကြောင့်မို့လို့ တပ်မတော်ဘက်က တာဝန်ရှိပုဂ္ဂိုလ်တွေရော ပြီးတော့ဒီပြတိုက်မှာ လိုက်လံပြီးတော့ ရှင်းပြပေးတဲ့ သူတွေအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်" ဟုပြောသည်။

"အခု ကျွန်တော်ကတော့ ကြည်းတပ်၊ ရေတပ်၊ လေတပ်တွေကို လေ့လာခဲ့ပြီးပါပြီ။ ရေတပ်မှာဆိုလို့ရှိရင် သင်္ဘောတွေအကြောင်းကို လေ့လာခဲ့တယ်။ လေတပ်မှာဆိုရင် လေယာဉ်တွေအကြောင်းနဲ့၊ ရှေးခေတ်တုန်းကသုံးခဲ့တဲ့ စစ်လေယာဉ်တွေကို လေ့လာခဲ့ပါတယ်။ ကြည်းတပ်မှာဆိုရင်တော့ သေနတ်တွေအကြောင်းနဲ့ ရှေးတုန်းက စစ်ပွဲမှာသုံးခဲ့တဲ့သေနတ်တွေကို လေ့လာခဲ့ပါတယ်။ ကျွန်တော်ကတော့ အခုလေ့လာတဲ့အပိုင်းတွေမှာဆိုရင် လေတပ်ကိုပိုကြိုက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အရင်တုန်းကသုံးခဲ့တဲ့ လေတပ်တွေမှာဆိုရင် ဒီလိုမျိုး ဗုံးကြဲတဲ့ပုံစံတွေ အဲ့ဒီလေတပ်မှာသုံးတဲ့ ဗုံးပုံစံတွေကို ကျွန်တော်နှစ်သက်ပါတယ်။ လေယာဉ်တည်ဆောက်ပုံတွေကိုလည်း နှစ်သက်ပါတယ်။ ကျွန်တော် အခုလိုလေ့လာရတာ ဗဟုသုတလည်းရသလို သူငယ်ချင်းနဲ့ လေ့လာရတဲ့အတွက် တအားကိုပဲ ပျော်ရွှင်မိပါတယ်။ အခုလိုလေ့လာလို့ရအောင် လုပ်ပေးတဲ့အတွက် တာဝန်ရှိသူတွေ၊ ဆရာ၊ ဆရာမတွေနဲ့ လူကြီးတွေ အားလုံးကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါတယ်ခင်ဗျာ" ဟုပြောသည်။

(၁၀၀)

မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် အောက်တိုဘာ ၃

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၅ ပေမှ ၇ ပေခန့်ရှိနိုင်သည်။

(မိုး/ဇလ)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ပြည်ကြီးတံခွန်မြို့နယ်ရှိ သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၃

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ကျန်းမာရေးကဏ္ဍတိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာယနေ့နံနက်ပိုင်းတွင်အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်ရှိ သံဃာတော်များနှင့် သာသနာနွယ်ဝင်သီလရှင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများအား အဆိုပါရပ်ကွက်ရှိ ဝေသာလီကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၈၃ ပါး၊ သာသနာနွယ်ဝင်သီလရှင် ၂၇ ပါးနှင့် ဒေသခံပြည်သူ ၆၁ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီးလိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်းလုပ်ငန်းပါ အလုပ်ရုံ ၂၂ ရုံအနက် အလုပ်ရုံ ၂၀ ရုံကို အောင်မြင်စွာ တပ်ဆင်စမ်းသပ်လည်ပတ်နိုင်ပြီဖြစ်



နေပြည်တော် အောက်တိုဘာ ၃

နိုင်ငံတော်၏သံမဏိလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက များစွာအထောက်အကူပြုနိုင်ရေးအတွက် အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စီမံကိန်းလုပ်ငန်းပါ အလုပ်ရုံ ၂၂ ရုံအနက် အလုပ်ရုံ ၂၀ ရုံကို အောင်မြင်စွာ တပ်ဆင်စမ်းသပ်လည်ပတ်နိုင်ပြီဖြစ်ကြောင်း စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနမှ သိရသည်။

ထို့ပြင် ကျန်ရှိသည့်စွန့်ပစ်အပူသုံးဓာတ်အားပေးအလုပ်ရုံ (HRPS) နှင့် သံရည်ကျိုအလုပ်ရုံ (Romelt Shop) တို့ကို အမြန်ဆုံးစက်တပ်ဆင်လည်ပတ်ပြီး စက်ရုံတစ်ခုလုံး အပြီးသတ်လည်ပတ်ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိသည်။

အဆိုပါစီမံကိန်းလုပ်ငန်းများတွင်ပါဝင်သည့် စွန့်ပစ်အပူသုံးဓာတ်အားပေးအလုပ်ရုံ (HRPS) လည်ပတ်နိုင်ရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Tyazhpromexport Co.,Ltd. (TPE)မှ နိုင်ငံခြားသားပညာရှင်များနှင့် စက်ရုံရှိ ဝန်ထမ်းများပူးပေါင်း၍ စက်ပစ္စည်းများအား စစ်ဆေးခြင်း၊ စက်တပ်ဆင်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ယမန်နေ့မွန်းလွဲပိုင်းက စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသွင်အောင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းသည် နိုင်ငံတော်အတွက် များစွာအရေးပါသည့် စီမံကိန်းဖြစ်သည့်အတွက် တစ်ဦးတစ်ယောက်ချင်းစီအနေဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ပိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်လို ကြောင်း၊ ယခုဆောင်ရွက်လျက်ရှိသည့် စွန့်ပစ်အပူသုံးဓာတ်အားပေးအလုပ်ရုံ(HRPS) တပ်ဆင်လည်ပတ်ပြီးပါက ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ကြိုတင်မျှော်မှန်းတွက်ဆ၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ထားရန်လို ကြောင်း၊ စက်တပ်ဆင်ခြင်းလုပ်ငန်းများကို သတ်မှတ်ထားသည့်အချိန်ဇယားများအတိုင်း ပြီးစီးအောင် ဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း တွေ့ကြုံရမည့် စိန်ခေါ်မှုများကို စုပေါင်းအားဖြင့် ဖြေရှင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေးအတွက် လိုက်နာဆောင်ရွက်ရမည့်စည်းမျဉ်း၊ စည်းကမ်းများကို ဒေသန္တရအမိန့်အဖြစ် ထုတ်ပြန်ထားရှိရန်လိုအပ်ကြောင်း မှာကြားသည်။

စွန့်ပစ်အပူသုံးဓာတ်အားပေးအလုပ်ရုံ(HRPS)၏ စက်တပ်ဆင်ခြင်းလုပ်ငန်းများ ပြီးစီး၍ လည်ပတ်နိုင်ပါက လျှပ်စစ်ဓာတ်အား ၄၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ၃၂ မဂ္ဂါဝပ်ကို စက်ရုံတွင် ပြန်လည်အသုံးပြု၍ ပို့လျှံသော လျှပ်စစ်ဓာတ်အား ၈ မဂ္ဂါဝပ်ကို မဟာဓာတ်အားလိုင်းသို့ ပို့လွှတ်ပေးနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ

➤ **ရှေ့ဖုံးမှအဆက်**

လမ်းကြီးပေါ်ရှိနေရာအချို့တွင် ရေကျော်ခြင်းများ၊ လမ်းပေါ် တွင် မြေပြိုကျ၍လမ်းပိတ်ခြင်းများ၊ လမ်းပေါ်ရှိ တံတားများတွင် အမှိုက်များ ပိတ်ဆို့ခြင်းများဖြစ်ပွားခဲ့သည်။

အဆိုပါ ရေကြီးမှု ကြောင့် ထားဝယ်–လောင်းလုံးလမ်းပေါ်ရှိ ပြိုကျနေသော မြေကြီးများအား ဖယ်ရှားရှင်းလင်းရန်နှင့် လမ်းတစ်လျှောက်ရှိရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေး ဆောင်ရွက်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုကူညီရေးအသင်းအဖွဲ့များပါဝင်သော ကူညီကယ်ဆယ်ရေးပူးပေါင်းအဖွဲ့သည်ယနေ့နံနက်ပိုင်းတွင်ထားဝယ်မြို့မှ စတင်ထွက်ခွာခဲ့ရာ ထားဝယ်–လောင်းလုံးမြို့လမ်းတစ်လျှောက်ရှိ လမ်းပေါ်သို့ပြိုကျနေသော မြေကြီးများအား စက်ယန္တရားများအသုံးပြု၍ ဖယ်ရှားရှင်းလင်းပေးခြင်း၊ လမ်းများပြုပြင်ပေးခြင်း၊ တံတားများတွင် ပိတ်နေသော အမှိုက်များအား ရှင်းလင်းပေးခြင်း၊ လမ်းတစ်လျှောက်ရှိရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးခြင်းနှင့် အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ပေါ်ရှိ ဘုန်းတော်ကြီး ကျောင်းတိုက်များသို့ ဆွမ်းဆန်နှင့်ဆီ ဆက်ကပ်လှူဒါန်း

မုံရွာ အောက်တိုဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ပေါ်ရှိဘုန်းတော်ကြီးကျောင်းတိုက်များ၌ သီတင်းသုံးတော် မူကြသည့် ဆရာတော်၊ သံဃာတော်များ ဆွမ်းအခက်အခဲမရှိစေရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးဆောင်ပြီး မုံရွာမြို့ပေါ်ရှိကိုယ်ပိုင်ကျောင်းများ၊ လုပ်ငန်းရှင်များ၊ လုပ်ငန်းရှင်များစုပေါင်းကာ ဆွမ်းဆန်နှင့်ဆီတို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ အောင်ချမ်းသာရပ်ကွက်ရှိ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မုံရွာမြို့ပေါ်ရှိ ကိုယ်ပိုင်ကျောင်းများ၊ လုပ်ငန်းရှင်များ တက်ရောက်ကြပြီး ပင့်သံဃာတော်များထံ ဆွမ်းဆန်နှင့်ဆီတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့အတူ မုံရွာမြို့ ချမ်းမြဝတီ ရပ်ကွက်ရှိအုတ်ကန်တောရကျောင်းတိုက်ကြီးနှင့် လယ်တီရပ်ကွက်ရှိ မဟာလယ်တီကျောင်းတိုက်တို့ရှိ ဆရာတော်ကြီးများထံ ဆွမ်းဆန်နှင့် ဆီ ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ မုံရွာမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းတိုက်သုံးတိုက်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ကိုယ်ပိုင်ကျောင်းများ၊ လုပ်ငန်းရှင်များက ဆွမ်းဆန်တော် ၂၄ ပြည်အိတ် ၁၆၆ အိတ်၊ ဆီ ၁၀ ပိသာဝင် ၃၇ ပုံးတို့ကိုလှူဒါန်းခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး (ပြန်/ဆက်)

လေးမျက်နှာမြို့နယ်၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့နယ်၊ ကျုံပျော်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရေပြန်လည်ကျဆင်းသွားသည့် မြို့၊ ရွာ၊ ရပ်ကွက်များ၌ တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား ဖယ်ရှားရှင်းလင်း

နေပြည်တော် အောက်တိုဘာ ၃

ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင်လ ၃၀ ရက်ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါရေဝင်ရောက်မှုကြောင့် လေးမျက်နှာ၊ ဟသံတ၊ ရေကြည်၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိမြို့ပေါ် ရပ်ကွက်အချို့နှင့် ကျေးရွာအချို့တို့တွင် ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သည်။

အဆိုပါ ဝင်ရောက်ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့သည့် လေးမျက်နှာမြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်တို့၌ ရေများပြန်လည်ကျဆင်းသွားခဲ့ပြီး ရေကြည်မြို့နယ်အတွင်း ၉ ပေ ၁၀ လက်မခန့်၊ ငါးသိုင်းချောင်းမြို့နယ်အတွင်း ၉ ပေ ၉ လက်မခန့်နှင့် ကျုံပျော်မြို့နယ်အတွင်း ၇ ပေ ၄ လက်မခန့်ဆက်လက်ကျဆင်းသွားခဲ့ကြောင်း သိရှိရသည်။

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင်တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးခြင်းနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက ရေပြန်လည်ကျဆင်းသွားသည့် နေရာများ၌ နုန်းများ၊ အမှိုက်များ ဖယ်ရှားရှင်းလင်းပေးစဉ်။



၂၀၂၆ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြုအသင်းနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တပ်မတော်(ရေ)မှ အရာရှိကြီးတစ်ဦးက ၂၀၂၆ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဖူဆယ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြုအသင်းအား တံခွန်စိုက်ဆုဖလား၊ ဆင့်ပွားဖလားနှင့်ငွေသားဆုများ ပေးအပ်ချီးမြှင့်စဉ်။

▲ ကျောဖုံးမှအဆက်

ကျင်းပပြုလုပ်ရာ ၂၀၂၆ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြုအသင်းနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်း တို့ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းက နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို ၆ ဂိုး ၅ ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့သည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုံင်း တပ်မတော်(ကြည်း၊ ရေ၊ လေ)ပြေးခုန်ပစ်ပြိုင်ပွဲတွင် အမျိုးသားတန်းမြင့်ခုန်ပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုံင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲတွင် အမျိုးသားလုံတံပစ်ပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂျူဒိုပြိုင်ပွဲတွင် အမျိုးသားခတပြိုင်ပွဲ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုံင်း (၃၃) ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မြန်မာ့သိုင်းပြိုင်ပွဲတွင် အမျိုးသားဗန်တိုအတိုက်ပြိုင်ပွဲ ယှဉ်ပြိုင်ကစားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုံင်း (၃၃) ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းပြိုင်ပွဲတွင် အမျိုးသားမားနှစ်လက်အတိုက်ပြိုင်ပွဲ(က)တန်း ယှဉ်ပြိုင်ကစားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုံင်း (၃၃) ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းပြိုင်ပွဲတွင် အမျိုးသားပန်ကြပ်ဆီလပ်အတိုက်ပြိုင်ပွဲ ယှဉ်ပြိုင်ကစားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုံင်း (၃၃) ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းပြိုင်ပွဲတွင် အမျိုးသမီးမားတစ်လက်အတိုက်ပြိုင်ပွဲ ယှဉ်ပြိုင်ကစားစဉ်။



၂၀၂၆ ခုနှစ်၊ (၆၃) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အလွတ်တန်းအဆင့် ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်အဖြစ် နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ ပွဲစဉ်တစ်လျှောက် တစ်ဦးချင်း နေရာလိုက် အကောင်းဆုံးဆုများဖြစ်သည့် အကောင်းဆုံးကစားသမားဆု၊ အကောင်းဆုံးဂိုးသမားဆု၊ ဂိုးသွင်းအများဆုံးဆုရရှိသူများနှင့် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသည့်အသင်းများ၊ အသန့်ရှင်းဆုံးအသင်းဆုရရှိသည့်အသင်းများအား တာဝန်ရှိသူများက တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆုများကို အသီးသီးပေးအပ်ချီးမြှင့်ကြပြီး



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂျူဒိုပြိုင်ပွဲတွင် ဆုရရှိသူများအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အရာရှိကြီးတစ်ဦးက ငွေသားဆုနှင့်တစ်ဦးချင်းဆုများ ပေးအပ်ချီးမြှင့်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုတိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲတွင် အမျိုးသားမီတာ ၁၀၀၀၀ ပြေးပြိုင်ပွဲ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားစဉ်။



(၅၆)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုတိုင်း လက်ဝှေ့ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များယှဉ်ပြိုင်ကစားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုတိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲတွင် အမျိုးသားမီတာ ၁၀၀ ပြေးပြိုင်ပွဲ လူရွေးပွဲ ယှဉ်ပြိုင်ကစားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုတိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသမီးဘော်လီဘောပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ယှဉ်ပြိုင်ကစားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုတိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အလွတ်တန်း ၃ ယောက်တွဲအဖွဲ့လိုက် အုပ်စုပတ်လည်ပွဲစဉ်များ ယှဉ်ပြိုင်ကစားစဉ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တပ်မတော်(ရေ)မှ အရာရှိကြီးတစ်ဦးက ပထမဆုဆွတ်ခူးရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြိုအသင်းအား တံခွန်စိုက်ဆုဖလား၊ ဆင့်ပွားဖလားနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ၂၀၂၆ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဖြစ်သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုတိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းမှစတင်ပြီး ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ အမျိုးသား/အမျိုးသမီး မီတာ ၁၀၀၀၀ ပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၁၀၀ ပြေးပြိုင်ပွဲ လူရွေးပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၈၀၀ ပြေးပြိုင်ပွဲ လူရွေးပွဲ၊ အမျိုးသားတန်းမြင့်ခုန်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသမီး သုံးဆင့်ခုန်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် အမျိုးသားလှံတံပစ်ပြိုင်ပွဲ ဗိုလ်လုပွဲကို လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂျူဒိုပြိုင်ပွဲကို ဇေယျာသီရိတပ်မတော်အားကစားရုံ(A)၌ အမျိုးသားခတပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားကြပြီး ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲအခမ်းအနားကျင်းပရာ ပထမ၊ ဒုတိယ၊ တတိယရရှိသည့် အားကစားသမားများအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးတစ်ဦးနှင့် တာဝန်ရှိသူများက ငွေသားဆုနှင့် တစ်ဦးချင်းဆုများ အသီးသီးပေးအပ်သည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုတိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား / အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိတပ်မတော်အားကစားရုံ(B)၌ အမျိုးသား/ အမျိုးသမီး အုပ်စုပတ်လည်ပွဲစဉ်များကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုတိုင်း (၃၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိတပ်မတော်အားကစားရုံ(C)၌ အမျိုးသား ဗန်တိုအတိုက်ပြိုင်ပွဲ(က)တန်း၊ အမျိုးသားဗန်တိုအတိုက်ပြိုင်ပွဲ (ခ)တန်း၊ အမျိုးသား ဓားနှစ်လက်အတိုက်ပြိုင်ပွဲ(က)တန်း၊ အမျိုးသား ဓားတစ်လက်အတိုက်ပြိုင်ပွဲ(ခ)တန်း၊ အမျိုးသား ဓားတစ်လက်အတိုက်ပြိုင်ပွဲ(က)တန်း၊ အမျိုးသား ပန်ကြပ်ဆီလပ် အတိုက်ပြိုင်ပွဲ၊ အမျိုးသမီး ဓားတစ်လက်အ

သင်ကြားရေးဆေးရုံကြီး(မကွေးမြို့)မှ ပါမောက္ခအထူးကုဆရာဝန်ကြီးများ မင်းလှမြို့နယ်အတွင်း ကွင်းဆင်းဆေးကုသမှုဆောင်ရွက်

အထက်မင်းလှ အောက်တိုဘာ ၃

ကျန်းမာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် သင်ကြားရေးဆေးရုံကြီး(မကွေးမြို့)မှ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများပါဝင်သော ကျန်းမာရေးဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းတွင် မင်းလှမြို့နယ်ပြည်သူ့ဆေးရုံသို့သွားရောက်၍ မင်းလှမြို့နယ်အတွင်းရှိ ရဟန်းရှင်လူပြည်သူများအား ဆေးကုသမှုများ ကွင်းဆင်းဆောင်ရွက်ပေးသည်။



ထိုသို့ဆောင်ရွက်ပေးရာတွင် မကွေးမြို့သင်ကြားရေးဆေးရုံကြီးမှ အထွေထွေရောဂါ၊ ခွဲစိတ်၊ သားဖွားမီးယပ်၊ ကလေး၊ အရိုး၊ မျက်စိ၊ ဆီးနှင့် ကျောက်ကပ်ခွဲစိတ်၊ သွားနှင့် ခံတွင်း စသည့်ဘာသာရပ်(၈)ခုမှ ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက ကုသရေးဦးစီးဌာန၏မူဝါဒများနှင့် အညီ ဆေးရုံအခြေပြုကုသရေးလုပ်ငန်းနှင့် ပြည်သူလူထုအတွင်း ကွင်းဆင်းဆေးကုသမှုများဆောင်ရွက်ပေးကြသည်။

အဆိုပါဆေးကုသမှုပြုလုပ်ရာသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုနှင့် တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်မြင့်ဦး၊ သင်ကြားရေးဆေးရုံကြီး(မကွေးမြို့) ဆေးရုံအုပ်ကြီး ဒေါက်တာနေလင်း၊ ရဲမှူးစိန်ဝင်း၊ မင်းလှမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌနှင့် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာစိုးဝဏ္ဏတို့က လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆေးကုသမှုများပြုလုပ်ပေးရာတွင် အထွေထွေရောဂါလူနာ ၁၄၄ ဦး၊ ခွဲစိတ်လူနာ ၃၂ ဦး၊ သားဖွားမီးယပ်လူနာ ၂၂၅ ဦး၊ ကလေးလူနာ ၂၅ ဦး၊ အရိုးနှင့်ထိခိုက်ဒဏ်ရာလူနာ ၁၄၁ ဦး၊ မျက်စိလူနာ ၁၂၆ ဦး၊ ဆီးနှင့် ကျောက်ကပ်ခွဲစိတ်လူနာ ၂၁ ဦး၊ သွားနှင့်ခံတွင်းလူနာ ၁၈၅ ဦးစုစုပေါင်း အမျိုးသား ၁၈၂ ဦး၊ အမျိုးသမီး ၅၅၀ ဦးတို့ကို ဆေးကုသမှုဆောင်ရွက်ပေးနိုင်ခဲ့ပြီး မင်းလှမြို့နယ်ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့များက ပိုင်းဝန်းကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

တောင်ကြီးမြို့၌ အထပ်မြင့် ယာဉ်ရပ်နားစခန်း တည်ဆောက်မည်

တောင်ကြီး အောက်တိုဘာ ၃

ရှမ်းပြည်နယ် တောင်ကြီးမြို့လမ်းမတော်ရပ်ကွက် တပင်ရွှေထီးလမ်း (ဗိုလ်ချုပ်လမ်းနှင့် စဝ်စံထွန်းလမ်းကြား)၌ အထပ်မြင့် ယာဉ်ရပ်နားစခန်း (Multi-Storey Parking Garage) တည်ဆောက်မည်ဖြစ်ကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

အထပ်မြင့်ယာဉ်ရပ်နားစခန်း တည်ဆောက်ရန်အတွက် ပန်းက်တင်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါယာဉ်ရပ်နားစခန်း နေရာ၌ ကျင်းပရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် အတူ တက်ရောက်ပြီး သတ်မှတ်နေရာများတွင် ပန်းက်ရိုက် ပေးကာ ဖျော်ဖြေရေးအဖွဲ့များကို ဂုဏ်ပြုငွေများ ပေးအပ်သည်။

အခမ်းအနားအပြီးတွင်ပြည်နယ် ဝန်ကြီးချုပ်သည် တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ပြည်နယ် ဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌများနှင့် တက်ရောက်လာကြသူများကပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုတို့နှင့်စပ်ဟပ်၍ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များညှိနှိုင်းဖြည့်ဆည်းပေးကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

MFF ယူ-၁၆ ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၂)ပြိုင်ပွဲများ အောက်တိုဘာလ ၄ ရက်တွင် ပြန်လည်ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၃

အားကစားရေးရာဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးကော်မတီမှ ကျင်းပသည့် MFF ယူ-၁၆ ဖူဆယ်လိဂ်ပွဲစဉ်(၁၂)ပြိုင်ပွဲများကို အောက်တိုဘာလ ၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး သဃ်နိန်းကျွန်းမြို့နယ်ရှိ MFF Futsal Stadium ၌ ပြန်လည် ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်(၁၂)တွင် JULLNISS အသင်းနှင့် TKA STARS အသင်း၊ AVENGERS JUNIOR အသင်းနှင့် UNITED CITY အသင်း၊ MER REIN အသင်းနှင့် MAHAR BURMA အသင်း၊ SGF YOUTH အသင်းနှင့် VICTORIA အသင်း၊ FFU MINMAHAW အသင်းနှင့် PACIFIC SUN FAR အသင်း၊ BUSHIDO အသင်းနှင့် SHWE PYI THAR UTD အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ယူ-၁၆ ဖူဆယ်လိဂ် ပွဲစဉ်(၁၁)ကို ဩဂုတ်လ ၃၀ ရက်ကကျင်းပခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲများအပြီးတွင် SGF YOUTH အသင်းက ရမှတ် ၃၁ မှတ်ဖြင့် အဆင့်(၁)နေရာတွင်လည်း AVENGERS JUNIOR အသင်းက ရမှတ် ၃၀ မှတ်ဖြင့် အဆင့်(၂)နေရာတွင်လည်း VICTORIA အသင်းက ၂၈ မှတ်ဖြင့် အဆင့်(၂)နေရာတွင်လည်းကောင်း၊ FFU MINMAHAW အသင်းက ၂၁ မှတ်ဖြင့် အဆင့်(၃)နေရာတွင်လည်းကောင်း၊ MAHAR BURMA အသင်းက ၂၁ မှတ်ဖြင့် အဆင့်(၄) နေရာတွင်လည်းကောင်း၊ PACIFIC SUN FAR အသင်းက ၁၉ မှတ်ဖြင့် အဆင့်(၅)နေရာတွင်လည်းကောင်း အဆင့်လိုက်ရပ်တည်နေကြသည်။

ထို့အတူ UNITED CITY အသင်းက ရမှတ် ၁၈ မှတ်ဖြင့် အဆင့်(၆)နေရာတွင်လည်းကောင်း၊ AVENGERS JUNIOR အသင်းက ၁၈ မှတ်ဖြင့် အဆင့်(၇)နေရာတွင်လည်းကောင်း၊ JULLNISS အသင်းက ၁၆ မှတ်ဖြင့် အဆင့်(၈)နေရာတွင်လည်းကောင်း၊ TKA STARS အသင်းက ၁၅ မှတ်ဖြင့် အဆင့်(၉)နေရာတွင်လည်းကောင်း၊ BUSHIDO အသင်းက ၄ မှတ်ဖြင့် အဆင့်(၁၀)နေရာတွင်လည်းကောင်း၊ SHWE PYI THAR UTD အသင်းက ၃ မှတ်ဖြင့် အဆင့်(၁၁)နေရာတွင်လည်းကောင်း၊ MER REIN အသင်းက ၁ မှတ်ဖြင့် အဆင့်(၁၂)နေရာတွင်လည်းကောင်း ရပ်တည်နေကြကြောင်း သိရသည်။

ဝန်းရံခ

FIFA Asean Cup Division 2 **ချန်ပီယံဆု ဟောင်ကောင်အသင်းဆွတ်ခူးရရှိ**



ရန်ကုန် အောက်တိုဘာ ၃

FIFA Asean Cup 2026 ပြိုင်ပွဲ Division 2 ဗိုလ်လုပွဲစဉ်အဖြစ် အုပ်စု(A)ပထမ ဟောင်ကောင်အသင်းနှင့် အုပ်စု(B)ပထမ ကမ္ဘောဒီးယားအသင်းတို့ ယနေ့ညနေပိုင်းတွင် ဟောင်ကောင်၌ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင်ဟောင်ကောင်အသင်းက ၂ ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည်။


ပွဲစသည်နှင့် ဟောင်ကောင်အသင်းက ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် တိုက်စစ်ဆင်ကစားခဲ့ပြီး ဂိုးပေါက် ခြိမ်းခြောက်မှုများကို ကမ္ဘောဒီးယားခံစစ်မှ ခုခံကာကွယ်ခဲ့သော်လည်း ပွဲချိန် ၄၁ မိနစ်တွင် ဆွန်မင်ဟိမ် ဖန်တီးပေးလိုက်သည့် ဘောလုံးကို မက်အော်က ဘယ်ခြေဖြင့်အဆုံးသတ်ကာ ဟောင်ကောင်အသင်းအတွက် အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။

ဒုတိယပိုင်းတွင် ဟောင်ကောင်အသင်း ပြိုင်ပွဲကိုဆက်လက်ထိန်းချုပ်နိုင်ခဲ့ပြီး ပွဲချိန် ၅၈ မိနစ်တွင် ကမ္ဘောဒီးယားနောက်ခံကစားသမား၏ ပြစ်ဒဏ်ဘောကျူးလွန်မှုကို ကွင်းလယ်ဒိုင်က VAR ပြန်လည်ကြည့်ရှုကာ ဟောင်ကောင်အသင်းကို ပယ်နယ်တီပေးခဲ့သည်။ ရရှိခဲ့သည့်ပယ်နယ်တီကို အဲဗာတန် ကာမာဂိုက ဒုတိယအနိုင်ဂိုးအဖြစ် သွင်းယူပေးခဲ့သည်။

ကမ္ဘောဒီးယားအသင်းချေပဂိုးရရှိရေးအတွက် လူစားလဲမှုများပြုလုပ်ကာ တုံ့ပြန်တိုက်စစ်ဆင်ခဲ့သော်လည်း ဂိုးပေါက်လွဲချော်မှုများကြောင့်ဂိုးမရရှိခဲ့ပေ။ ဟောင်ကောင်အသင်းသည် လက်ကျန်မိနစ်များကို ပွဲချိန်ပြည့်သည်အထိ ထိန်းသိမ်းကစားသွားခဲ့ပြီး ကမ္ဘောဒီးယားကို ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ယူကာ ချန်ပီယံဆုကို ဆွတ်ခူးရယူသွားခဲ့သည်။

နေမျိုး၊ ဓာတ်ပုံ-AFF

မိုးလေဝသ သတင်း



ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် အောက်တိုဘာ ၃

ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၊ အနောက်အလယ်ပိုင်းနှင့်အနောက်မြောက်ပိုင်းတို့တွင် မုတ်သုံလေအားနည်းနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင်တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ **(မိုး/ဧလ)**



ဟိုပုံးမြို့၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

ဟိုပုံး အောက်တိုဘာ ၃

ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုပုံးမြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများကို ထိန်းသိမ်းစောင့်ရှောက်သောအားဖြင့် သံဃာတော်နှင့်သီလရှင်များအား အစဉ်အလာမပျက်စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို သီရိမင်္ဂလာရွှေချမ်းသာမွေတော်ဘုရားကြီး၌ ယနေ့ညနေပိုင်းတွင် ကျင်းပသည်။

ထိုသို့ဆွမ်းဆန်စိမ်းလောင်းလှူရာတွင် ဟိုပုံးမြို့ပေါ်ရှိကျောင်းတိုက်အသီးသီးမှ ဆရာတော်၊ သံဃာတော်များနှင့် သာသနာနွယ်ဝင်သီလရှင်များ ကြွရောက်တော်မူကြရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေသ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ဆွမ်းဆန်စိမ်း၊ လှျဖွယ်ဝတ္ထုပစ္စည်းများ၊ ဆေးဝါးများနှင့် နဝကမ္မအလှူငွေများကို ဆရာတော်၊ သံဃာတော်များနှင့် သာသနာနွယ်ဝင်သီလရှင်များအားလောင်းလှူကြကြောင်း သိရသည်။ (၄၀၅)

မြို့၊ ရွာ သန့်ရှင်းသာယာလှပစေရေး ဆောင်ရွက်

ပဲခူး အောက်တိုဘာ ၃

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ အပတ်စဉ်စနေနေ့တိုင်း မြို့ရွာ သန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်၌ တစ်ပြိုင်တည်းဆောင်ရွက်ကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်း၊ တောင်ငူတိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများသည် တောင်ငူမြို့နယ် ကေတုမတီမြို့သစ် ဂျပန်လမ်းဘေးဝဲယာ၌ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းအားဖြင့် သန့်ရှင်းရေး ပြုလုပ်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ စာသင်ကျောင်းများ၊ဆေးရုံများ၊ဘာသာရေးအဆောက်အအုံများ၊ ဌာနဆိုင်ရာရုံးများ၊ အများနှင့်သက်ဆိုင်သောပန်းခြံများ၊ လမ်းများနှင့် သောက်သုံးရေကန်များ၌ တပ်ရင်း၊ တပ်ဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရပ်ကွက်နေပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များက သန့်ရှင်းရေးဆောင်ရွက်ကြကြောင်း သိရသည်။**ဥသဘတိုင်းသား**



ရေးမြို့နယ်၌ မြို့သန့်ရှင်းသာယာလှပရေးနှင့်ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပြီးစီးသည့်လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

ရေး အောက်တိုဘာ ၃

မွန်ပြည်နယ် ရေးမြို့နယ် သီရိနန္ဒာရပ်ကွက် အဏ္ဏဝါရပ်အတွင်း မြို့သန့်ရှင်း သာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် မြို့အင်္ဂါရပ်နှင့်အညီ ဖြစ်စေရေးအတွက် ဆောင်ရွက်ပြီးစီးခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်ပြီးစီးခဲ့သည့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း၊ ပေါင်းကူးတံတားတည်ဆောက်ခြင်းလုပ်ငန်းနှင့် ကျောက်စီရေမြောင်းပြုလုပ်ခြင်းလုပ်ငန်းများအား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ သူရဦးရန်နိုင် ဦးနှင့် အဖွဲ့ဝင်များ၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးလွင်၊ မြို့နယ်လမ်းဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဦးဇင်ကိုကို ပါဝင်သောအဖွဲ့တို့က သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက်သက်ဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြီးစီးခဲ့သည့် လုပ်ငန်းများ ရေရှည်တည်တံ့စေရေးအတွက် သက်ဆိုင်ရာဌာနမှ ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရန်၊ ရပ်ကွက်အတွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆက်လက်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း သိရသည်။

(၄၀၆)

ဇမ္ဗူသီရိမြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ



နေပြည်တော် အောက်တိုဘာ ၃

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ဇမ္ဗူသီရိမြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ဇမ္ဗူသီရိမြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေသည့် ဇာတိမာန်သီချင်းဖြင့် သီဆိုဖျော်ဖြေပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်သက်သက်သင်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နီလာစိုးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်၍ လူငယ်စကားဝိုင်းကျင်းပရာ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများက မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေသည့် ဇာတိမာန်သီချင်းဖြင့် သီဆိုဖျော်ဖြေပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်သက်သက်သင်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နီလာစိုးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်၍ လူငယ်စကားဝိုင်းကျင်းပရာ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့်တာဝန်၊ မောင်ခန့်ညီရှင်းသန့်က လူငယ်နှင့်အနာဂတ်၊ ကျောင်းသူ မငြိမ်းသုခလင်းက လူငယ်နှင့် မျိုးချစ်စိတ်ဓာတ် စသည့်ခေါင်းစဉ်များဖြင့် အသီးသီး ဆွေးနွေးကြပြီး လူငယ်စကားဝိုင်းသို့တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှပြသထားသည့်လူငယ်ရေးရာအသိပညာပေးနံရံကပ်စာစောင်နှင့် စာအုပ်စာစောင်များအား စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

(၄၀၂)

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၁၀-၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်ကိုင်း	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၅၄၀	၄၆၉၅	၄၆၅၀	၄၅၅၅	၄၇၀၀	၄၇၁၅	၄၆၂၅	၄၇၅၀	၄၉၉၅	၅၀၂၅	၄၆၅၀	၄၈၀၀	၄၇၄၀	၄၆၉၅	၄၇၀၅	၄၉၃၅
95 Ron	၄၇၃၀	၄၈၈၅	၄၈၃၅	၄၇၄၅	၄၉၀၀	၄၉၀၅	၄၉၃၅	၄၈၁၅	၅၀၈၅	၅၂၂၅	၄၈၃၅	၄၈၈၅	၄၉၂၂	၄၈၈၅	၄၈၉၅	၅၁၂၅
HSD (500 ppm)	၄၈၁၅	၄၉၆၅	၄၉၁၅	၄၈၃၀	၄၉၅၀	၄၉၈၀	၅၀၁၅	၄၉၀၀	-	၅၂၈၀	၄၉၁၅	၅၄၆၀	၅၀၀၅	၄၉၆၅	၄၉၇၅	၅၁၉၅
HSD (50 ppm)	၅၇၉၅	၅၉၅၀	၅၉၀၅	၅၈၁၅	၅၉၅၅	၅၉၇၀	၆၀၀၅	၅၈၈၅	၆၂၅၀	၆၂၈၀	၅၉၀၅	၆၀၅၀	၅၉၉၅	၅၉၅၀	၅၉၆၅	၆၁၉၀
HSD (10 ppm)	၅၇၉၅	၅၉၅၀	၅၉၀၅	၅၈၁၅	၅၉၅၅	၅၉၇၀	၆၀၀၅	၅၈၈၅		၆၂၈၀	၅၉၀၅	၆၀၅၀	၅၉၉၅	၅၉၅၀	၅၉၆၅	၆၁၉၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း

လုပ်ငန်းကြီးကြပ်ရေးကော်မတီ

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၃၁၈	၄၄၃၈
95 Ron	၄၆၉၉	၄၆၂၃
HSD (500 ppm)	၄၅၉၈	၄၇၂၀
HSD (50 ppm)	၅၁၃၃	၅၁၆၄
HSD (10 ppm)	၅၁၃၃	၅၁၆၄

ကယ်ဗင်ဒီဘရိုင်းနား၏ခြေစွမ်းပြမှုကြောင့် ဘယ်လ်ဂျီယံအသင်း တူကီယဲအသင်းကို ဂိုးပြတ်အနိုင်ရရှိ



ရန်ကုန် အောက်တိုဘာ ၃

UEFA Nations League A Group(1) ပွဲစဉ်(၃)အဖြစ် ဘယ်လ်ဂျီယံအသင်းနှင့် တူကီယဲအသင်းတို့ယနေ့နံနက် ၁ နာရီ၁၅ မိနစ်တွင် ယှဉ်ပြိုင်ကစားကြရာ ဘယ်လ်ဂျီယံအသင်းက တူကီယဲအသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဘယ်လ်ဂျီယံအသင်းသည် တူကီယဲအသင်းကို တရစပ် ဖိအားပေးတိုက်စစ်မြှင့်ကစားခဲ့ပြီး ပွဲကစားချိန် ၁၀မိနစ်တွင် ဘယ်လ်ဂျီယံအသင်းကစားသမား ကယ်ဗင်ဒီဘရိုင်းနားက ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည်။ ထို့နောက် တူကီယဲအသင်း တိုက်စစ်ကစားသမားများက ရရှိလာသည့်အခွင့်အရေးများကို အသုံးချနိုင်ခြင်း မရှိခဲ့၍ ပထမပိုင်းပွဲပြီးချိန်တွင် ဘယ်လ်ဂျီယံအသင်းက တစ်ဂိုးအသာဖြင့် ဦးဆောင်ထားခဲ့သည်။

ဆက်လက်၍ ဒုတိယပိုင်း ပွဲကစားချိန်တွင် ကယ်ဗင်ဒီဘရိုင်းနားက ဒုတိယမြောက်သွင်းဂိုးကို ပွဲကစားချိန် မိနစ် ၆၀ တွင် ထပ်မံသွင်းယူပေးခဲ့ပြီး ပွဲကစားချိန် ၇၆ မိနစ်တွင် လူကာကူက တတိယမြောက်ဂိုး သွင်းယူပေးခဲ့သောကြောင့် တူကီယဲအသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဘယ်လ်ဂျီယံအသင်းသည် UEFA Nations League A Group(1) ပွဲစဉ်(၄) အဖြစ် အောက်တိုဘာလ ၆ ရက်တွင် ပြင်သစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

ZMO

ပဲခူးမြို့နယ် အားကစားနှင့်ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား အသက် ၂၀ နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ပဲခူး အောက်တိုဘာ ၃

၂၀၂၄ ခုနှစ် ပဲခူးမြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာပေါင်းစုံ အသက် ၂၀ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးခရိုင်အားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အားကစားအသင်းများက အားကစားကွင်းအတွင်း သတ်မှတ်နေရာများအလိုက် စီတန်း၍ နေရာယူကြပြီး ပဲခူးမြို့နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌက “မြို့နယ်အတွင်းရှိ လူငယ်များ ကျန်းမာကြံ့ခိုင်စေရေး၊ အချင်းချင်းချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုတိုးပွားစေရေး၊ အားကစားနည်းအလိုက် နည်းစနစ်မှန်ကန်စွာ အားကစားစိတ်ဓာတ်အပြည့်အဝ ယှဉ်ပြိုင်ကြရန်နှင့် အဆင့်မြင့်ပြိုင်ပွဲများသို့ ဆက်လက်ယှဉ်ပြိုင်နိုင်မည့် လက်ရွေးစင်များဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေး” စသည့်ရည်ရွယ်ချက်များဖြင့် ပြုလုပ်ပေးခြင်းဖြစ်ကြောင်းပြောကြားပြီး ပြိုင်ပွဲအား ဖွင့်လှစ်ပေးသည်။

ထို့နောက် ပဲခူးမြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌက ဘင်ခရာတပ်ဖွဲ့နှင့်ပန်းဖွားအကအဖွဲ့တို့အား ချီးမြှင့်ငွေပေးအပ်ကာ ပြိုင်ပွဲဝင်ဘောလုံးအားကစားအသင်းများက အုပ်စုပွဲစဉ်များအဖြစ် စတင်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အဆိုပါပဲခူးမြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာပေါင်းစုံ အသက် ၂၀ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲသို့ ပဲခူးမြို့နယ်အတွင်းရှိရပ်ကွက်နှင့်ကျေးရွာများမှ ပြိုင်ပွဲဝင်အသင်း ၁၆ သင်းပါဝင်ကာ အုပ်စုလေးအုပ်စုခွဲပြီး အောက်တိုဘာလ ၂၂ ရက်အထိ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သိရသည်။ ဥဿာတိုင်းသား



❐ ကျောဝိုးမှအဆက်

မြန်မာနှင့် အိန္ဒိယအမျိုးသား ယူ-၁၇ အသင်းနှစ်သင်းစလုံးသည် နိုဝင်ဘာလအတွင်း ကျင်းပမည့် ၂၀၂၇ AFC U-17 Asian Cup ခြေစစ်ပွဲအတွက် ပြင်ဆင်မှုများပြုလုပ်လျက်ရှိသည့်အသင်းများဖြစ်ပြီး မြန်မာအသင်းသည် ၂၀၂၇ အာရှ ယူ-၁၇ ပြိုင်ပွဲခြေစစ်ပွဲအုပ်စု(က)ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကာ အင်ဒိုနီးရှား၊ အာဖဂန်နစ္စတန်၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယားအသင်းတို့နှင့် ကစားရမည်ဖြစ်သည်။ အိန္ဒိယအသင်းသည်အုပ်စု(င)တွင်မလေးရှား၊ ပါလက်စတိုင်း၊ စင်ကာပူ၊ ဂူအမ်အသင်းတို့နှင့် ကျရောက်နေသည်။

မြန်မာ့လက်ရွေးစင် အမျိုးသား ယူ-၁၇ အသင်းကို ပြည်နယ်နှင့်တိုင်းဒေသကြီးများ၊ မြန်မာဘောလုံးအကယ်ဒမီများမှ ပဏာမကစားသမား ၂၉ ဦးဖြင့် ဖွဲ့စည်းထားပြီး ဂျပန်လူမျိုးနည်းပြချုပ် Mr. Keisuke Amano က တာဝန်ယူကိုင်တွယ်လျက်ရှိသည်။ အသင်းအနေဖြင့် ယခုနှစ် မြန်မာနေ့ရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲတွင် Galaxy FC အမည်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင် အမျိုးသား ယူ-၁၇ အသင်းနှင့် အိန္ဒိယအမျိုးသား ယူ-၁၇ အသင်းတို့၏ခြေစမ်းပွဲကို ယင်းနေ့ ညနေ ၃ နာရီခွဲတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဒုတိယပွဲစဉ်ကို အောက်တိုဘာလ ၇ ရက်တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ မြန်မာယူ-၁၇ အသင်းနှင့် အိန္ဒိယယူ-၁၇ အသင်းတို့သည် ယခုနှစ် မတ်လဆန်းကလည်း ခြေစမ်းပွဲနှစ်ပွဲယှဉ်ပြိုင်ကစားခဲ့ကြပြီး ပထမပွဲစဉ်တွင် အိန္ဒိယယူ-၁၇ အသင်းက ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ကာ ဒုတိယပွဲစဉ်တွင် ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။ ဝန်းရံခ

■ အာရှအားကစားပြိုင်ပွဲမှ

ရဲထက်၊ အောင်မျိုးကျော်၊ သက်ပိုင်စိုးနှင့်ဇင်မင်းဦးတို့ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံအတွက် တတိယကြေးတံဆိပ်ဆုကို ထိုက်ထိုက်တန်တန် ထပ်မံဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

အမျိုးသား လေးယောက်တွဲ ပြိုင်ပွဲတွင် ဂျပန်အသင်းက ပထမ၊ အင်ဒိုနီးရှားအသင်းက ဒုတိယ၊ မြန်မာအသင်းက တတိယနှင့် အိန္ဒိယအသင်းက ပူးတွဲတတိယဆုများကို ရရှိခဲ့သည်။

မြန်မာအသင်းအနေဖြင့် ၂၀၁၈ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် ပိုက်ကျော်ခြင်းအားကစားနည်းမှကြေးတံဆိပ်တစ်ခု၊ ဝူဏ္ဏူးအားကစားနည်းမှ ကြေးတံဆိပ်တစ်ခုနှင့် ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံ၌ ကျင်းပခဲ့သည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် ပိုက်ကျော်ခြင်း၊ လှေလှော်အားကစားနည်းမှ ကြေးတံဆိပ်တစ်ခု၊ ဘောလုံး(အမျိုးသမီး)စသည့် အားကစားနည်းငါးနည်းဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး တက်ဂ်ဘော အားကစားနည်းမှ ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်တစ်ခု၊ Esports အားကစားနည်းမှ ရွှေတံဆိပ်တစ်ခုနှင့် ပိုက်ကျော်ခြင်း အားကစားနည်းမှ ကြေးတံဆိပ်တစ်ခုတို့ကို မြန်မာနိုင်ငံအတွက် ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

အကြိမ် (၂၀)မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်ပိုက်ကျော်ခြင်းအသင်းက အမျိုးသားလေးယောက်တွဲ ပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် တတိယကြေးတံဆိပ်ဆု တစ်ခုကို ထိုက်ထိုက်တန်တန် ထပ်မံဆွတ်ခူးရယူပေးနိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ယနေ့အထိ ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်နှစ်ခု စုစုပေါင်း ဆုတံဆိပ်ငါးခုရရှိထားပြီး ပြိုင်ပွဲဝင်နိုင်ငံ ၄၅ နိုင်ငံအနက် နိုင်ငံအလိုက် အဆင့်(၂၃)တွင် ရပ်တည်နိုင်ခဲ့ပြီး နိုင်ငံဂုဏ်ကို မြှင့်တင်ပေးနိုင်ခဲ့ပါကြောင်းနှင့် မြန်မာအသင်းသည် ယခင်အာရှအားကစားပြိုင်ပွဲများတွင် ရရှိခဲ့သည့်ဆုတံဆိပ်များထက် သာလွန်၍ အောင်မြင်မှုများ ပိုမိုရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြောင်း သိရသည်။ မြဝတီ

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မှုးယစ်ဆေး

➢ MFF ယူ-၁၉ မှ

MFF Futsal Stadium ၌ ကျင်းပရာ MIU အသင်းနှင့် ULAD အသင်းတို့ ပြိုင်ဘက်အသင်းများအား ဂိုးပြတ်သွင်းအနိုင်ရရှိခဲ့ကြသည်။

ယနေ့ပွဲတွင် ပွဲစဉ်ခြောက်ပွဲ ပါဝင်ပြီး နံနက်ပိုင်းယှဉ်ပြိုင်သည့် အဆင့်(၂)နေရာမှ MIU အသင်းနှင့် အဆင့်(၁၁)နေရာမှ MINGALARDON CITY အသင်းတို့ပွဲစဉ်တွင် MIU အသင်းက ၂၂ ဂိုး ၂ ဂိုးဖြင့်လည်းကောင်း၊ အဆင့်(၈)နေရာမှ ROYAL NOKA အသင်းနှင့်အဆင့်(၉)နေရာမှ UNITED CITY အသင်းတို့ပွဲစဉ်တွင် UNITED CITY အသင်းက ၂ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ပြီး အဆင့်(၁)နေရာမှ PACIFIC SUN FAR အသင်းနှင့် အဆင့်(၄)နေရာမှ YCDC DREAM TEAM အသင်းတို့ တစ်ဖက်သုံးဂိုးစီဖြင့် သရေကျခဲ့သည်။

ထို့အတူ နေ့လယ်ပိုင်းယှဉ်ပြိုင်ကြသည့် အဆင့်(၇)နေရာမှ JV အသင်းနှင့်အဆင့်(၅)နေရာမှ ULAD အသင်းတို့ပွဲစဉ်တွင် ULAD အသင်းက ၉ ဂိုး ၃ ဂိုးဖြင့်လည်းကောင်း၊ အဆင့်(၆)နေရာမှ GOLD DREAM အသင်းနှင့် အဆင့်(၃)နေရာမှ YRG အသင်းတို့ပွဲစဉ်တွင် YRG အသင်းက ၄ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း၊ အဆင့်(၁၀)နေရာမှ SHWE PYI THAR UTD အသင်းနှင့် အဆင့်(၁၂) နေရာမှ BURMESE WARRIORS အသင်းတို့ပွဲစဉ်တွင် SHWE PYI THAR UTD အသင်းက ၄ ဂိုး ၂ ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြကြောင်း သိရသည်။ ဝန်းရံခ

❍ နဂါးလှော်ပြိုင်ပွဲမှ

(၈)တက်လှော်မီတာ ၂၀၀၀ ပြိုင်ပွဲတွင် ရုရှားအသင်းက ပထမ၊ စပိန်အသင်းက ဒုတိယနှင့် မြန်မာအသင်းက တတိယဆုများကိုလည်းကောင်း၊ ယနေ့အထိကျင်းပခဲ့သည့် အမျိုးသား/အမျိုးသမီး အလွတ်တန်း (၁၀)တက်လှော်မီတာ ၅၀၀ ပြိုင်ပွဲတွင် ရုရှားအသင်းက ပထမ၊ ဟန်ဂေရီအသင်းက ဒုတိယနှင့်မြန်မာအသင်းက တတိယဆုများကိုလည်းကောင်း၊ အမျိုးသားအလွတ်တန်း (၁၀)တက်လှော်မီတာ ၂၀၀၀ ပြိုင်ပွဲတွင် ရုရှားအသင်းက ပထမ၊ မြန်မာအသင်းက ဒုတိယနှင့် ယူကရိန်းအသင်းက တတိယဆုများကိုလည်းကောင်း၊ အမျိုးသား/အမျိုးသမီး အလွတ်တန်း(၁၀)တက်လှော်မီတာ ၂၀၀၀ ပြိုင်ပွဲတွင် ဟန်ဂေရီအသင်းက ပထမ၊ မြန်မာအသင်းက ဒုတိယနှင့် စပိန်အသင်းက တတိယဆုများကိုလည်းကောင်း အသီးသီးဆွတ်ခူးရရှိခဲ့သည်။

၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၅ ရက်မှ အောက်တိုဘာလ ၃ ရက်အထိ တရုတ်နိုင်ငံ ယွမ်လင်မြို့၌ အပြည်ပြည်ဆိုင်ရာကနူးလှော်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ကမ္ဘာ့ဖလား နဂါးလှော်ပြိုင်ပွဲတွင် အာရှအဆင့် အင်အားကြီးနိုင်ငံများအပါအဝင် အရှေ့တောင်အာရှအဆင့် နိုင်ငံများဖြစ်သော ပြိုင်ပွဲဝင်နိုင်ငံပေါင်း ၂၄ နိုင်ငံဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်အနက် မြန်မာ့လက်ရွေးစင် လှေလှော်အသင်းသည် ငွေတံဆိပ်သုံးခုနှင့် ကြေးတံဆိပ်နှစ်ခုတို့ကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိထားပြီး ယခုတရုတ်နိုင်ငံ ဟန်ကျိုးမြို့၌ ကျင်းပခဲ့သည့် (World Cup) ကမ္ဘာ့ချန်ပီယံရှစ်နဂါးလှော်လှော်လက်ရည်စစ်ပြိုင်ပွဲတွင်လည်း ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်နှစ်ခုတို့ကို ထပ်မံဆွတ်ခူးရရှိခဲ့သည့်အတွက် မြန်မာ့လက်ရွေးစင် လှေလှော်အသင်းသည် စုစုပေါင်း ငွေတံဆိပ်ငါးခု၊ ကြေးတံဆိပ်လေးခု ဖြင့် မြန်မာနိုင်ငံအတွက် ဆုတံဆိပ်များစွာကို ရယူပေးခဲ့ကြောင်း သိရသည်။

မြဝတီ

MYAWADY IN ENGLISH DAILY EDITION

President of the Republic of the Union of Myanmar U Min Aung Hlaing inspects undertakings for the development of Nay Pyi Taw, Union Territory, in accordance with urban characteristics



President U Min Aung Hlaing observes People's Square construction project.

NAY PYI TAW October 3

President of the Republic of the Union of Myanmar U Min Aung Hlaing, accompanied by Vice President U Nyo Saw, Union Ministers U Khin Maung Yi and U Myo Thant, Nay Pyi Taw Council Chairman U Kan Myint Than, deputy ministers, and officials, inspected the undertakings for the development of Nay Pyi Taw, Union Territory, in accordance with urban characteristics this morning.

Nay Pyi Taw People's Square construction project

The President arrived at the Nay Pyi Taw People's Square construction projectsite together with the members of his entourage. At the briefing hall, the Nay Pyi Taw Council chairman and Union Minister for Construction U Myo Thant reported on the undertakings to develop the People's Square into a modern, multi-purpose public space aligned with urban features for public recreation

SEE PAGE - 22



President U Min Aung Hlaing gives guidance on Nay Pyi Taw-Taundwingyi railway overpass construction project.





President U Min Aung Hlaing inspects Yonbinchaung Bridge construction project.



President U Min Aung Hlaing inspects Union Hall of Honour construction project.

FROM PAGE - 21

and relaxation, to erect statues of renowned persons and carve embossed marble figures around the square, to build gardens, walkways, entertainment square, shophouses, and other necessary buildings in the People's Square, and to erect a building that houses a clocktower and that meets the urban standard.

Regarding the report, the President spoke of the need to plan and implement comprehensive development from all angles to transform the Nay Pyi Taw Union Territory into a modern, fully-developed city that aligns with urban characteristics. The President said modernity and quality must be taken into account in carrying out construction activities, and systematic undertakings are required to complete the project in time. Constant maintenance of the square is required for its durability.

Afterward, the President looked around the construction site.

Construction of railway overpass on Shwepyi Tawwin entrance road and a new entrance road to Nay Pyi Taw Airport

The President proceeded to the Nay Pyi Taw-Taungdwingyi railway overpass project and Yangon-Mandalay railway overpass project. At the briefing hall, he heard a report on progress of work, presented by an official.

In response, the President said calculations must be made on the possible figures of traffic and pedestrians in the future in erecting the railway overpasses, and a master plan must be drawn to upgrade them when needed. Officials must supervise the projects to ensure that the overpasses meet the standard durability and can withstand earthquakes, and to complete within the set time.All the roads in Nay Pyi Taw, Union Territory, must meet the required standard and Nay Pyi Taw must be upgraded continuously for the capital to always meet the urban characteristics. He then looked into other requirements and look around the construction sites.

The President observed the activities to beautify the Shwepyi Tawwin road and to plant windbreakers and shade trees along the facility in a motorcade.

The President inspected construction of the new Nay Pyi Taw Airport entrance road and Wetkamu and Yonbinchaung bridges on the road. Officials presented a report on progress of work.

In response, the President pointed out the need to build the entrance road and the bridges in accord with the set standards and to ensure proper flow of water in Yonbin creek. He said windbreakers, shade trees and evergreen trees must be planted on both sides of the road.

The construction site of Nay Pyi Taw Gate

Then, the President and party inspected the construction site of Nay Pyi Taw Gate on Yazathingaha Road and heard reports on construction of the gate, drawing designs for upgrading the gate in line with Myanmar traditional cultural craft, landscaping and other relevant systematic implementation tasks for completion of them phase by phase submitted by the chairman of Nay Pyi Taw Council, the union minister for construction and officials at the briefing hall of the site.

After hearing the reports, the President gave instructions on the needs for its grandeur and urban features with Myanmar traditional handicraft as it is a landmark at the entrance of the capital of the country while meeting the strong earthquake-resilient standards, systematic construction of bypasses to traffic jams caused by construction works, construction of roads with the least number of angles, meeting modern landscape standards, construction of amenities for relaxing pedestrian paths and recreation for the public and other requirements.

Then, the President inspected the small scaled model of the gate and construction works and gave necessary instructions on needs reported by officials.

The construction site of union monument

Afterward, the President and party arrived at the construction site of the union monument and heard reports on construction tasks, implementation of instructions of the Head of State, proposed 3-D designs of the monument and landscaping works and greening tasks submitted by the union minister for construction at the briefing hall of the site.

After hearing the reports, the President said as the monument is being constructed with the aim of honoring builders of the union and national races who made concerted efforts for perpetuation of the union, it calls for grandeur and meeting standards. Enabling national races people from regions and states and foreign dignitaries to pay tribute to those who deserve honor systematically at high standards must be taken into consideration and it is necessary construct places for laying bouquets. It is also necessary to combine modern architecture and Myanmar traditional culture proportionately in construction of the monument and its infrastructure. The President pointed out the needs to plant evergreen and flowering trees for greening its environs and pleasantness and gave other necessary instructions.

Then, the President inspected the construction site of the monument and gave necessary instructions on reports of officials.

Myawady

Local farmers plant more than 9,000 acres of green gram in Monywa Township

MONYWA October 3

Statistics of Monywa Township Agriculture Department stated that local farmers grew a total of 9,009 acres of green gram as monsoon crops in Monywa Township of Sagaing Region this year.

In 2026-2027 monsoon cultivation season, local authorities set a plan to grow 10,300 acres of green gram in Monywa Township. So far, local farmers planted 9,009 acres of crops against the target cultivation.

"During this year's monsoon crop cultivation season, 10,300 acres of green gram were planned for cultivation in Monywa Township, and 9,009 acres have already been planted. We are making efforts to ensure that the cultivation target is fully met. We are providing awareness and guidance to farmers on expanding green gram cultivation and on using quality and pure seeds to achieve good yields," said U Soe Thet Aung, Head of the Monywa Township Agriculture Department.

The Monywa Township Agriculture Department is providing green gram farmers with guidance on obtaining quality and pure seeds suitable for local conditions, following proper cultivation methods, preventing pest infe-stations, systematically applying fertilizers, and achieving good yields. **SK**

Pentagon's new religious office faces watchdog challenge

WASHINGTON October 3

The Freedom From Religion Foundation (FFRF) has announced plans to launch a probe into a new religious affairs office recently unveiled by US Secretary of War Pete Hegseth.

The Wisconsin-based nonprofit said on Thursday that it is seeking transparency into the office's funding, operations and plans to assess troops' "spiritual fitness."

The announcement came shortly after Hegseth said the Pentagon was establishing the Office of Religious Affairs (ORA) to address what he described as a decline in religious community in the military following an era of "political correctness."

In his State of the Force address on Wednesday at Marine Corps Base Quantico in Virginia, Hegseth said the new office's head is expected to serve as the secretary and deputy secretary's chief adviser on religious affairs.

Hegseth argued that the military had previously prioritized "political correctness and secular humanism" over religion, with "secular careerists in cubicles and lawyers running around with red tape" overseeing service members' spiritual lives instead of military chaplains.

According to the memorandum signed by the secretary earlier this week, the office is tasked with aligning religious-affairs policy, overseeing the Armed Forces Chaplains Board, representing the department to civilian religious endorsing organizations, and sponsoring research and tools to "support and assess spiritual fitness, spiritual readiness, and spiritual resilience."

The FFRF said it will use the Freedom of Information Act (FOIA), which allows the public to request records from US government agencies, to seek documents on the office's funding, budget and staffing. The group also wants records on how the Pentagon defines and plans to assess "spiritual fitness," "spiritual readiness" and "spiritual resilience," including any technologies or tools being considered. The requests will also cover ties to outside religious groups and records concerning atheist, humanist and other nonreligious service members and potential First Amendment issues.

Americans United for Separation of Church and State President and CEO Rachel Laser said Hegseth's new office would elevate Christianity's role in shaping US military policy. She also accused him of using his position to advance what she described as a "Christian Nationalist agenda" in the military.

Hegseth's personal Christian beliefs have previously drawn media attention, with some analysis arguing that they are increasingly influencing US military policy.

In March, The Washington Post cited former senior military officials and experts on religion and law as saying that Hegseth's religious policies had challenged longstanding norms limiting the promotion of a particular faith. The war secretary reportedly held monthly evangelical services at the Pentagon at the time, while department employees were reluctant to discuss concerns related to his religious campaign.

Earlier this year, the Pentagon, at Hegseth's initiative, cut the number of recognized religious denominations and belief systems for service members from 211 to 31. The department's latest official breakdown from 2019 shows that about 70 percent of active-duty service members identified as Christian, 2 percent as atheist or agnostic, and 24 percent as having no religious affiliation or an unknown religious affiliation.

RT



Hamas calls on US, mediators to prevent Israel from attacking Gaza during ceasefire

BEIRUT October 3

Palestinian movement Hamas on Saturday called on the US administration and the other mediators in its talks with Israel to prevent Israel from using the ceasefire agreement on the Gaza Strip as a cover to continue strikes on Palestinian territory.

"We call on the mediators and the US administration not to allow [Israeli Prime Minister Benjamin] Netanyahu to use the ceasefire agreement as a cover to continue his mass killings," Hamas said in a statement.

Earlier on Saturday, an Israeli airstrike on a residential building in Gaza City killed at least five people, including four women, local medical services said. The Israeli army did not comment on the strike.

On October 9, 2025, Israel and Hamas, with the mediation of Egypt, Qatar, the United States, and Turkey, agreed to implement the first phase of the peace plan presented by US President Donald Trump. The following day, a ceasefire went into effect in the Gaza Strip. In accordance with the agreement, Israeli troops withdrew to the so-called Yellow Line, retaining control of over 50 percent of the strip's territory. **Sputnik**

Russia-India relations at 'special and privileged strategic partnership' level - Foreign Ministry

MOSCOW October 3

Russia and India have elevated their relationship to the level of "special and privileged strategic partnership," the Russian Foreign Ministry said on Saturday.

"On October 3, 2000, the Declaration on the Strategic Partnership between Russia and India was signed. Since then, Russian-Indian cooperation has risen to an even higher level, that of a special and privileged strategic partnership," the ministry said on Telegram.

The document was signed during Russian President Vladimir Putin's State visit to India from October 2 to 5, 2000, the statement read.

"India is a long-standing and reliable partner of Russia. For decades, our countries have maintained friendly relations based on trust," the ministry said.

The countries advocate for the democratization of international relations and are expanding cooperation at international forums, primarily the G20, the UN, BRICS, and the SCO, the ministry added. **Sputnik**

Hundreds of French protest continued Ukraine aid in central Paris

MOSCOW October 3

Several hundred people gathered in central Paris on Saturday to protest against providing further aid to Ukraine and demand France's withdrawal from the European Union and NATO, a Sputnik correspondent reported.



The protest, called by the leader of the French right-wing Patriots party and a presidential candidate, Florian Philippot, is taking place at the Palais-Royal square in central Paris.

The demonstrators are holding up posters saying, "[French President Emmanuel] Macron, we will not die for Ukraine," "Macron out" and "For Frexit."

"To live, not merely survive, to live freely and in peace - that is our message. Behind this lie serious political decisions. We must withdraw from the EU, withdraw from NATO and stop funding the war in Ukraine as well as the supply of arms for it," Philippot told reporters at the event.

The funds being sent by the French authorities to Kiev should be spent on lowering gas taxes in France, the politician argued.

Sputnik

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Warning over 'common mistakes' that cause blood pressure readings to rocket: 'Where you rest your arm could cause misleading result'

Thousands of Britons could be wrongly diagnosed with high blood pressure because of simple mistakes during routine NHS checks, a GP has warned.

NHS guidance advises patients to sit upright with their arm supported on a table when readings are taken.

But experts warned the recommendation is not always followed in busy clinics, raising the risk of inaccurate results and incorrect diagnoses.

Experts at Johns Hopkins Medicine found that allowing an arm to hang unsupported by a patient's side increased systolic blood pressure – the top number in a reading – by nearly 7mmHg.

Resting the arm in the lap also saw this number overestimated by almost 4mmHg.

Experts say the findings reinforce NHS guidance which calls for a patient's arm to be placed on a table or desk at heart level when their blood pressure is checked.



Holding an arm by your side or your lap during a reading can make 'huge difference' to blood pressure readings, experts warn.

This is because when the arm is left hanging, muscles can contract, temporarily raising blood pressure.

Placing the arm in a patients lap, meanwhile, can create a larger distance between the arm and the heart, increasing blood pressure in the arm.

High blood pressure – which affects around one in three adults in England – increases the risk of stroke, heart attack, kidney disease and even dementia.

But because it rarely causes symptoms, it often goes undetected until it is too late.

More than four million people in England have the condition without knowing it.


The findings – published in the journal JAMA Internal Medicine – came amid updated guidance from the American Heart Association which places greater emphasis on accurate blood pressure measurement when monitoring the problem at home.

Patients are also advised to sit quietly for at least five minutes before a reading is taken, with both feet flat on the floor and their back supported. The middle of an adjustable cuff should be at mid-heart level while the arm rests on a desk or table.

For their 2024 study, researchers from Johns Hopkins Medicine measured the blood pressure of 133 adults aged 18 to 80 years old.

Before readings were taken, all participants walked for two minutes – as if they had just arrived at a doctor's appointment – before sitting for five minutes.

Participants were fitted with an upper arm blood pressure cuff and underwent a series of measurements, 30 seconds apart.



The results suggested patients could end up being diagnosed with high blood pressure – medically known as hypertension – simply based on the position of their arm, with leaving the arm hanging by the side returning the highest readings.

Researchers found this arm position overestimated systolic pressure by 6.5mmHg and diastolic pressure by 4.4mmHg.

The researchers said the differences were large enough to affect whether some patients met the threshold for a diagnosis of hypertension.

According to the NHS, a normal blood pressure is between 90/60mmHg and 120/80mmHg.

High blood pressure is considered anything over 135/85 mmHg if the reading was taken at home and 140/90mmHg or higher if it was taken by a healthcare professional at a pharmacy, GP surgery or hospital.

The warning comes after separate analysis by researchers at the University of Oxford suggested more than half of people living with high blood pressure are unaware they have it – leaving them at increased risk of early death.

The researchers also estimated only half of those being treated for the condition by their GP have their blood pressure under control.

The authors said current guidelines from the National Institute for Health and Care Excellence (NICE) mean many with high blood pressure are never picked up, treated or go on to have good blood pressure control.

They argued that current diagnostic pathways can create a 'leaky cascade of care', with some patients never receiving a diagnosis or effective treatment.

'Accurate blood pressure measurement is essential if we are to correctly identify and treat people at risk of damage from high blood pressure,' Dr Dean Eggitt, an NHS GP, told the Daily Mail.

'Over-treatment and medication-induced side effects can cause real harm, particularly in vulnerable patients.

'Poor technique can ultimately result in inappropriate treatment decisions and reduce quality of life.'

The warning follows a recent US study that found arm position makes a 'huge difference' to blood pressure readings.

Mail Online

မြောက်ကိုရီးယားက တာလတ်ပစ်ဒုံးကျည် စမ်းသပ်ပစ်လွှတ်ဟု ကင်ယိုဂျုံပြော

ပြုယမ်း၊ စစ်လက်နက်

မြောက်ကိုရီးယားနိုင်ငံက တာလတ်ပစ်မဟာဗျူဟာမြောက် ဒုံးကျည်တစ်စင်းကို စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း မြောက်ကိုရီးယားနိုင်ငံခေါင်းဆောင် ကင်ဂျုံအွန်၏ညီမ ကင်ယိုဂျုံက အောက်တိုဘာလ ၃ ရက်တွင် ပြောသည်။


မြောက်ကိုရီးယားစစ်ဘက်အနေဖြင့် အောက်တိုဘာလ ၃ ရက် နံနက်ပိုင်းတွင် အရှေ့ဘက်ကမ်းရိုးတန်းအနီး ပင်လယ်ပြင်သို့ ဒုံးကျည်တစ်စင်းကိုပစ်လွှတ်ခဲ့ပြီး ယင်း ဒုံးကျည်မှာ ကီလိုမီတာ ၇၀၀ ကျော်အကွာ အဝေးအထိပျံသန်းခဲ့ကြောင်း တောင်ကိုရီးယားစစ်ဘက်၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုကို မြောက်ကိုရီးယားနိုင်ငံ အနောက်ပိုင်းကမ်းရိုးတန်းရှိ ဝန်ဆန်ဒေသမှပြုလုပ်ခဲ့ခြင်းဖြစ်နိုင်ကြောင်း တောင်ကိုရီးယားစစ်ဘက်က ခန့်မှန်းထားသည်။ ယခုစမ်းသပ်မှုသည် မြောက်ကိုရီးယား၏ မဟာဗျူဟာမြောက် လက်နက်စွမ်းရည်ကို တိုးတက်စေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ကင်ယိုဂျုံက ပြောထားသည်။

မြောက်ကိုရီးယားသည် မကြာသေးမီ ကာလအတွင်း ဒုံးကျည်နှင့် အသံနှုန်းလွန်နည်းပညာအပါအဝင် မဟာဗျူဟာမြောက် လက်နက်စနစ်များကို ဆက်လက်စမ်းသပ်လျက်ရှိသည်။ ယခုဒုံးကျည်ပစ်လွှတ်မှုနှင့် ပတ်သက်၍ တောင်ကိုရီးယားက အခြေအနေကို စောင့်ကြည့်နေပြီး လိုအပ်သည့်တုံ့ပြန်မှုများကို ဆောင်ရွက်သွားမည်ဟုပြောထားကြောင်းသိရသည်။

Ref: ST





တရုတ်အပါအဝင် SCO အဖွဲ့ဝင်နိုင်ငံများမှတပ်ဖွဲ့ဝင်များ ရုရှား၏ Tsentr-2026 စစ်ရေးလေ့ကျင့်မှုတွင်ပါဝင်

မော်စကို၊ စစ်ရေး

တရုတ်နိုင်ငံအပါအဝင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) အဖွဲ့ဝင်နိုင်ငံများမှတပ်ဖွဲ့ဝင်များသည် ရုရှားနိုင်ငံတွင် စက်တင်ဘာလ ၂၈ ရက်မှ အောက်တိုဘာလ ၃ ရက်အထိပြုလုပ်သည့် Tsentr-2026 မဟာဗျူဟာမြောက် စစ်ရေးလေ့ကျင့်မှုဌာပါဝင်ခဲ့ကြောင်း သိရသည်။ အဆိုပါစစ်ရေးလေ့ကျင့်မှုတွင် စစ်သည်အင်အား ၄၇၀၀၀ ကျော်ပါဝင်ခဲ့ကြောင်း သိရသည်။

Tsentr-2026 စစ်ရေးလေ့ကျင့်မှုတွင် မောင်းသူမဲ့လေယာဉ်များကို တန်ပြန်တိုက်ခိုက်နိုင်သည့်စနစ်များနှင့် မြေပြင်သုံးစက်ရုပ်စနစ်အသစ်များကို ထည့်သွင်းအသုံးပြုပြီး ရုရှားက ယူကရိန်းပဋိပက္ခအတွင်းရရှိထားသည့် စစ်မြေပြင်အတွေ့အကြုံများကို လေ့ကျင့်မှုတွင် အသုံးချကြောင်း ရုရှားဘက်က ထုတ်ပြန်ထားသည်။

အထူးသဖြင့် စစ်ရေးလေ့ကျင့်မှုအဓိကအပိုင်းတွင် Zarya အမည်ရှိ လေဆာလက်နက်စနစ်ကိုလည်း ထုတ်ဖော်ပြသအသုံးပြုခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနကထုတ်ပြန်ထားသည်။

ဗဟိုအာရှဒေသပြင်ပမှ ရန်လိုမှုများကိုတုံ့ပြန်ရန်နှင့် ကက်စပီယံဒေသ၏ စစ်ရေးလုံခြုံရေးကို မြှင့်တင်ရန်ရည်ရွယ်ပြီး အဆိုပါစစ်ရေးလေ့ကျင့်မှုကို ပြုလုပ်ခြင်းဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနကဆက်လက်ဖော်ပြထားသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်ကလည်း အောက်တိုဘာလ ၂ ရက်တွင် ချီဘာကူစကီလေ့ကျင့်ရေးကွင်းသို့သွားရောက်၍ စစ်ရေးလေ့ကျင့်မှု၏ အဓိကအပိုင်းကိုကြည့်ရှုခဲ့ကြောင်း ထုတ်ပြန်ချက်၌ဖော်ပြထားသည်။ လေ့ကျင့်မှုတွင် တရုတ်၊ ဘယ်လာရုစ်၊ ကာဂျစ္စတန်၊ မွန်ဂိုလီးယား၊ ပါကစ္စတန်နှင့် တာဂျစ်ကစ္စတန်တို့မှတပ်ဖွဲ့များပါဝင်သည်။ ယခုကဲ့သို့ တရုတ်တပ်ဖွဲ့များ၏ပါဝင်မှုသည် တရုတ်နှင့် ရုရှားတို့ကြား စစ်ရေးပူးပေါင်းဆောင်ရွက်မှု ဆက်လက်တိုးမြှင့်လာနေမှုကိုဖော်ပြနေခြင်းဖြစ်ကြောင်းသိရသည်။

Ref: SCMP

ယူကရိန်းအရေးဆွေးနွေးမှုတွင် ရုရှား၏ ဒေါ်လာဘီလီယံချီ ရေနံလုပ်ငန်း သဘော တူညီချက်ပါဝင်လာ

မော်စကို၊ စီးပွားရေး

အမေရိကန်အစိုးရနှင့် ရုရှားအစိုးရတို့ကြား ယူကရိန်းအရေးအဆုံးသတ်နိုင်ရန် ဆွေးနွေးမှုများတွင် ရုရှားစွမ်းအင်ကုမ္ပဏီဖြစ်သည့် Lukoil ကပိုင်ဆိုင်သော ရေနံမြေများ၊ ရေနံချက်စက်ရုံများနှင့် စက်သုံးဆီဆိုင်များကိုဝယ်ယူရေးအတွက် ဒေါ်လာဘီလီယံချီတန်ဖိုးရှိသည့် သဘောတူညီချက်တစ်ရပ် ပါဝင်လာကြောင်း နယူးယောက်တိုင်းသတင်းစာက အောက်တိုဘာလ ၃ ရက်တွင် ဖော်ပြထားသည်။

သဘောတူညီချက်ကို အမေရိကန်ရင်းနှီးမြှုပ်နှံသူနှင့် ဘီလျံနာ တော့ဘိုးလီ၊ အမေရိကန်အထူးကိုယ်စားလှယ်များဖြစ်သည့် စတိဝ်ကော့ဖ်နှင့် ဂျာရက်ကူရှနာတို့၏ မိသားစုများနှင့် စီးပွားရေးဆက်နွယ်မှုရှိသည့် အရှေ့အလယ်ပိုင်းမှအဖွဲ့များကဆောင်ရွက်နေခြင်းဖြစ်သည်။ ထိုသဘောတူညီချက်ကနှစ်နိုင်ငံစီးပွားရေးဆက်ဆံမှုပြန်လည်စတင်နိုင်ရေးအတွက် အခွင့်အလမ်းတစ်ရပ်ဖြစ်လာကြောင်းသိရသည်။ **Ref: ST**

ထိုင်ဝမ်ကျွန်းနှင့်အနီးတွင် အမေရိကန်၏စစ်လက်နက်ဖြန့်ကြက်မှု မြင့်တက်လာနေ

ဝါရှင်တန်၊ စစ်ရေး

ထိုင်ဝမ်ကျွန်းနှင့် ကျွန်း၏အနီးတစ်ဝိုက်တွင် အမေရိကန်နိုင်ငံ၏ စစ်လက်နက်ပစ္စည်းများ ဖြန့်ကြက်ချထားမှုမြင့်တက်လာနေသည်ကိုတွေ့ရသည်။ အမေရိကန်သည် တရုတ်နိုင်ငံနှင့် တရားဝင်သံတမန်ဆက်ဆံရေးထူထောင်ထားသော်လည်း ထိုင်ဝမ်ကျွန်းကိုမူ စစ်လက်နက်ပစ္စည်းများ တပ်ဆင်ပေးခြင်း၊ ရောင်းချခြင်းများကို ပြုလုပ်နေခြင်းဖြစ်သည်။

အောက်တိုဘာလ ၂ ရက်တွင် အမေရိကန်ထုတ် F-16V တိုက်လေယာဉ်နှစ်စင်းသည် ထိုင်ဝမ်ကျွန်းသို့ရောက်ရှိလာပြီဖြစ်ကြောင်းသိရသည်။ ထိုတိုက်လေယာဉ်နှစ်စင်းသည် တရုတ်(တိုင်ပေ)အစိုးရက အမေရိကန်ထံမှဝယ်ယူထားသော F-16V တိုက်လေယာဉ် ၆၆ စင်းအနက် ပထမဆုံးနှစ်စင်းဖြစ်သည်။ တရုတ်(တိုင်ပေ)အစိုးရသည် အဆိုပါ F-16V တိုက်လေယာဉ် ၆၆ စင်းကို ၂၀၁၉ ခုနှစ်တွင် အမေရိကန်ထံမှဝယ်ယူရန် သဘောတူခြင်းဖြစ်ပြီး စုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈ ဘီလီယံခန့် ရှိသည်။ ကျန်ရှိသည့် လေယာဉ်များကိုလည်း ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်း အမေရိကန်တာဝန်ရှိသူများကပြောသည်။

တစ်ချိန်တည်းမှာပင် အမေရိကန်သည် ထိုင်ဝမ်ကျွန်းနှင့် အနီးဆုံးရှိ ဂျပန်နိုင်ငံပိုင် ယိုနာဂူနီကျွန်းတွင် NMESIS သင်္ဘောဖျက်ဒုံးစနစ်ကို ယခုလအတွင်း ပထမဆုံးအကြိမ် ဖြန့်ကြက်သွားမည်ဖြစ်ကြောင်း သိရသည်။ အမေရိကန်နှင့် ဂျပန်တို့၏ နှစ်နှစ်တစ်ကြိမ် ပြုလုပ်သည့် Keen Sword ပူးတွဲစစ်ရေးလေ့ကျင့်မှုအတွင်း အဆိုပါဖြန့်ကြက်မှုကို ဆောင်ရွက်မည်ဖြစ်သည်။



ယိုနာဂူနီကျွန်းသည် ထိုင်ဝမ်ကျွန်း၏ အရှေ့ဘက်ကမ်းရိုးတန်းမှ ကီလိုမီတာ ၁၁၀ ခန့်သာကွာဝေးပြီး ဂျပန်နိုင်ငံအတွက် ထိုင်ဝမ်ကျွန်းနှင့် အနီးဆုံးနယ်မြေတစ်ခုဖြစ်သည်။ ယခုဖြန့်ကြက်မှုသည် ယခင်နှစ်တွင် အိုကီနာဝါကျွန်းစုရှိ အီရီဂါကီကျွန်း၌ NMESIS စနစ် အသုံးပြုလေ့ကျင့်မှုထက် ထိုင်ဝမ်ကျွန်းနှင့် ပိုနီးကပ်သည့်နေရာတွင် ဆောင်ရွက်လာခြင်းဖြစ်သည်။

NMESIS စနစ်ဆိုသည်မှာ အမေရိကန်မရိန်းတပ်ဖွဲ့အသုံးပြုသည့် လက်နက်စနစ်ဖြစ်ပြီး သင်္ဘောများကိုတိုက်ခိုက်နိုင်သော မြေပြင်အခြေစိုက်ဒုံးစနစ်ဖြစ်ကာ ရွေ့လျားပစ်လွှတ်စနစ်ကို အသုံးပြုထားကြောင်း သိရသည်။ **Ref: RT, SCMP**

ဆော်ဒီက ဟူသီကို တန်ပြန်ထိုးစစ်ဆင်ရန် စီစဉ်နေ

ရီယတ်၊ စစ်ရေး

ဆော်ဒီအာရေဗျနိုင်ငံသည် ယီမင်နိုင်ငံရှိ အီရန်ကျောထောက်နောက်ခံပြုဟူသီတပ်ဖွဲ့များကို တန်ပြန်ထိုးစစ်ဆင်ရန် စစ်ဆင်ရေးတစ်ရပ်ပြုလုပ်ရေးစီစဉ်နေကြောင်း ဒေသတွင်းနှင့် အနောက်နိုင်ငံများမှ အရာရှိများကပြောသည်။ စစ်ဆင်ရေးတွင် ယီမင်အစိုးရတပ်ဖွဲ့များက မြေပြင်ထိုးစစ်ကိုဦးဆောင်မည်ဖြစ်ပြီး ဆော်ဒီအာရေဗျကလေကြောင်းတိုက်ခိုက်မှုများနှင့် စစ်ရေးအထောက်အပံ့များပေးရန် စီစဉ်ထားသည်။ ယီမင်အစိုးရတပ်ဖွဲ့ဝင် တစ်သိန်းကျော်အထိ အသုံးပြုနိုင်သည့် အစီအစဉ်များကိုလည်း ဆွေးနွေးနေကြောင်း အရာရှိများကပြောသည်။

စစ်ဆင်ရေးအတွက် ပင်လယ်နီနှင့် ဧဒင်ပင်လယ်ကွေ့ကို ဆက်သွယ်ထားသည့် ဘဲ့အယ်မန်ဒက် ရေလက်ကြားအနီးကို အဓိကထားတိုက်ခိုက်ခြင်း သို့မဟုတ် ယီမင်နိုင်ငံရှိ အယ်တိုင်ဒါ၊ မာရစ်၊ တိုင်နှင့် အယ်ဂျာဒေသများတွင် တစ်ပြိုင်နက်တည်း ထိုးစစ်ဆင်ခြင်းတို့ကိုလုပ်ဆောင်ရန် စဉ်းစားနေကြောင်းသိရသည်။ သို့သော် တာဝန်ရှိသူများကမူ တရားဝင်ထုတ်ပြန်ထားခြင်းမရှိကြောင်းသိရသည်။ **Ref: RT**



ကြီးမားတဲ့ Screen နဲ့ စွမ်းဆောင်ရည် ပိုကောင်းလာမယ့် Tesla Model 3

Tesla က အမေရိကန်စျေးကွက်အတွက် Model 3 ကို အဆင့်မြှင့်တင်လိုက်ပြီး ကားအတွင်းခန်းမှာပိုကြီးတဲ့ ၁၆ လက်မ Screen ကို မော်ဒယ်အားလုံးမှာ စံအဖြစ်ထည့်သွင်းပေးလိုက်ပါတယ်။ အရင်အသုံးပြုခဲ့တဲ့ ၁၅ ဒသမ ၄ လက်မ Screen ထက်ပိုကြီးလာတာကြောင့် ကားအတွင်းခန်းအသုံးပြုမှုအတွေ့အကြုံလည်း ပိုမိုကောင်းမွန်လာမှာ ဖြစ်ပါတယ်။

ယခုတစ်ကြိမ် အဆင့်မြှင့်တင်မှုမှာ Screen ကို ကြီးလာရုံတင်မကဘဲ ကားရဲ့ အရှိန်နဲ့ မောင်းနှင်နိုင်တဲ့ အကွာအဝေးကိုပါ တိုးမြှင့်ပေးထားပါတယ်။ Model 3 Performance ရဲ့ အမြင့်ဆုံးစွမ်းအားကို မြင်းကောင်ရေ ၅၁၀ ကနေ ၅၂၈ အထိ တိုးမြှင့်ပေးထားပြီး တစ်ကြိမ်အားသွင်းရုံနဲ့ မောင်းနှင်နိုင်တဲ့ EPA သတ်မှတ်အကွာအဝေးသည်လည်း ၃၀၉ မိုင်ကနေ ၃၁၆ မိုင်အထိ တိုးလာပါတယ်။

Premium AWD မော်ဒယ်ကတော့ အရှိန်တင်နိုင်စွမ်း ပိုသိသာလာပါတယ်။ သုည မှ တစ်နာရီ မိုင် ၆၀ နှုန်းအထိ ရောက်ဖို့အချိန်ဟာ ၄ ဒသမ ၂ စက္ကန့်မှ ၃ ဒသမ ၈ စက္ကန့်အထိ လျော့ကျသွားပါတယ်။ စိတ်ဝင်စားစရာကောင်းတာက အခုလိုမျိုးအကြီးစား အဆင့်မြှင့်တင်မှုတွေရှိလာပေမယ့် Model 3 ရဲ့ အမေရိကန် စျေးနှုန်းတွေကိုတော့ Tesla ကပြောင်းလဲထားခြင်းမရှိပါဘူး။ ဒါပေမဲ့ V2L လုပ်ဆောင်ချက်ကိုလည်း ထည့်သွင်းပေးထားခြင်း မရှိသေးတာကို တွေ့ရပါတယ်။ **Ref: EA**

ကိုထက်


ကင်ဆာကုသမှုအတွက် DNA ရဲ့ အားနည်းချက်ကိုတွေ့ရှိ

ကင်ဆာကိုတိုက်ဖျက်ဖို့ သိပ္ပံပညာရှင်တွေရှာဖွေနေတဲ့ လမ်းကြောင်းအသစ်ပေါ်လာပါတယ်။ အပြင်းအထန်ကြီးထွားတဲ့ ကင်ဆာကလာပ်စည်းတချို့မှာ ပုံမှန်ခရိုမိုဆုန်းတွေအပြင် ecDNA လို့ခေါ်တဲ့ စက်ဝိုင်းပုံ DNA အစိတ်အပိုင်းတွေရှိတတ်ပြီး အဲဒီ DNA တွေက ကင်ဆာဖြစ်စေတဲ့ ဗီဇတွေကို ပိုမိုများပြားစေကာ အကျိတ်တွေ မြန်မြန်ကြီးထွားဖို့နဲ့ ကုသမှုကို ခံနိုင်ရည်ရှိဖို့ကူညီပေးပါတယ်။

Memorial Sloan Kettering Cancer Center မှ သုတေသီတွေကတော့ ဒီလိုမျိုး ecDNA တွေမှာ ထူးခြားတဲ့ အားနည်းချက်တစ်ခုရှိနေကြောင်းတွေ့ရှိပါတယ်။ ecDNA ပေါ်က DNA အစီအစဉ်တချို့ဟာ ပုံမှန် DNA ထက် ပိုမိုလွယ်ကူစွာ ပျက်စီးနိုင်ပြီး အထူးသဖြင့် TA repeats လို့ခေါ်တဲ့ DNA အစိတ်အပိုင်းတွေမှာ ပျက်စီးနိုင်ခြေပိုများတာကိုတွေ့ရှိခဲ့တာပါ။

အဲဒီ DNA တွေ မပြိုကွဲအောင် ကင်ဆာကလာပ်စည်းက FANCM နဲ့ polymerase theta ဆိုတဲ့ ပရိုတင်းနှစ်မျိုးကို အားကိုးနေရပါတယ်။ ဒါကြောင့် အဲဒီ DNA ပြုပြင်ထိန်းသိမ်းရေးစနစ်ကိုသာဟန့်တားနိုင်မယ်ဆိုရင် ecDNA တွေကို အားနည်းပျက်စီးစေပြီး ကင်ဆာကလာပ်စည်းတွေကို ပိုမိုထိခိုက်လွယ်စေနိုင်တာကြောင့် ကင်ဆာကုသမှုအသစ်တွေအတွက် အခြေခံဖြစ်လာနိုင်ပါတယ်။ **Ref: STD**

ကိုထက်



တရုတ်က AI စစ်ဆင်ရေးအတွက် အထူးတပ်ဖွဲ့ဝင်တွေ မွေးထုတ်နေ

အနာဂတ်စစ်ပွဲတွေမှာ ဒရုန်း၊ စက်ရုပ်နဲ့ ဉာဏ်ရည်တု (AI) နည်းပညာတွေက အဓိကနေရာကနေပါဝင်နိုင်တာကြောင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ကလည်း စစ်သည်တွေရဲ့ နည်းပညာကျွမ်းကျင်မှုကို အကြီးအကျယ်မြှင့်တင်နေပါတယ်။ ဒီလိုမြှင့်တင်ဖို့အတွက် အထူးပြုသင်တန်းကျောင်းနဲ့ ကောလိပ်အသစ်တွေဖွင့်လှစ်ပြီး ဒရုန်းနဲ့ AI အပါအဝင် နည်းပညာမြင့် စစ်ဆင်ရေးတွေကို ကိုင်တွယ်နိုင်မယ့် စစ်ဘက်နည်းပညာရှင်တွေ၊ အရာရှိတွေကို လေ့ကျင့်မွေးထုတ်ပေးသွားမှာ ဖြစ်ပါတယ်။


အဲဒီထဲမှာ အထူးစိတ်ဝင်စားစရာက မောင်းသူမဲ့နဲ့အလိုအလျောက်အင်ဂျင်နီယာကောလိပ် ဖြစ်ပါတယ်။ ဒီကောလိပ်မှာ ဒရုန်း၊ ကိုယ်ပိုင်ဆုံးဖြတ်လုပ်ဆောင်နိုင်တဲ့ စနစ်တွေ၊ စက်ရုပ်တွေ၊ AI အကူအညီနဲ့ ဆုံးဖြတ်ချက်ချမှတ်မှု၊ အာရုံခံကိရိယာနဲ့ ဆက်သွယ်ရေးစနစ်တွေကို စစ်ဘက်မှာ အသုံးချနိုင်အောင် သင်ပေးသွားမှာပါ။

ဒါ့အပြင် တိုက်ပွဲထောက်ပံ့ရေးနဲ့ စစ်ပစ္စည်းထိန်းသိမ်းရေးအတွက် အရာရှိငယ်တွေနဲ့ နည်းပညာရှင်တွေကိုလည်း သီးခြားလေ့ကျင့်ပေးသွားမှာ ဖြစ်ပါတယ်။ ဆိုလိုတာက တရုတ်တပ်မတော်ဟာ ဒရုန်းတွေကိုအသုံးပြုရုံနဲ့ရပ်တန့်မနေဘဲ AI၊ စက်ရုပ်၊ ကွန်ရက်ချိတ်ဆက် လက်နက်စနစ်တွေကို ထိထိရောက်ရောက် အသုံးချနိုင်မယ့် လူသားအင်အားကိုပါ တစ်ပြိုင်တည်း ပြင်ဆင်နေပြီဆိုတာပဲဖြစ်ပါတယ်။ **Ref: IE**

ကိုထက်



အာကာသထဲမှာ ဆေးဝါးစမ်းသပ်မယ့် အာကာသစက်ရုံ



ဆေးဝါးအသစ်တွေကို ကမ္ဘာပေါ်မှာ မဟုတ်ဘဲ အာကာသထဲက ဆွဲငင်အားမဲ့ပတ်ဝန်းကျင်မှာ စမ်းသပ်နိုင်မယ့်စက်ရုံကတော့ အမေရိကန်အာကာသစက်ရုံပဲဖြစ်ပါတယ်။ အာကာသဇီဝနည်းပညာကုမ္ပဏီဖြစ်တဲ့ Exobiosphere က Outpost Technologies ရဲ့ Space Factories ပလက်ဖောင်းကို အသုံးပြုပြီး ရောဂါလေ့လာမှုနဲ့ ဆေးဝါးစမ်းသပ်မှုတွေ ပြုလုပ်သွားမှာ ဖြစ်ပါတယ်။

Exobiosphere ရဲ့ OHTS လို့ခေါ်တဲ့အလိုအလျောက်လုပ်ဆောင်နိုင်တဲ့ ဓာတ်ခွဲခန်းကို Outpost ရဲ့ CarryAll အာကာသယာဉ်ပေါ်တင်ဆောင်ပြီး ၂၀၂၈ ခုနှစ်မှာ လွှတ်တင်ဖို့စီစဉ်ထားပါတယ်။ အာကာသထဲမှာ ဆွဲငင်အားအလွန်နည်းတဲ့အတွက် ကလာပ်စည်းတွေ၊ ပရိုတင်းတွေနဲ့ ဇီဝပစ္စည်းတွေဟာ ကမ္ဘာပေါ်မှာဖြစ်ပေါ်ပုံနဲ့မတူဘဲ ပြောင်းလဲနိုင်တာကြောင့် ဆေးဝါးသုတေသနအတွက် အခွင့်အလမ်းအသစ်တစ်ခု ဖြစ်လာနိုင်ပါတယ်။

စမ်းသပ်ပြီးတဲ့ဇီဝနမူနာတွေကို ကမ္ဘာမြေပေါ် ပြန်လည်သယ်ဆောင်လာနိုင်တာကလည်း ဒီစနစ်ရဲ့ အားသာချက်တစ်ခုပါ။ သုတေသီတွေက အာကာသထဲမှာရရှိတဲ့ရလဒ်တွေကို ကမ္ဘာပေါ်မှာ ထပ်မံစစ်ဆေးနိုင်မှာဖြစ်လို့ ဆေးဝါးအသစ်တွေဖော်ထုတ်ရေးအတွက် စမ်းသပ်မှုအဆင့်တွေကို ပိုမိုမြန်ဆန်စေနိုင်ဖွယ်ရှိပါတယ်။ ဒါကြောင့် အာကာသဟာ ဆေးဝါးထုတ်လုပ်ရေးနဲ့ ဇီဝနည်းပညာအတွက် စက်ရုံနေရာအဖြစ်ပါ ရောက်ရှိလာနိုင်ပါတယ်။ **Ref: IE**

ကိုထက်

iPhone Duo ရဲ့အတွင်းဖန်သားပြင်ကို ၉၉ ဒေါ်လာနဲ့လဲနိုင်မယ်

ဒီနှစ်မှာ Apple က ပထမဆုံးမိတ်ဆက်ထုတ်လုပ်လိုက်တဲ့ iPhone Duo ကိုတော့ လူတော်တော်များများက စိတ်ဝင်စားနေကြပါတယ်။ အထူးသဖြင့် နဂိုကတည်းကမှ စျေးကြီးပါတယ်ဆိုတဲ့ iPhone ဖန်သားပြင်တွေကို အခုလိုမျိုးခေါက်ဖုန်းမှာလဲလှယ်မယ်ဆိုရင် တော်တော်လေးကုန်ကျမယ့် အရေးကို စိတ်ဝင်စားနေကြတာပါ။

ဒါနဲ့ပတ်သက်လို့ Apple ဘက်ကထုတ်ပြန်ချက်မှာ iPhone Duo ရဲ့အတွင်းဖန်သားပြင်ကို ၉၉ ဒေါ်လာတည်းနဲ့လဲလှယ်နိုင်မယ်လို့ဆိုထားပါတယ်။ ဒါဟာ iPhone ဖန်သားပြင်တွေအတွက်ဆိုရင် တော်တော်လေးနည်းပါးတဲ့ စျေးနှုန်းလို့ဆိုရမှာဖြစ်ပါတယ်။ ဒီလိုလဲလှယ်နိုင်ဖို့အတွက်က ထွေထွေထူးထူးလုပ်နေစရာမလိုပါဘူး။ AppleCare ဝန်ဆောင်မှုကို ရယူထားရုံပါပဲ။



Apple ရဲ့ Hardware Engineering အကြီးအကဲကလည်း ခေါက်မျက်နှာပြင်ရဲ့ အပေါ်ဆုံးအလွှာဟာ အချိန်ကြာလာတာနဲ့ အမျှအသုံးပြုမှုကြောင့် အစားထိုးဖို့လိုလာနိုင်တာကို ထည့်သွင်းစဉ်းစားပြီး ဒီလိုပြုပြင်နိုင်အောင် ဒီဇိုင်းထုတ်ထားကြောင်း ပြောပါတယ်။ ဒါပေမဲ့ ပြင်ပကုမ္ပဏီတွေက ထုတ်တဲ့ privacy film ဒါမှမဟုတ် glossy cover တွေ အသုံးပြုနိုင်မလားဆိုတာတော့ iPhone Duo စတင်ရောင်းချချိန်မှာမှ ပိုမိုသိရှိနိုင်မှာပါ။ **Ref: GA**

ကိုထက်

မွေးကင်းစမှ အသက်ငါးနှစ်အောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေး

ဂန့်ဂေါ အောက်တိုဘာ ၃

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာလ ၂ ရက်မှစ၍ မွေးကင်းစမှ အသက်ငါးနှစ်အောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးများကို ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနခွဲ ထိုးနှံတိုက်ကျွေးပေးလျက်ရှိသည်။

ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးရာတွင် မွေးကင်းစမှ အသက်ငါးနှစ်အောက် ကလေးငယ်များအား ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောကာကွယ်ဆေး၊ ပိုလီယို အကြောသေ ကာကွယ်ဆေး (သောက်ဆေး/ထိုးဆေး)၊ ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး၊ ပြင်းထန်အဆုတ်ရောင်ကာကွယ်ဆေး၊ ဝက်သက်-ကျိုက်သိုးကာကွယ်ဆေး၊ ငါးမျိုးစပ်ကာကွယ်ဆေးများကို ကလေးများ၏ အသက်အရွယ်အပိုင်းအခြားအလိုက် သတ်မှတ်အကြိမ်ရေအတိုင်း ထိုးနှံတိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ဆုံဆို့-မေးခိုင် ကာကွယ်ဆေးများကို ထိုးနှံပေးခြင်းဖြစ်သည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး-၁ ဦးထွန်းဇော်လင်း ဦးဆောင်သည့် ကျန်းမာရေးဌာနမှ ဝန်ထမ်းများက မွေးကင်းစမှ အသက်ငါးနှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား အောက်တိုဘာလ ၁ ရက်မှ ၅ ရက်အထိ ကာကွယ်ဆေးများကို ထိုးနှံတိုက်ကျွေးပေးလျက်ရှိကြောင်း သိရသည်။



မောင်မျိုးမင်း(ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလားဖိတ်ခေါ်တင်းနစ်ပြိုင်ပွဲ (၂၀၂၆) ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၃

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလားဖိတ်ခေါ်တင်းနစ်ပြိုင်ပွဲ (၂၀၂၆)ကို အောက်တိုဘာလ ၂၄ ရက်မှ ၂၇ ရက်အထိ မင်္ဂလာတောင်ညွန့်မြို့နယ် ဗညားဒလ လမ်းရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အမျိုးသား အသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲ၊ ပထမတန်း အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲ၊ ဒုတိယတန်းအမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် ၅၀ နှစ်အထက် အမျိုးသား အလွတ်တန်း နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် ၆၀ နှစ်အထက် အမျိုးသားအလွတ်တန်းနှစ်ယောက်တွဲပြိုင်ပွဲ၊ ယူ-၁၂ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ ယူ-၁၂ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ ယူ-၁၄ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ ယူ-၁၄ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ ယူ-၁၆ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ ယူ-၁၆ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတို့ ပါဝင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲများအနက် အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အဆင့်ဖြစ်ပါက အသက် ၆၀ နှစ်အထက်ရှိသူများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ဖြစ်ပါက အသက် ၅၀ နှစ်အထက်ရှိသူများ ယှဉ်ပြိုင်နိုင်သော်လည်း တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်နှစ်ဦးသာ ယှဉ်ပြိုင်ခွင့်ပြုထားကာ အများဆုံးခုနစ်ဦးခန့် ပါဝင်နိုင်သည်ဟု သတ်မှတ်ထားကြောင်း သိရသည်။

ဝန်းရံခ

ဆီထွက်သီးနှံ ဆောင်းပဲပုပ်စိုက်ကေများအတွက် မျိုးစေ့ပေးအပ်

ရွှေတောင် အောက်တိုဘာ ၃

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသခံတောင်သူများအား ဆီထွက်သီးနှံ ဆောင်းပဲပုပ် ၈က ၃၀၅၀ အတွက် ရေဆင်း-၁၅ မျိုးစေ့ပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာလ ၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စိမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဟံဝင်းအောင်က စီမံကိန်းတာဝန်ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများထံ ဆီထွက်သီးနှံ ဆောင်းပဲပုပ် ရေဆင်း-၁၅ မျိုးစေ့များပေးအပ်သည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်က ဆောင်းသီးနှံ ပဲပုပ်စိုက်ပျိုးထုတ်လုပ်ခြင်း လုပ်ငန်းအကြောင်းကို တောင်သူများအား အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆောင်းရာသီတွင် ပဲပုပ်ကို စပါးရိတ်သိမ်းပြီးနောက် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် စတင်စိုက်ပျိုးကြပြီး ရေမဝပ်သော နုန်းမြေ၊ သစ်ဆွေးမြေအမျိုးအစားတွင် ကောင်းစွာဖြစ်ထွန်းကြောင်း သိရသည်။

ကိုကိုမင်း(ပြန်/ဆက်)



စစ်ကိုင်းမြို့နယ် ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲဆုချီးမြှင့်

စစ်ကိုင်း အောက်တိုဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံအားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို အောက်တိုဘာလ ၂ ရက်က စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက်ရှိ မြို့မအားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းမြို့နယ် ပညာရေးမှူး ဒေါ်မိုမိုခိုင်က ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ ကျင်းပမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းဇေယျာမြင့်နှင့် တာဝန်ရှိသူများ၊ စစ်ကိုင်းတိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်စွာထွန်း၊ မြို့နယ်ပညာရေးမှူး ဒေါ်မိုမိုခိုင်တို့က ပြိုင်ပွဲများအလိုက် ဆုရရှိကြသည့်အသင်းများနှင့် အားကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုဖလားများ၊ တံခွန်စိုက်ဆုများ ပေးအပ်သည်။

အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ၊ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြောင်း သိရသည်။

နေလင်းအောင်(ပြန်/ဆက်)

မကျီးကန်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

သာစည် အောက်တိုဘာ ၃

မန္တလေးတိုင်းဒေသကြီးမိတ္ထီလာခရိုင် သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မကျီးကန်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားသောလုပ်ငန်းများကို အောက်တိုဘာလ ၂ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် မကျီးကန်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ငွေကျပ် ၄၃ ဒသမ ၁ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မကျီးကန်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၅ ဦးအတွက် ငွေကျပ် ၂၉ သန်းနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၆၆ ဦးအတွက် ငွေကျပ် ၁၄ ဒသမ ၁ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်များ ပြန်လည်ကျင်းပရန်စီစဉ်

ရန်ကုန် အောက်တိုဘာ ၃

၂၀၂၆-၂၀၂၇ ဘောလုံးရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်များကို လာမည့်အောက်တိုဘာလ ၁၉ ရက်တွင် ပွဲစဉ်(၁၀) မှစတင်၍ ပြန်လည်ကျင်းပရန်စီစဉ်ထားကြောင်း သိရသည်။


ပွဲစဉ်(၁၀)တွင် ဧရာဝတီယူနိုက်တက်နှင့် ရတနာပုံ၊ ရန်ကုန်ယူနိုက်တက်နှင့် ရှမ်းယူနိုက်တက်၊ ရန်ကုန်စီးတီးနှင့် I.S.P.E၊ သစ္စာအားမာန်နှင့် မြဝတီ၊ ဇွဲကပင်ယူနိုက်တက်နှင့် Young Lionesses အသင်းတို့ အသီးသီး ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

၂၀၂၆-၂၀၂၇ ဘောလုံးရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပထမအကျော့ယှဉ်ပြိုင်ကစားပြီးချိန်တွင် I.S.P.E အသင်းက ရမှတ် ၂၅ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံး၌ဦးဆောင်နေပြီး အဆင့်(၂)နေရာ၌ ရမှတ် ၂၂ မှတ်ဖြင့် လက်ရှိချန်ပီယံ ဧရာဝတီယူနိုက်တက်အသင်း၊ အဆင့်(၃) နေရာ၌ ရမှတ် ၁၉ မှတ်ဖြင့် ရန်ကုန်ယူနိုက်တက်အသင်း၊ အဆင့်(၄) နေရာ၌ ရမှတ် ၁၇ မှတ်ဖြင့် ရှမ်းယူနိုက်တက်အသင်း၊ အဆင့် (၅)နေရာ၌ ရမှတ် ၁၆ မှတ်ဖြင့် သစ္စာအားမာန်အသင်းတို့ ရပ်တည်နေကြသည်။ ဒုတိယအကျော့တွင် ရတနာပုံအသင်းသည် မန္တလေးမြို့ရှိ ဗထူးအားကစားကွင်း၌ အိမ်ကွင်းပွဲစဉ် နှစ်ပွဲလက်ခံကျင်းပမည်ဖြစ်ပြီး ရန်ကုန်ယူနိုက်တက်အသင်းသည်လည်း လက်ကျန်အိမ်ကွင်းပွဲစဉ်များကို Y.U.S.C ကွင်း၌ လက်ခံကျင်းပမည်ဖြစ်သည်။

ထို့အတူ ဧရာဝတီယူနိုက်တက်အသင်းသည် ပုသိမ်မြို့ရှိ ကိုးသိန်းအားကစားကွင်း၌ အိမ်ကွင်းပွဲစဉ်နှစ်ပွဲ၊ ရှမ်းယူနိုက်တက်အသင်းသည် တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်း၌ အိမ်ကွင်းပွဲစဉ်နှစ်ပွဲကို လက်ခံကျင်းပမည်ဖြစ်ကာ တခြားပွဲစဉ်များကို ပဒုမ္မာကွင်း၊ Star City ကွင်းနှင့် သုဝဏ္ဏအားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

နိုဝင်ဘာလအတွင်း FIFA International Window အတွင်းကျင်းပမည့် နိုင်ငံတကာပွဲစဉ်များနှင့် 2026–2027 AFC Women's Champions League ပြိုင်ပွဲတွင် ဧရာဝတီယူနိုက်တက်အသင်း ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်၍ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲကို ခေတ္တရပ်နားကာ ဒီဇင်ဘာလနှင့် ၂၀၂၇ ခုနှစ် ဇန်နဝါရီလအတွင်း လက်ကျန်ပွဲစဉ်များကို ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ်(၁၈) မြန်မာအမျိုးသမီးလိဂ် ရာသီပိတ်ပွဲစဉ်များကို ၂၀၂၇ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်၊ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဝန်းရံခ



ဂျာမနီထိပ်တန်းလက်ဝှေ့သမားကာဘာယဲ ချန်ပီယံ ကာကွယ်ပွဲစဉ်ကို နယ်ဆန်ဟိုင်ဆာနှင့်ယှဉ်ပြိုင်ရန်စီစဉ်

ဘာလင် အောက်တိုဘာ ၃

ဂျာမနီထိပ်တန်းလက်ဝှေ့သမား ကာဘာယဲက ၎င်း၏ WBC ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ်ကာကွယ်ပွဲစဉ်အဖြစ် အယ်လ်ဘားနီးယားလက်ဝှေ့သမား နယ်ဆန်ဟိုင်ဆာနှင့်ယှဉ်ပြိုင်ရန်စီစဉ်ထားကြောင်း အတည်ပြုကြေညာခဲ့သည်။

WBC ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံခါးပတ်ကာကွယ်ပွဲစဉ်အဖြစ် ကာဘာယဲနှင့် နယ်ဆန်ဟိုင်ဆာတို့သည် လာမည့် နိုဝင်ဘာလ ၂၈ ရက်တွင် ဂျာမနီနိုင်ငံ ဒစ်ဆယ်ဒေါ့ဖ်မြို့၌ ယှဉ်ပြိုင်မည်ဖြစ်သည်။

ကာဘာယဲသည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်က တရုတ်လက်ဝှေ့သမား ဇီဟီလိုင်နှင့်ယှဉ်ပြိုင်ခဲ့ရာ ခြောက်ချီမြောက်တွင် အနိုင်ရရှိပြီးနောက် WBC ကမ္ဘာ့ဟဲဗီးဝိတ်တန်းတွင် အဆင့်(၁)နေရာ၌ရပ်တည်နိုင်ခဲ့သည်။ ပြီးခဲ့သည့် ဇွန်လ ၂၇ ရက်က WBC ကမ္ဘာ့ဟဲဗီးဝိတ်တန်းတွင် ချန်ပီယံခါးပတ်ကို ယူကရိန်းလက်ဝှေ့သမား အူဆက်က စွန့်လွှတ်ခဲ့သည့်အတွက် ကာဘာယဲက ချန်ပီယံဖြစ်လာခဲ့ခြင်းဖြစ်သည်။

ကာဘာယဲသည် ပရော်ဖက်ရှင်နယ်လက်ဝှေ့သမားဘဝတွင် စုစုပေါင်း ၂၇ ပွဲယှဉ်ပြိုင်ခဲ့ရာ ၂၇ ပွဲစလုံးအနိုင်ရရှိထားသူဖြစ်ပြီး အနိုင်ရရှိသည့်ပွဲစဉ်များတွင် ၁၈ ပွဲကို အလဲထိုးဖြင့် အနိုင်ရရှိခဲ့သူဖြစ်သည်။

အလားတူ နယ်ဆန်ဟိုင်ဆာသည်လည်း ပရော်ဖက်ရှင်နယ်လက်ဝှေ့သမားဘဝတွင် ၂၅ ပွဲယှဉ်ပြိုင်ခဲ့ရာ ၂၅ ပွဲစလုံးအနိုင်ရရှိထားသူဖြစ်ပြီး အနိုင်ရရှိခဲ့သည့်ပွဲစဉ်များတွင် ၂၃ ပွဲကို အလဲထိုးဖြင့် အနိုင်ရရှိထားသူဖြစ်ကြောင်း သိရသည်။

Ref;Source of Boxing

တရုတ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဂျိုကိုဗစ် ကွာတားဖိုင်နယ်အဆင့်သို့တက်ရောက်

ပေကျင်း အောက်တိုဘာ ၃

တရုတ်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် တရုတ်အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ ၁၆ ဦးရှုံးထွက်အဆင့်တွင် ဆားဘီးယားတင်းနစ်ကစားသမားဂျိုကိုဗစ်က အိမ်ရှင်တရုတ်တင်းနစ်ကစားသမား ယန်ချာအိုကီတီအား အနိုင်ရရှိပြီးနောက် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဂျိုကိုဗစ်သည် ကြံ့ခိုင်မှုပိုင်းလိုအပ်ချက်ကြောင့် အရေးပေါ်ဆေးဝါးကုသမှု လုပ်ဆောင်ခဲ့ပြီးနောက် မှသာ ပွဲစဉ်ကိုဆက်လက်ကစားပြီး ယန်ချာအိုကီတီအား အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ဂျိုကိုဗစ်အနေဖြင့် ပထမပွဲစဉ်တွင် (၄-၆) ရလဒ်ဖြင့် ရှုံးနိမ့်သော်လည်း ဒုတိယပွဲစဉ်တွင်(၇-၆)ရလဒ်ဖြင့်အနိုင်ရရှိသကဲ့သို့ အဆုံးအဖြတ်ပွဲစဉ်ဖြစ်သည့် တတိယပွဲစဉ်တွင်လည်း (၆-၂) ရလဒ်ဖြင့် အနိုင်ရရှိပြီးနောက် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ ကွာတားဖိုင်နယ်ပွဲစဉ်ကို အောက်တိုဘာလ ၄ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref;AGTP



ဇန်နဝါရီလအပြောင်းအရွှေ့ကာလတွင် စပါးအသင်းမှထွက်ခွာရန် ပက်ဒရိုပေါ်ရိုဆုံးဖြတ်

လန်ဒန် အောက်တိုဘာ ၃

စပါးအသင်း တောင်ပံကစားသမား ပက်ဒရိုပေါ်ရိုက လာမည့်ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလတွင် စပါးအသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားပြီး စပိန်လာလီဂါပြိုင်ပွဲသို့ ပြောင်းရွှေ့ရန် ပြင်ဆင်နေကြောင်း သိရသည်။

ပက်ဒရိုပေါ်ရိုအနေဖြင့် စပါးအသင်းနှင့်စာချုပ်သက်တမ်းမှာ လာမည့် ၂၀၃၁ ခုနှစ်အထိ ကျန်ရှိနေသေးသော်လည်း လာမည့်ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန်ဆုံးဖြတ်ထားပြီး ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားရန် ချိတ်ဆက်မှုများလုပ်ဆောင်နေခြင်းဖြစ်သည်။

စပါးအသင်းအနေဖြင့် ပြီးခဲ့သည့် ဘောလုံးရာသီက ရလဒ်ဆိုးများကြောင့် ဥရောပအဆင့်ပြိုင်ပွဲများနှင့် လွဲချော်ခဲ့ရသကဲ့သို့ ယခုဘောလုံးရာသီတွင်လည်း ရလဒ်ဆိုးများနှင့် ထပ်မံရုန်းကန်နေရသည့်အတွက် ပက်ဒရိုပေါ်ရိုက လာမည့် ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင်ပင် အသင်းမှထွက်ခွာရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ဘာစီလိုနာအသင်းဘက်မှ တရားဝင်ထုတ်ပြန်ထားခြင်းမရှိသေးသော်လည်း ပြီးခဲ့သည့်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလကတည်းက ပက်ဒရိုပေါ်ရိုအား ခေါ်ယူရန် သတင်းများထွက်ပေါ်ခဲ့ပြီး လာမည့်ကစားသမားအပြောင်းအရွှေ့ကာလတွင် ကမ်းလှမ်းဖွယ်ရှိနေခြင်းဖြစ်သည်။

ပက်ဒရိုပေါ်ရိုကိုယ်တိုင်ကလည်း ပြီးခဲ့သည့်ကစားသမားအပြောင်းအရွှေ့ကာလကတည်းက အသင်းမှထွက်ခွာရန် ကြိုးပမ်းခဲ့ဖူးပြီး ယခုအခါ အသင်းမှထွက်ခွာရန်အတွက်ပင် ဆုံးဖြတ်ထားကြောင်း သိရသည်။

Ref;Topskillsport UK

အာဆင်နယ်အသင်း၏အိမ်ကွင်းကို အကြီးစားအဆင့်မြှင့်တင်မှုလုပ်ဆောင်မည်

လန်ဒန် အောက်တိုဘာ ၃

အာဆင်နယ်အသင်း၏ အိမ်ကွင်း အမ်းမရိတ်အားကစားကွင်းအား အကြီးစားအဆင့်မြှင့်တင်တည်ဆောက်မည့် စီမံကိန်းကို မကြာမီလုပ်ဆောင်ရန် ပြင်ဆင်နေသည်။



လက်ရှိ အာဆင်နယ်အသင်း အိမ်ကွင်းဖြစ်သည့် အမ်းမရိတ် အားကစားကွင်းသည် ပရိသတ်ဦးရေ ၆၀၀၀၀ ဝင်ဆံ့သည့် အားကစားကွင်းဖြစ်ပြီး တခြားပြိုင်ဘက် အားကစားကွင်းများနှင့် နှိုင်းယှဉ်ပါက ပရိသတ်ဝင်ရောက်နိုင်မှုမှာ နည်းပါးနေသည့်အတွက် အာဆင်နယ်အသင်း တာဝန်ရှိသူများက အသင်းအိမ်ကွင်းကို အကြီးစားအဆင့်မြှင့်တင်တည်ဆောက်မှုများ လုပ်ဆောင်ရန် ပြင်ဆင်နေခြင်းဖြစ်သည်။

အာဆင်နယ်အသင်း ပရိသတ်များက ပြီးခဲ့သည့်နှစ်များအတွင်း အိမ်ကွင်းပွဲစဉ် လက်မှတ်ဝယ်ယူရန် တောင်းဆိုမှုများမြင့်တက်ခဲ့သည့်အတွက် အာဆင်နယ်အသင်း တာဝန်ရှိသူများက ပရိသတ်များ၏ လက်မှတ်ဝယ်လိုမှုကို အပြည့်အဝဖြည့်တင်းပေးနိုင်ရန်အားကစားကွင်းပွဲကြည့်စင်များကို အဓိကတိုးချဲ့မည်ဖြစ်ပြီး နောက်ထပ် ပရိသတ်ဦးရေ ၆၀၀၀ ကျော်ဝင်ဆံ့နိုင်ရန် တိုးချဲ့မှုများ လုပ်ဆောင်မည်ဖြစ်သည်။

နောက်ပိုင်းနှစ်များတွင် ပရီးမီးယားလိဂ်ထိပ်တန်းကလပ်အသင်းကြီးများအနေဖြင့် အသင်းအားကစားကွင်းများကို အကြီးစားအဆင့်မြှင့်တင်မှုများ လုပ်ဆောင်လျက်ရှိပြီး အာဆင်နယ်အသင်းအပြင် မန်ယူအသင်းကလည်း အိုးထရက်ဖို့ဒ် အားကစားကွင်းကို စွန့်လွှာပြီး နောက်ထပ်အားကစားကွင်းသစ်တည်ဆောက်ရန် ပြင်ဆင်နေခြင်းဖြစ်သည်။

အာဆင်နယ်အသင်းက မန်ယူအသင်းကဲ့သို့ အားကစားကွင်းသစ်တစ်ကွင်းကို ထပ်မံတည်ဆောက်မည်မဟုတ်ဘဲ ပွဲကြည့်စင်များတိုးချဲ့၍ အကြီးစားအဆင့်မြှင့်တင်မှုများလုပ်ဆောင်ရန် ပြင်ဆင်နေခြင်းဖြစ်ကာ စီမံကိန်းစတင်လုပ်ဆောင်မည်ဆိုပါက အာဆင်နယ်အသင်းအနေဖြင့် ကွင်းတစ်ကွင်းကို ၄ နှစ်ခန့်ပိတ်ထားပြီး အသုံးပြုရမည်ဖြစ်ကြောင်း သိရသည်။

Ref;Topskillsport UK

ဘာစီလိုနာအသင်းတိုက်စစ်ကစားသမား ရာဖင်ဟာ ဒဏ်ရာပြင်းထန်မှုမရှိသည့်အတွက် ဂီတာဖေးအသင်းနှင့်ပွဲစဉ်တွင် ပါဝင်နိုင်မည်

ဘာစီလိုနာ အောက်တိုဘာ ၃

ဘာစီလိုနာအသင်းက အသင်းမှ အဓိကတိုက်စစ်ကစားသမား ရာဖင်ဟာအနေဖြင့် ပေါင်ဒဏ်ရာမှာ ပြင်းထန်မှုမရှိသည့်အတွက် လာမည့်ဂီတာဖေးအသင်းနှင့်ပွဲစဉ်တွင် ပြန်လည်ပါဝင်နိုင်မည်ဖြစ်သည်။

ရာဖင်ဟာသည် နိုင်ငံတကာခြေစမ်းပွဲစဉ်များ ကစားရန်အတွက် ဘရာဇီးအသင်းနှင့်ပူးပေါင်းနေစဉ် ဘရာဇီးအသင်းနှင့် ဩစတြေးလျအသင်းတို့ကစားသည့်ပွဲစဉ်တွင် ပေါင်ဒဏ်ရာရရှိပြီးနောက် အသင်းကစားသမားစာရင်းမှနုတ်ထွက်ပြီး ဘာစီလိုနာအသင်းနှင့်ပြန်လည်ပူးပေါင်းခဲ့ခြင်းဖြစ်သည်။

ရာဖင်ဟာအနေဖြင့် ဘာစီလိုနာအသင်းနှင့်ပြန်လည်ပူးပေါင်းခဲ့ပြီးနောက် ပေါင်ဒဏ်ရာနှင့်ပတ်သက်ပြီး အသေးစိတ်ဆေးစစ်မှုများလုပ်ဆောင်ရာတွင် ဒဏ်ရာမှာပြင်းထန်မှုမရှိသည့်အတွက် ရက်အနည်းငယ်သာအနားယူရမည်ဖြစ်သောကြောင့် ဂီတာဖေးအသင်းနှင့်ကစားမည့်ပွဲစဉ်တွင် ပြန်လည်ပါဝင်နိုင်မည်ဟု ဘာစီလိုနာအသင်းက အတည်ပြုခဲ့ခြင်းဖြစ်သည်။

ရာဖင်ဟာသည် ယခုဘောလုံးရာသီတွင် ဘာစီလိုနာအသင်း၌ အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူထားပြီး အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြလျက်ရှိနေသူဖြစ်ကာ ပြိုင်ပွဲစုံရှစ်ပွဲကစားပြီး ချိန်တွင် ၁၄ ဂိုး သွင်းယူထားပြီး ဂိုးဖန်တီးမှုသုံးကြိမ်ပြုလုပ်နိုင်ခဲ့သည်။ ရာဖင်ဟာသည် စပိန်လာလီဂါပြိုင်ပွဲတွင်လည်း ခုနစ်ပွဲကစားပြီးချိန်တွင် ၁၂ ဂိုးသွင်းယူနိုင်ကာ သွင်းဂိုးအများဆုံးကစားသမားစာရင်း၌ ထိပ်ဆုံးမှ ဦးဆောင်နေကြောင်း သိရသည်။

Ref;Fabrizio Romano

လေဖြတ်ခြင်းကိုဖြစ်ပေါ်စေသည့်အကြောင်းအရာများ

ဒေါက်တာလွင်သန့်

ကမ္ဘာပေါ်ရှိ လူခြောက်ဦးတွင် တစ်ဦးသည် တစ်ချိန်တည်း၌ လေဖြတ်ခြင်းဖြစ်နိုင်ပြီး အချိန်ခြောက်စက္ကန့်တိုင်းတွင် လေဖြတ်ခြင်းဖြင့် လူတစ်ဦးသေဆုံးလျက်ရှိသည်။ အသက်အရွယ်မရွေး၊ ကျား၊ မ မရွေး လေဖြတ်နိုင်ကာ ကမ္ဘာပေါ်ရှိ လူဦးရေ ၁၅ သန်းခန့် လေဖြတ်ခြင်းကို ခံစားနေရပြီး ယင်းတို့အနက် လူဦးရေခြောက်သန်းခန့် အသက်ဆုံးရှုံးနေရသည်။ လေဖြတ်ခြင်းသည် ဦးနှောက်သို့ သွေးသွားလာမှုရပ်ဆိုင်းသွားခြင်းကြောင့်ဖြစ်ပြီး အရေးပေါ်ကုသရန် လိုအပ်သည်။

ဦးနှောက်သည် ယင်း၏လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လုံလောက်သော သွေးပုံမှန်ရရှိရန်လိုအပ်သည်။ ဦးနှောက်၏အစိတ်အပိုင်းများသည် လုံလောက်သောသွေးပမာဏမရရှိပါက ယင်းအစိတ်အပိုင်းမှထိန်းချုပ်သည့် ခန္ဓာကိုယ်၏ တခြားလုပ်ငန်းဆောင်တာများ ရပ်ဆိုင်းသွားသဖြင့် လေဖြတ်ခြင်းလက္ခဏာများ ဖြစ်ပေါ်စေသည်။ အဓိကအားဖြင့် လေဖြတ်ခြင်းအမျိုးအစားနှစ်မျိုးရှိသည်။

ဦးနှောက်အတွင်းရှိသွေးကြောပိတ်၍ သွေးကြောငယ်များပိတ်ခြင်း၊ နှလုံးသွေးနှင့်သွေးလွှတ်ကြောများတွင် သွေးခဲငယ်များ လာရောက်ပိတ်ဆို့ခြင်းနှင့် ဦးနှောက်အတွင်း သွေးကြောပေါက်၍ လေဖြတ်ခြင်းတို့ဖြစ်သည်။

လေဖြတ်ခြင်းကိုဖြစ်ပေါ်စေသည့် အကြောင်းအရာများမှာ ပြုပြင်ပြောင်းလဲမှုမရသောအကြောင်းရင်းများ– အသက်ကြီးလာခြင်း၊ မိဘများမှုံးရိုးတွင် လေဖြတ်ဖူးခြင်း၊ နှလုံးရောဂါရှိခြင်းနှင့် ယခင်က လေဖြတ်၊ လေဖြန်း၊ နှလုံးသွေးကြောပိတ်ဖူးခြင်းတို့ဖြစ်သည်။

ထို့ပြင် သွေးတိုးရောဂါရှိခြင်း၊ နှလုံးရောဂါရှိခြင်း၊ နှလုံးခုန်နှုန်းမမှန်ခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ လည်ပင်းရှိသွေးကြောမကြီးထူခြင်း၊ ကျဉ်းခြင်း၊ ဆေးလိပ်သောက်ခြင်း၊ အဝလွန်ခြင်း၊ သွေးတွင်းအဆီဓာတ်များခြင်း၊ ဆီးချိုသွေးချိုရှိခြင်း၊ အရက်အလွန်အကျွံသောက်ခြင်း၊ ခန္ဓာကိုယ်လှုပ်ရှားမှုနည်းခြင်းနှင့် စိတ်ဖိစီးမှုများခြင်းတို့ဖြစ်သည်။

လေမဖြတ်မီ ကြိုတင်သတိပေးသည့်လက္ခဏာများရှိသည်။ ဦးနှောက်အတွင်း သွေးသွားလာမှုခေတ္တရပ်ဆိုင်းသွားသောအခါ လေဖြတ်မည့်အရိပ်အယောင်လက္ခဏာများ ပေါ်လာသည်။ ယင်းလက္ခဏာသည် မိနစ်အနည်းငယ်မှကြာမြင့်၍ သွေးသွားလာမှုပုံမှန်ဖြစ်ပါက ချက်ချင်းပျောက်သွားလေ့ရှိသည်။ ထိုကဲ့သို့ဖြစ်နေစဉ်အတွင်း စနစ်တကျဆေးကုသမှုမခံယူပါက လေဖြတ်ခြင်းအဆင့်သို့ ရောက်ရှိနိုင်သည်။ ယင်းလက္ခဏာများမှာ မျက်နှာ၊ လက်၊ ခြေတစ်ဖက် ရုတ်တရက်ထုံကျဉ်လေးလံခြင်း၊ ရုတ်တရက်စကားပြောမရခြင်း၊ ပြောသောစကားနားမလည်ခြင်း၊ စကားဗလုံးဗထွေးပြောခြင်း၊ ရုတ်တရက်အမြင်အာရုံဝေဝါးခြင်း၊ နှစ်ထပ်မြင်ခြင်း၊ ရုတ်တရက်လမ်းမလျှောက်နိုင်ခြင်း၊ ဒယိမ်းဒယိုင်ဖြစ်ခြင်း၊ ရုတ်တရက်မူးဝေခြင်း၊ ရုတ်တရက်ပြင်းထန်စွာခေါင်းကိုက်ခြင်းတို့ဖြစ်သည်။

သွေးသွားလာမှုရပ်ဆိုင်းသည့် ဦးနှောက်၏နေရာပေါ် မူတည်၍ ရောဂါလက္ခဏာအမျိုးမျိုးကွဲပြားနိုင်သည်။ မျက်နှာ၊ လက်၊ ခြေတစ်ဖက် ထုံကျဉ်လေးလံခြင်း၊ လုံးဝမလှုပ်ရှားနိုင်ခြင်း၊ စကားပြောဆိုရာတွင် အခက်အခဲရှိခြင်း၊ အစာ၊ ရေ မျိုရခက်ခဲခြင်း၊ ဆီးဝမ်းမထိန်းနိုင်ခြင်း၊ ထိတွေ့မှုအာရုံပျက်ယွင်းခြင်း၊ အမြင်အာရုံဆို့ယွင်းခြင်း၊ မှတ်ဉာဏ်ဆို့ယွင်းခြင်း၊ အာရုံစူးစိုက်မှုအားနည်းခြင်း၊ စိတ်မထိန်းချုပ်နိုင်ခြင်း၊ သတိလစ်မေ့မြောခြင်းနှင့် တက်ခြင်းတို့ဖြစ်ပွားနိုင်သည်။

လေဖြတ်နိုင်ခြေသည် အမျိုးသားများ၌ပိုများသည်။ အမျိုးသမီးများတွင် လေဖြတ်လျှင် သေဆုံးနိုင်ခြေပိုများသည်။ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ဆေးစင်တာ၏ ခန့်မှန်းချက်အရ အမျိုးသမီးငါးယောက်တွင် တစ်ယောက်လေဖြတ်နိုင်ခြေရှိသည်။ အမျိုးသမီးများဘဝတစ်လျှောက်လုံး ခံစားရနိုင်ခြေပိုမိုမြင့်မားရသည့်အကြောင်းရင်းမှာ အမျိုးသားများထက် သက်တမ်းပိုရှည်ခြင်းကြောင့်ဖြစ်သည်။ အမျိုးသမီးများတွင် ကိုယ်ဝန်ဆောင်ခြင်းနှင့် သားဆက်ခြားဆေးသုံးစွဲခြင်းကဲ့သို့ အန္တရာယ်ရှိသောအချက်များကြောင့်လည်း လေဖြတ်နိုင်သည်။

အမျိုးသမီးများတွင် လေဖြတ်ခြင်း၏ လက္ခဏာများက ပို၍သိသာလေ ကာကွယ်ရန် ပို၍လွယ်ကူလေဖြစ်သည်။ မြန်မြန်ဆန်ဆန်ကုသမှု ခံယူခြင်းက မြန်မြန်ဆန်ဆန်သက်သာလာစေမည်ဖြစ်သည်။

မိမိကိုယ်တိုင် သို့မဟုတ် မိမိအနားမှတစ်စုံတစ်ဦး လေဖြတ်ပါက အောက်ပါအတိုင်း ဆောင်ရွက်သင့်သည်။

မျက်နှာ။ လေဖြတ်နေသည်ဟု သံသယရှိသူကို ပြုံးပြစေပြီး မျက်နှာအပြောင်းအလဲကို ကြည့်ရှုသင့်သည်။

လက်မောင်း။ သူ၏လက်နှစ်ဖက်စလုံးကို မြှောက်စေပြီး လက်တစ်ဖက်က အောက်ကိုတွဲကျခြင်းရှိ၊ မရှိ စစ်ဆေးသင့်သည်။

စကား။ ရိုးရှင်းသည့်စကားစုတစ်ရပ်ကို ပြောစေသင့်သည်။ စကားပြောဆိုမှု မပီမသဖြစ်နေသလားခွဲခြားကြည့်ပါ။

အဆိုပါလက္ခဏာများထဲမှ တစ်ခုခုကို သတိထားမိပါက အရေးပေါ်ဆေးကုသမှုခံယူသင့်သည်။

လေဖြတ်ခြင်းနှင့်ပတ်သက်ပါက မိနစ်တိုင်းအရေးကြီးသည်။ အချိန်ကြာကြာစောင့်ဆိုင်းလေ လေဖြတ်သောကြောင့် ဦးနှောက်ပျက်စီးခြင်း သို့မဟုတ် မသန်မစွမ်းဖြစ်နိုင်ခြေ ပိုများလေဖြစ်သည်။

တစ်စုံတစ်ဦး လေဖြတ်ခြင်းလက္ခဏာကိုခံစားရပါက အချိန်နှင့်တစ်ပြေးညီ အလျင်အမြန်ကုသမှုခံယူရန် အရေးကြီးသည်။ ရောဂါလက္ခဏာများ မိနစ်ပိုင်းအတွင်း သက်သာသွားသည့်တိုင် နီးစပ်ရာဆေးရုံ၊ ဆေးခန်းသို့ ပြသရန်လိုအပ်သည်။ သို့မှသာ အကြီးစားလေဖြတ်ခြင်းမှ ကာကွယ်နိုင်မည်ဖြစ်သည်။

လေဖြတ်သောလူနာများသည် သင့်တင့်လျောက်ပတ်သောရေရှည်ပြုစုစောင့်ရှောက်မှုလိုအပ်သည်။ လေဖြတ်သူများ၏ ခန္ဓာကိုယ်ပြန်လည်သန်စွမ်းရေးအတွက် ကိုယ်ကာယပြန်လည်လေ့ကျင့်ပေးရေးသည် အလွန်အရေးပါသည်။ ယင်းကဲ့သို့လေ့ကျင့်ခြင်းကို လေဖြတ်ပြီး၍ခြင်း စတင်ပါက လူနာအတွက် များစွာအကျိုးရှိပြီး တိုးတက်မှုလည်းမြန်ဆန်စေသည်။

လေဖြတ်သူများ၏ စိတ်ပိုင်းဆိုင်ရာနှင့် ဘဝအရည်အသွေးမြင့်မားစေရန် မိသားစု၊ မိတ်ဆွေနှင့် ကျန်းမာရေးဝန်ထမ်းများ၏ အားပေးကူညီမှု အမြဲရရှိရန်လိုသည်။ လေဖြတ်ခြင်းတစ်ကြိမ်ဖြစ်ဖူးသောလူနာသည် မဖြစ်ဖူးသောသာမန်လူနှင့်ယှဉ်ပါက နောက်တစ်ကြိမ်လေဖြတ်

“သွေးသွားလာမှုရပ်ဆိုင်းသည့် ဦးနှောက်၏နေရာပေါ်မူတည်၍ ရောဂါလက္ခဏာအမျိုးမျိုး ကွဲပြားနိုင်သည်။ မျက်နှာ၊ လက်၊ ခြေတစ်ဖက် ထုံကျဉ်လေးလံခြင်း၊ လုံးဝမလှုပ်ရှားနိုင်ခြင်း၊ စကားပြောဆိုရာတွင် အခက်အခဲရှိခြင်း၊ အစာ၊ ရေ မျိုရခက်ခဲခြင်း၊ ဆီးဝမ်းမထိန်းနိုင်ခြင်း၊ ထိတွေ့မှုအာရုံပျက်ယွင်းခြင်း၊ အမြင်အာရုံဆို့ယွင်းခြင်း၊ မှတ်ဉာဏ်ဆို့ယွင်းခြင်း၊ အာရုံစူးစိုက်မှုအားနည်းခြင်း၊ စိတ်မထိန်းချုပ်နိုင်ခြင်း၊ သတိလစ်မေ့မြောခြင်းနှင့် တက်ခြင်းတို့ဖြစ်ပွားနိုင်သည်...”

ရန် အခွင့်အလမ်းပိုများသည်။ သို့ဖြစ်၍ ၎င်းလူနာများအနေဖြင့် လေဖြတ်စေနိုင်သောအကြောင်းရင်းများကို ထိရောက်စွာကုသနိုင်ရန် ကျန်းမာရေးအသိနှင့်ယှဉ်ကာ နေထိုင်မှုစနစ်တို့ကို လိုက်နာရန်၊ တတ်ကျွမ်းနားလည်သော ကျန်းမာရေးဝန်ထမ်းများ၏ ပံ့မှန်စောင့်ရှောက်မှုခံယူရန် အရေးကြီးသည်။ နောက်တစ်ကြိမ် လေထပ်မဖြတ်စေရန် ကာကွယ်မှုများ ပြုလုပ်သင့်သည်။ လေဖြတ်ခြင်းကိုဖြစ်စေသော အကြောင်းရင်းများကို သိရှိထားခြင်း၊ ရောဂါကာကွယ်ခြင်း၊ ကျန်းမာစွာနေထိုင်ခြင်းတို့ ပြုလုပ်ရန်လိုအပ်သည်။

လေဖြတ်ခြင်းကို ကြိုတင်ကာကွယ်နိုင်ရန် လေဖြတ်နိုင်ခြေ ရှိ၊ မရှိ ဆန်းစစ်သင့်သည်။ တစ်ပတ်လျှင် အနည်းဆုံးငါးရက် တစ်ကြိမ်လျှင် တစ်နာရီကြာ လေ့ကျင့်ခန်းပြုလုပ်သင့်သည်။ ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာများ စားသုံးခြင်းကြောင့် အဝလွန်ခြင်း၊ သွေးတိုးခြင်း၊ သွေးချိုဆီးချိုဖြစ်ခြင်းတို့ကို ကာကွယ်နိုင်သည်။ အရက်အလွန်အကျွံသောက်ခြင်းနှင့် ဆေးလိပ်သောက်ခြင်းတို့ကို ရှောင်ကြဉ်သင့်သည်။ လေဖြတ်ခြင်း၏ ရှေ့ပြေးလက္ခဏာများကိုသိရှိရန် လေ့လာပြီး လေမဖြတ်မီ ကြိုတင်သတိပေးသည့်လက္ခဏာများကိုသိရှိပါက ဆောလျင်စွာ ဆေးကုသမှုခံယူကာ လေဖြတ်ခြင်းမှကင်းဝေးစေရန် ကျန်းမာရေးသုတအဖြစ် ရေးသားတင်ပြလိုက်ရပါသည်။

ဆီးချိုရောဂါ အသိပညာပေး ဟောပြောပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၃

မြန်မာနိုင်ငံ ဆီးချိုသွေးချိုရောဂါအသင်း(MMDA)နှင့် မြန်မာနိုင်ငံဆီးချိုနှင့်ဟော်မုန်းရောဂါအထူးကုဆရာဝန်များအသင်း(MSEM)တို့နှင့် အတူ Giant Wave Co.,Ltd. တို့ပူးပေါင်း၍ ဆီးချိုရောဂါအသိပညာပေးဟောပြောပွဲကို မြောက်ဥက္ကလာပမြို့နယ် သုခမ္မာလမ်းရှိ ဥက္ကလာဆေးရုံကြီး၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ဆီးချိုရောဂါနှင့် အစားအစာအာဟာရဆိုင်ရာ ကျန်းမာရေးဗဟုသုတများကို ပါမောက္ခဒေါက်တာသိန်းမြင့်၊ ပါမောက္ခဒေါက်တာဝင်းဝင်းမြင့်၊ တွဲဖက်ပါမောက္ခ ဒေါက်တာအေးစိုးထွန်းနှင့် ဒေါက်တာကြာညိုစိုးမြင့်တို့က ဆွေးနွေးဟောပြောမည်ဖြစ်သည်။

ယင်းဟောပြောပွဲကို အောက်တိုဘာလ ၁၁ ရက်တွင် ကျင်းပမည်ဖြစ်ပြီး တက်ရောက်လိုသူများအနေဖြင့် ဖုန်း-၀၉-၇၆၅၄၈၅၅၆၂ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ဟောပြောပွဲတက်ရောက်သူများအတွက် Lucky Draw အဖြစ် Medical Check-up Coupon များလည်း မဲဖောက်ပေးမည်ဖြစ်ကြောင်း သိရသည်။**ဝန်းရံခ**

ညောင်ရွှေမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းဆွေးနွေး

ညောင်ရွှေ အောက်တိုဘာ ၃

ကျောင်းသား၊ ကျောင်းသူများ စကားပြောစွမ်းရည်မြင့်မားလာစေရန်ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ပူးပေါင်းပြီး လူငယ်စကားဝိုင်းဆွေးနွေးပွဲကို အောက်တိုဘာလ ၂ ရက်က ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



ရှေးဦးစွာ တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ရတီမျိုးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနေမျိုးသူရိန်က လူငယ်စကားဝိုင်းဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်အား အားကစားနှင့် ကာယပညာဦးစီးဌာန တာဝန်ခံ ဦးခွဲခြားမောင်က ကျောင်းအတွက် အားကစားပစ္စည်းများ ပေးအပ်ရာ တာဝန်ခံကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

ထို့နောက် Grade-7 နှင့် Grade-11 ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့်မူးယစ်ဆေးဝါး အန္တရာယ်၊ လူငယ်နှင့်ခေါင်းဆောင်ကောင်း၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်ဥာဏ်ရည်တုနည်းပညာ (AI)ခေါင်းစဉ်များဖြင့် ဦးဆောင်ဆွေးနွေးကြပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ ဦးဆောင်ဆွေးနွေးသူများက ကဏ္ဍအလိုက် ပြန်လည်ဖြေကြားပေးကြကြောင်း သိရသည်။ **စိုင်းအယ်ဘဲ**

အင်းဝရွေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဇုန်အတွင်း မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရားစေတီပုထိုးများ၊ သာသနိက အဆောက်အအုံများ၊ ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



မန္တလေး အောက်တိုဘာ ၃

မန္တလေးတိုင်းဒေသကြီးတံတားဦးခရိုင် အင်းဝရွေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဇုန်အတွင်း မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရားစေတီပုထိုးများ၊ သာသနိက အဆောက်အအုံများ၊ ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများနှင့် ရှေးဟောင်းမြို့ရိုး ပြန်လည်ဖော်ထုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အင်းဝမြို့ဟောင်း စည်တိုပုံမြို့ရိုး (အနောက်တောင်ထောင့်မှ ရန်နှိမ်တံခါးပေါက်အထိ) Phase I ပြန်လည်ဖော်ထုတ်ခြင်းလုပ်ငန်းနှင့် အတွင်းနန်းတော် တံခါးနီတံခါးပေါက်နေရာ တူးဖော်သုတေသနပြုလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ထို့အတူ အင်းဝရွေးဟောင်း သုတေသနပြတိုက်ရှိ ပြခန်းနှင့် ပြသထားသည့် ပစ္စည်းများကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ဆက်လက်၍ အင်းဝမြို့ဟောင်းရှိ လောကသရဖူဘုရားကြီးတွင် မန္တလေးငလျင်ကြီးကြောင့် ဖြစ်ပေါ်ခဲ့သည့် ထိခိုက်ပျက်စီးမှုများကို ပြန်လည်ပြုပြင် မွမ်းမံနေမှုကို ကြည့်ရှုစစ်ဆေးပြီး အလှူငွေများ လှူဒါန်းသည်။

လောကသရဖူရုပ်ပွားတော်ကြီးသည် တစ်တုံးတည်းသော စကျင်ကျောက်သားကြီးကို မြေအောက်တစ်ဝက်၊ မြေပေါ်တစ်ဝက်စိုက်ထူထဆစ်ပူဇော်ခဲ့ခြင်းဖြစ်ပြီး ဥဇော်တော်အမြင့်မှာ ၁၈ တောင် ၁ မိုက်၊ တင်ပလင်ခွေတော် အကျယ် ၁၂ တောင် ၁ မိုက်ဖြစ်ကာ အလေးချိန်အားဖြင့် ၄၉၀ ဒသမ ၃၆ တန် ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် တံတားဦးခရိုင် တံတားဦးမြို့နယ်ရှိအခြေခံပညာနှင့် စက်မှုစိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း (တံတားဦး) ရှိ မြေ ၂ ဧကတွင် ၄က်ပျော်ပင် ၁၃၆၀ စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းစိုက်ပျိုးပေးကာ ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

အလုပ်ရုံဆွေးနွေးပွဲမှရရှိလာသည့် နားလည်မှုနှင့်စံနှုန်းများကို ဆက်လက်မျှဝေပေးကြရန်နှင့် ရရှိလာသည့်စံနမူနာကောင်းများကို အတန်းများတွင် ပြန်လည်အသုံးချ၍ အခြေခံပညာကဏ္ဍစစ်ဆေးအကဲဖြတ်သည့်စနစ် ပိုမိုကောင်းမွန်အောင် ကြိုးစားအားထုတ်ဆောင်ရွက်ကြရန်လိုအပ်

နေပြည်တော် အောက်တိုဘာ ၃

Grade-5 နှင့် Grade-9 မေးခွန်းများကို ခရိုင်အလိုက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြုစုပြီးစာမေးပွဲစစ်ဆေးကြရာတွင် ဒေသတစ်ခုနှင့် တစ်ခု မေးခွန်းအရည်အသွေးနှင့် စံနှုန်းကွာဟမှု မဖြစ်စေရေးကို အလေးထားဆောင်ရွက်ကြရန်လိုပါကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာသည့် နားလည်မှုနှင့်စံနှုန်းများကို ဆက်လက်မျှဝေပေးကြရန်နှင့် ရရှိလာသည့် စံနမူနာကောင်းများကို အတန်းများတွင် ပြန်လည်အသုံးချ၍ အခြေခံပညာကဏ္ဍစစ်ဆေးအကဲဖြတ်သည့်စနစ် ပိုမိုကောင်းမွန်အောင် ကြိုးစားအားထုတ်ဆောင်ရွက်ကြရန် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က တိုက်တွန်းပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် ရန်ကုန်ပညာရေးတက္ကသိုလ် Learning Hub တွင်ကျင်းပသည့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အခြေခံပညာမူလတန်းနှင့်အလယ်တန်းအဆင့်ပြီးမြောက်ခြင်း စာမေးပွဲဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲနှင့်အမျိုးသားပညာရည်စစ်ဆေးအကဲဖြတ်ခြင်းလမ်းညွှန်ချက်များ ရှင်းလင်းဆွေးနွေးခြင်း သင်တန်းဆင်းပွဲအခမ်းအနားတွင် ဒုတိယဝန်ကြီးက ထိုသို့တိုက်တွန်းပြောကြားခဲ့ပြီး သင်တန်းဆင်း ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်သည်။

မွန်းလွဲပိုင်းတွင် ဗဟန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၊ ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ လသာမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်၍ ကျောင်းဥပဓိရုပ် ကောင်းမွန်ရေး၊ သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားမှုအခြေအနေများနှင့် ကျောင်းစာကြည့်တိုက်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် အောက်တိုဘာ ၃

အောက်တိုဘာလ ၂ ရက် ည ၁၁ နာရီ၊ ၂၅ မိနစ်၊ ၃၂ စက္ကန့်အချိန်တွင် ဟားခါးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် မိုင် ၆၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ကလေးဝမြို့၏ အရှေ့တောင်ဘက် ၅ မိုင် ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၃.၁၅ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄.၃၆ဒီဂရီ၊ အနက် ၇၇ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၄.၄(M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **(မိုး/၈လ)**

ကျန်းမာရေးဝန်ကြီးဌာန
မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၂၀၂၆-၂၀၂၇)ခု၊ ဘဏ္ဍာရေးနှစ်တွင် မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာနအုပ်ချုပ်မှုအောက်ရှိ ခုတင် ၁၅၀၊ ခုတင် ၁၀၀၊ ခရိုင်၊ မြို့နယ်၊ တိုက်နယ်ဆေးရုံများတွင် အသုံးပြုရန်လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများနှင့် Basic Consuamble များဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါအမှတ် cutd.2.dms-mdy(2026-2027)ကို အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို သိရှိလိုပါက တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူးရုံး သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

- ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် – (၅-၁၀-၂၀၂၆)ရက်၊ တနလ်းနေ့
- ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်နေရာ – မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူးရုံး၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ။ (လမ်း ၇၀၊ ၂၇ လမ်းနှင့် ၂၈ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့)
- တင်ဒါပိတ်မည့် ရက်နှင့်အချိန် – (၁၉-၁၀-၂၀၂၆)ရက်၊ တနလ်းနေ့၊ ညနေ (၄:၃၀)နာရီ
- ဆက်သွယ်ရန်ဖုန်း – ၀၉၆၆၀၁၆၀၃၆၈

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

World Myanmar Travel and Tours Co.,Ltd. အား ဒေါ်ချိုပြုံး ၁၂/မရက(နိုင်)၀၉၁၇၁၀ မှ Managing Director အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ယခုအခါတွင် ဒေါ်ချိုပြုံးမှာ ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ဦးဥက္ကာဦး ၁၂/လမန(နိုင်)၁၄၀၀၉၉၈ မှ Managing Director အဖြစ် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဦးဥက္ကာဦးမှ World Myanmar Travel and Tours Co.,Ltd. ၏ Managing Director အဖြစ် တာဝန်ယူထမ်းဆောင်ခြင်းအပေါ် ကန့်ကွက်လိုပါက အထောက်အထားများဖြင့် (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

World Myanmar Travel and Tours

ပျောက်ဆုံးကြောင်း

ကော့ကရိတ်မြို့နယ်၊ တောင်ကြာအင်းကျေးရွာနေ သန်းထိုက်ဦး(ဘ) ဦးသန်းထွန်း ၃/ကကရ(နိုင်)၁၇၃၃၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MF 042801)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

ပျောက်ဆုံးကြောင်း

ရန်ကင်းမြို့နယ်၊ (၁၁)ရပ်ကွက်၊ ဘူတာရုံလမ်းနေ အေးအေးလွင်(ဘ) ဦးစိန်ဖေ ၁၂/ရကန(နိုင်)၀၃၅၇၀၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

မိခင်အမည်မှန်

ဘားအံမြို့နယ်၊ အထက(သံလွယ်) Grade-8 မှ မိဖုးပွင့်မေနှင်း၏မိခင်အမည်မှန်မှာ မိကေသီဝင်း ၃/ဘအန(နိုင်)၀၄၁၈၀၆ ဖြစ်ပါကြောင်း။

မိကေသီဝင်း

ပျောက်ဆုံးကြောင်း

မဒ္ဒုမြင့်(ဘ)ဦးတင်အေး ၈/တတက(နိုင်) ၀၉၉၀၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၁၀၅၄၉**

ပျောက်ဆုံးကြောင်း

အေးအေးသင်း(ဘ)ဦးသာဟိန်း ၁၀/ခဆန(နိုင်)၀၉၅၇၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 363282)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၅**

မိခင်အမည်မှန်

ဘားအံမြို့၊ အထက(ခွဲ)ကော့ကဒါ၊ Grade-7 မှ စောမျိုးသန်းထွဋ်အောင်၏မိခင်အမည်မှန်မှာ ဒေါ်နန်းပြိုး ၃/ဘအန(နိုင်)၂၃၅၈၇၉ ဖြစ်ပါကြောင်း။

ဒေါ်နန်းပြိုး

အလိမ်မာစာမှာရှိ

ဖခင်အမည်မှန်

နတ်မောက်မြို့၊ အ.ထ.က(၂) Grade-10 မှ မရွှန်းလဲ့ထွန်း၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင် ၈/နမန(နိုင်)၁၅၄၁၅ ဖြစ်ပါကြောင်း။

ဦးမောင်မောင်

ပျောက်ဆုံးကြောင်း

မသဘာဝင်း(ဘ)ဦးညွှန့်ဝင်း ၁၂/ကမတ(နိုင်) ၀၇၃၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MG 725961)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၈၃၆၉၄၅၅**

ပျောက်ဆုံးကြောင်း

ဟေမာန်ဝင်းအောင်(ဘ)ဦးဝင်းအောင် ၉/အမဇ(နိုင်)၀၆၄၉၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၅၉၃၂၁၇၄**

ပျောက်ဆုံးကြောင်း

စန်းစန်းအေး(ဘ)ဦးဝင်းလှိုင် ၅/ဘတလ(နိုင်)၀၉၈၈၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 743776)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ အ.ထ.က ကလွိကျောင်း၊ Grade-5 ၌ ပညာသင်ကြားနေသော မလွှေရတီချမ်း၏ဖခင်အမည်မှန်မှာ မင်းဗညားချမ်း ၁၀/ခဆန(နိုင်)၁၃၄၂၆၂ ဖြစ်ပါကြောင်း။

မင်းဗညားချမ်း

မွေးသက္ကရာဇ်အမှန်

လယ်ဝေးမြို့၊ အ.လ.က(ခွဲ)မြို့မ၊ Grade-9 မှ မစန္ဒီမင်းပိုင်(ဘ)ဦးကျော်ကျော်ဇင်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၂-၇-၂၀၁၁ ဖြစ်ပါကြောင်း။

၁၂-၇-၂၀၁၁

မွေးသက္ကရာဇ်အမှန်

နေပြည်တော်၊ ဒဂုံဇာသီရိမြို့နယ်၊ အ.ထ.က(၁၉) ကျောင်း Grade-11 တွင် ပညာသင်ကြားနေသော အဘ ဦးလှဆန်းဦး ၉/ပမန(နိုင်)၁၅၁၀၈၁ ၏သား မောင်ဖြိုးဝေယံလင်း၏ မွေးသက္ကရာဇ်အမှန်မှာ ၂၆-၁၁-၂၀၀၉ ဖြစ်ပါကြောင်း။ **၂၆-၁၁-၂၀၀၉**

ပျောက်ဆုံးကြောင်း

ဟိန်းဝင်းထွဋ်(ဘ)ဦးဆန်းဝင်းဦး ၅/ခဥန(နိုင်)၁၆၁၀၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၅၀၆၆၉၇၄၅**

ပျောက်ဆုံးကြောင်း

မင်းစောဦး(ဘ)ဦးကိုကိုကြီး ၉/တတဥ(နိုင်) ၁၁၇၃၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၆၆၅၅၁၉၁၀**

ပျောက်ဆုံးကြောင်း

ခင်မမ(ဘ)ဦးသာဂျမ်း ၁၂/ကတတ(နိုင်) ၀၆၅၀၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၀၆၆၀၁၉၁၀**

ပျောက်ဆုံးကြောင်း

သန့်ဇင်အောင်(ဘ)ဦးဇော်လင်းအောင် ၃/မတတ(နိုင်)၁၀၂၄၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၃၂၁၃၃၇**

ဘိလပ်မြေစက်ရုံ(တန်–၄၀၀၀) မြို့ငကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်–၁၂၀၀) ပြည်ညောင်တို့မှ
ထုတ်လုပ်သော **ကြံ့၊ ဆင်နှစ်ကောင်၊ Blue Diamond** နှင့် **မြင်းပျံ** အမှတ်တံဆိပ် ဘိလပ်မြေများအား

စက်ရုံနှင့် အရောင်းကိုယ်စားလှယ်များထံမှ
စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။



ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၄၄၉ ၂၅၂ ၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၃၀၄၊
၀၉ - ၇၇၇ ၀၀၄ ၀၉၇

ဘိလပ်မြေစက်ရုံ (တန်-၁၂၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၇၇၇ ၀၀၄ ၃၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၆၇၀



အင်္ဂလန်နိုင်ငံ International Brewing Awards၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

'၃ဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'

ပင်ရင်းအရောင်း - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

အင်ဂါးခွ သကြားစက်မှုထုတ်လုပ်သည်

အင်ဂါးခွ









INNGAGWA

White Sugar

EXPORT QUALITY

09-691540716 inngagwasugarmail2018@gmail.com FDANo,85/21337/ဆလ

တောင်သူစိုက်ပျိုး စီးပွားတိုးဖို့ ပြည်တွင်းသကြားကို အားပေးစို့

ပဒုမ္မာဆပ်ပြာ

ရေမွှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'

ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်မြို့နယ်)မှ ဓာတ်မှုန်စက်ကြိုးများဖြင့်
အရည်အသွေးပြည့်ဝစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊
ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်ဝယ်၊
လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...

၀၉ ၇၈၁ ၈၄၈ ၆၉၉၊ ၀၉ ၇၉၃ ၇၃၂ ၆၁၆



❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။



အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာပိုက်ကျော်ခြင်းအသင်းမှ တတိယကြေးတံဆိပ်ဆုကို ထပ်မံဆွတ်ခူးရရှိခဲ့ပြီး နိုင်ငံအလိုက် အဆင့်(၂၃)တွင်ရပ်တည်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၃

၇၀နှစ်နိုင်ငံ Aichi-Nagoya ၌ ကျင်းပလျက်ရှိသည့် အကြိမ်(၂၀) မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာပိုက်ကျော်ခြင်းအသင်းမှ အုပ်ချုပ်သူနှစ်ဦး၊ နည်းပြနှစ်ဦး နှင့် အမျိုးသားအားကစားသမား ၁၁ဦး၊ အမျိုးသမီးအားကစားသမား သုံးဦး စုစုပေါင်း အင်အား ၁၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အမျိုးသား လေးယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းမှ အားကစားသမားများ ဖြစ်ကြသည့် ဇော်မင်းခန့်၊ ရှိန်းဝဏ္ဏ ဇော်၊ **စာမျက်နှာ ၂၀ ကော်လံ ၂** ■

လေးမျက်နှာမြို့နယ်၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့နယ်၊ ကျုံပျော်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရေပြန်လည်ကျဆင်းသွားသည့် မြို့၊ ရွာ၊ ရပ်ကွက်များ၌ တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား ဖယ်ရှားရှင်းလင်း

စာ - ၁၅ သို့

တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစား



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုိင်း တပ်မတော်(ကြည်း၊ ရေ၊ လေ)အမျိုးသားဘော်လီဘောပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ယှဉ်ပြိုင်ကစားစဉ်။

နေပြည်တော် အောက်တိုဘာ ၃

၂၀၂၆ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းမှစတင်၍ သက်ဆိုင်ရာအားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်း/ရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

၂၀၂၆ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၁ ရက် နေ့လယ်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိတပ်မတော်အားကစားရုံ(A)၌ **စာမျက်နှာ ၁၆ ကော်လံ ၆** ▲

ကမ္ဘာ့ဖလားနဂါးလေ့လော်ပြိုင်ပွဲနှင့် ကမ္ဘာ့ချန်ပီယံရှစ် လက်ရည်စစ်ပြိုင်ပွဲများတွင် မြန်မာ့လက်ရွေးစင်လေ့လော်အသင်း ငွေတံဆိပ်ငါးခုနှင့် ကြေးတံဆိပ်လေးခု ဆွတ်ခူးရရှိ



ရန်ကုန် အောက်တိုဘာ ၃

၂၀၂၆ ခုနှစ် စက်တင်ဘာလ ၃၀ ရက်မှ အောက်တိုဘာလ ၃ ရက်အထိ တရုတ်နိုင်ငံ ဟန်ကျိုးမြို့၌ ကျင်းပပြီးစီးခဲ့သည့် (World Cup) ကမ္ဘာ့ချန်ပီယံရှစ် နဂါးလေ့လော်လက်ရည်စစ်ပြိုင်ပွဲသို့ မြန်မာ့လက်ရွေးစင်လေ့လော်အားကစားအသင်းသည်မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ စက်တင်ဘာလ ၃၀ ရက်တွင် ကျင်းပသည့် အမျိုးသားအလွတ်တန်း **စာမျက်နှာ ၂၀ ကော်လံ ၂** ○

စက်တင်ဘာလ ၂၁ ရက်မှ ၂၂ ရက်အထိ နေပြည်တော်၌ ကျင်းပခဲ့သည့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်၏ ဆန်နှင့် ဆန်ထွက်ပစ္စည်းများ၊ ဆန်စပါးအခြေခံထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ရောင်းချရေး လုပ်ငန်းစီမံချက်(၂၀၂၆-၂၀၃၀) စာတမ်းကောက်နုတ်ချက်

စာ - ၈ သို့

MFF ယူ-၁၉ ဖူဆယ်လိဂ်ပြိုင်ပွဲတွင် MIU အသင်းနှင့် ULAD အသင်းတို့ ပြိုင်ဘက်အသင်းများအား ဂိုးပြတ်သွင်းအနိုင်ယူ

ရန်ကုန် အောက်တိုဘာ ၃

အားကစားရေးရာဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးကော်မတီမှ ကျင်းပသည့် MFF ယူ-၁၉ ဖူဆယ်လိဂ်ပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်(၁၂) ပြိုင်ပွဲများကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သဃ်ိန်းကျွန်းမြို့နယ်ရှိ **စာမျက်နှာ ၂၀ ကော်လံ ၂** ➢



အာရှဒေသစံပွဲအကြို မြန်မာယူ-၁၇ အသင်းနှင့် အိန္ဒိယယူ-၁၇ အသင်း ခြေစမ်းပွဲ အောက်တိုဘာလ ၄ ရက်တွင် ယှဉ်ပြိုင်ကစားမည်

ရန်ကုန် အောက်တိုဘာ ၃

၂၀၂၇ အာရှယူ-၁၇ ပြိုင်ပွဲဒေသစံပွဲအကြို ပြင်ဆင်မှုအဖြစ် မြန်မာ့လက်ရွေးစင်အမျိုးသားယူ-၁၇ အသင်းသည် အိန္ဒိယအမျိုးသားယူ-၁၇ အသင်းကို ဖိတ်ခေါ်ကာ အောက်တိုဘာလ ၄ ရက် **(ယနေ့)** တွင် သန်လျင်မြို့ရှိ Star City ကွင်း (Sunset Venue)၌ ခြေစမ်းပွဲ ပထမပွဲစဉ်ကို ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **စာမျက်နှာ ၂၀ ကော်လံ ၁** ❐

